PEACEFUL CO-EXISTENCE:
**Towards Federal Union of Burma**
[Series No. 9]

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ်ဆီသို့
(စာစဉ်အမှတ် ၉)

# ပြည်ထောင်စုစစ်စစ်မူ

၁၉၆၂ ဖေဖေါ်ဝါရီလ (၂၄) ရက်နေ့တွင်
ရန်ကုန်မြို့ပြည်လမ်းအသံလွှင့်ရုံခန်းမတွင် ကျင်းပသော
ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်သွင်းသည့် "ပြည်ထောင်စုစစ်စစ် မူ" နှင့်
ပတ်သက်သည့်ဆွေးနွေးပွဲနှင့် ၁၉၆၂ မတ်လ (၁) ရက်နေ့တွင် ယင်း "မူ" အပေါ်
တုန့်ပြန်ဆွေးနွေးချက်များမှတ်တမ်း

ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း
(Lian H. Sakhong)
နှင့်
စိုင်းမော (န်)
စုဆောင်းတင်ပြသည်။

Typesetting & Design:
Sai Mawn (UNLD-LA)

With generous financial support from:
National Reconciliation Program (NRP)

UNLD Press
Chiang Mai, Thailand
2005

## မာတိကာ

ထုတ်ဝေသူ၏နိဒါန်း ............................................................................................ 5

အပိုင်း (၁)

ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော ပြည်ထောင်စုစစ်စစ်မှု

အခန်း (၁)
၁၉၆၂ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်းအသံလွှင့်ရုံ
ခမ်းမဆောင်၌ ကျင်းပသောဆွေးနွေးပွဲအစီအစဉ် .......................................... 17

အခန်း (၂)
နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏အဖွင့်မိန့်ခွန်း .................................................. 19

အခန်း (၃)
ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော "ပြည်ထောင်စုစစ်စစ်မှု"
ကို ရှမ်းပြည်နယ်ဥက္ကဋ္ဌ စဝ်ခွန်ချို့မှ တင်သွင်းခြင်း .......................................... 25

အခန်း (၄)
ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူဝါဇော်လွန်း ၏ဆွေးနွေးတင်ပြချက် ................ 33

အခန်း (၅)
ချင်းအထူးဝိသေသတိုင်းကိုယ်စားလှယ် ကပ္ပတိန်မန်းတုံးနုံး၏
ဆွေးနွေးတင်ပြချက် ................................................................................ 38

အခန်း (၆)
ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး) ၏
ဆွေးနွေးတင်ပြချက် ................................................................................ 42

အခန်း (၇)
ကယားပြည်နယ်ကိုယ်စားလှယ် ဦးစိန်၏ဆွေးနွေးတင်ပြချက် ........................ 62

အပိုင်း (၂)

ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်သွင်းသော "ပြည်ထောင်စုစစ်စစ်မူ" အပေါ် ဗမာနိုင်ငံရေးပါတီများ၏ တုန့်ပြန်ချက်များ


အခန်း (၈)

၁၉၆၂ မတ်လ (၁) ရက်နေ့တွင် ကျင်းပသောဆွေးနွေးပွဲအစီအစဉ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အဖွင့်အမှာစကား ........................................ 71

အခန်း (၉)

ပမညတဥက္ကဋ္ဌ သခင်ချစ်မောင်၏ ဆွေးနွေးတင်ပြချက် ............................. 73

အခန်း (၁၀)

ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဗဆွေ၏ ဆွေးနွေးတင်ပြချက် .......................... 103

# ထုတ်ဝေသူ၏ နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ချုပ်ဆိုခဲ့သော "ပင်လုံစာချုပ်" အပေါ်အခြေခံ၍ ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ပါသည်။ "ပင်လုံစာချုပ်" သဘောတူညီချက်များ၏အနှစ်သာရကို လေ့လာဆန်းစစ်ပါက အချက်ကြီးသုံးချက်အပေါ် အခြေခံကြောင်းတွေ့ရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ—

(၁) တန်းတူရေး

(၂) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး

(၃) ခွဲထွက်လိုက လွတ်လပ်စွာဖြင့် ပြည်ထောင်စုထံမှခွဲထွက်ခွင့်ရရှိရေး တို့ပင် ဖြစ်ပါသည်။

ပင်လုံစာချုပ်သဘောတူညီချက်များအပေါ်အခြေခံ၍ အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလမ်းညွှန်မှု (၇) ချက်ကို ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်တွင်အဆိုတင်သွင်းထောက်ခံမှု ရရှိခဲ့ပါသည်။ ထိုလမ်းညွှန်မှု (၇) ရပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံအကျဆုံးသော လမ်းညွှန်မှုပင်ဖြစ်သည်၊ ၎င်းတို့မှာ

(၁) အချုပ်အခြာအာဏာပိုင်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာအပြည့်အဝရှိသော ပြည်နယ်များဖြင့် တန်းတူရည်တူဖွဲ့စည်းသည့် ပြည်ထောင်စုဖြစ်စေရမည်။

(၃) နိုင်ငံတော်၏အာဏာများသည် ပြည်သူလူထုထံမှ ဆင်းသက်စေရမည်။

(၄) နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် လူမျိုးမရွေး၊ ဘာသာမရွေး တန်းတူညီမျှမှု ရှိစေရမည်။

(၅) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကိုအပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာစိုးမိုးရေးကို ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရမည်။

(၇) ကမ္ဘာ့နိုင်ငံများနှင့် ရင်ဘောင်တန်းလိုက်နိုင်ရန်ကြိုးစားပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ ဆက်ဆံရေးမူကို ကျင့်သုံးရမည် ဟူသောအချက်များပင်ဖြစ်ပါသည်။

ထိုအခြေခံလမ်းညွှန်မှုအတိုင်း ပြည်ထောင်စုကြီးကိုဖွဲ့စည်းခဲ့ပါက ပြည်ထောင်စုကို တန်းတူသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး၊ ထိုသို့ တန်းတူသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တိုင်းကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာအပြည့်အဝ အပ်နှင်းထားရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ — ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ အပြည့်အဝအပ်နှင်းပြီး၊ ထိုနိုင်ငံရေးအာဏာများကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်နယ်အသီးသီးအတွက် လွတ်လပ်စွာရေးဆွဲပြဋ္ဌာန်းစေရမည့်အပြင် ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားစီရင်ခွင့်နှင့် ပြည်နယ်အုပ်ချုပ်ရေးကောင်စီများကို လွတ်လပ်စွာဖွဲ့စည်းထူထောင်ခွင့် ရရှိစေရမည်ဖြစ်ပါသည်။ သို့မှသာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းထူထောင်သည့် "ပြည်ထောင်စု" ဟူသောအနှစ်သာရ ပေါ်လွင်ထင်ရှားနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များ တန်းတူညီတူပူးပေါင်း၍ ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ဦးရေတူညီသောကိုယ်စားလှယ်များကို စေလွှတ်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်သည် လူဦးရေကို ကိုယ်စားပြုခြင်းမပြုဘဲ၊ ပြည်နယ်များကို ကိုယ်စားပြုသော လွှတ်တော်ဖြစ်ပါသည်။ ထို့ကြောင့် တန်းတူသောပြည်နယ်များဖြင့် ဖွဲ့စည်းထူထောင်သည့် "ပြည်ထောင်စု" ဟူသောအနှစ်သာရကို ပေါ်လွင်ထင်ရှားစေရန် အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ရခြင်းဖြစ်ပါသည်။

သို့ရာတွင် ပြည်ထောင်စုကြီး၏ လမ်းညွှန်အခြေခံမှုများကို လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ပြည်ထောင်စုဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခြင်းခံခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရပြီးနောက် ထွက်ပေါ်လာသော ပြည်ထောင်စုကြီးသည် မူလကမျှော်မှန်းထားခဲ့သည့်အတိုင်း စစ်မှန်သော ပြည်ထောင်စုဖြစ်မလာပဲ၊ ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်တို့ကို ရော

စပ်ထားသည့် အတုအယောင်ပြည်ထောင်စုကြီး ဖြစ်လာခဲ့ရပါသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံပြီးနောက် ရေးဆွဲပြဋ္ဌာန်းခဲ့သော "၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို အောက်ပါအားနည်းချက်များ ပါရှိလာခဲ့ပါသည်။

ပထမအားနည်းချက်မှာ — ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝမပေးခဲ့ခြင်း ပင်ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၄၇ ခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ အပြည့်အဝမရှိခဲ့ရုံသာမက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း သီးခြားရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် မရရှိခဲ့ကြပေ။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံရေးအာဏာမရှိသော အမည်ခံပြည်နယ်များသာ ဖြစ်သွားခဲ့ရပါသည်။

ဒုတိယအားနည်းချက်မှာ — ပြည်ထောင်စုစနစ်အရ ပြည်ထောင်စုလွှတ်တော်၏ အထက်လွှတ်တော်သည် တန်းတူသောပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်စားပြုရမည်ဖြစ်သော်လည်း ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်များကို ကိုယ်စားပြုခြင်းမရှိပဲ ပြည်နယ်များအတွင်းရှိ လူဦးရေကို အောက်လွှတ်တော်ကဲ့သို့ ကိုယ်စားပြုစေခဲ့သော အားနည်းချက်ပင်ဖြစ်ပါသည်။ ထိုကြောင့် အထက်လွှတ်တော်တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်အရမည့်အစား လူဦးရေကိုအခြေခံ၍ စေလွှတ်ခဲ့သောကြောင့် လူဦးရေပိုများသော ဗမာတိုင်းရင်းသားလူမျိုးများက ပြည်ထောင်စုလွှတ်တော်၏ အောက်လွှတ်တော်ကိုသာမက အထက်လွှတ်တော်ကိုပါ ထိန်းချုပ်မင်းမူနိုင်စေခဲ့ပါသည်။ ယင်းသည် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်ထောင်စုစနစ်မှ သွေဖီစေခဲ့သော အားနည်းချက်များပင်ဖြစ်ပါသည်။

တတိယအားနည်းချက်မှာ — ပြည်ထောင်စုကို တန်းတူ၍ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များကိုအခြေခံ၍ ဖွဲ့စည်းရမည်ဖြစ်သော်လည်း ဗမာတိုင်းရင်းသားလူမျိုးများအတွက် သီးခြားပြည်နယ်ဖွဲ့စည်းခြင်းမပြုပဲ ဗမာပြည်နယ်၏ အာဏာနှင့် ပြည်ထောင်စုကြီး၏ အာဏာများကို ပူးတွဲချုပ်ကိုင်စေလျှက် နိုင်ငံတော်တရပ်လုံး၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအားလုံးကို ဗမာလူမျိုးများလက်ထဲသို့ လုံးဝအပ်နှံစေခဲ့ပါသည်။ ဤသို့အားဖြင့် ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများကို ဗမာလူမျိုးများ

၏ ကိုလိုနီနယ်ပယ်ဘဝသို့ ကျဆင်းစေခဲ့ရုံသာမက ဗမာလူမျိုးများအတိုင်း "ဗမာလူမျိုးဝါဒ" ထွန်းကားသွားစေရန် လမ်းဖွင့်ပေးခဲ့ပါသည်။

ထိုအားနည်းချက်ကြီးများကို ပြင်ဆင်နိုင်ရန်အတွက် ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုးများက အစဉ်တစိုက်ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ကနဦးကြိုးပမ်းမှုများကို "ပင်လုံညီလာခံ" တွင် ဖွဲ့စည်းထူထောင်ခဲ့သော "Supreme Council Of United Hill People" (SCOUHP) ဦးဆောင်ခဲ့ပြီး ၁၉၆၁ ခု ဇွန်လတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ညီလာခံတရပ် ခေါ်ယူကျင်းပနိုင်ခဲ့ပါသည်။ ထိုတောင်ကြီးညီလာခံမှ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို "ပြည်ထောင်စုစစ်စစ်မူ" ဖြင့် ပြင်ဆင်ပြဌာန်းနိုင်ရေးကို  တစိုက်မတ်မတ် ဆောင်ရွက်သွားနိုင်ရေးအတွက် "ပြည်နယ်များညီညွတ်ရေးအဖွဲ့" ကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သောပြည်ထောင်စုစနစ်ဖြင့် ပြင်ဆင်ပြဌာန်းနိုင်ရန်အတွက် ပြည်နယ်များညီညွတ်ရေးအဖွဲ့က ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ရာ၌ ပထမဆင့်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနှင့် တွေ့ဆုံဆွေးနွေးပွဲ ၁၉၆၂ ဖေဖေါ်ဝါရီလ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်းရှိ အသံလွှင့်ရုံတွင် ကျင်းပနိုင်ခဲ့ပါသည်။ ယင်းတို့ကို "ဖက်ဒရယ်နီးနှောဖလှယ်ပွဲ" (Federal Seminar) ဟု သမိုင်းတွင်ကျန်ရစ်ခဲ့ပါသည်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ တင်ပြချက်များကို ဗမာနိုင်ငံရေးပါတီများက တုန့်ပြန်ဆွေးနွေးနိုင်ရန်အတွက် နီးနှောဖလှယ်ပွဲကို အဆင့်ဆင့်ပြုလုပ်သွားရန်လည်း ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ပထမဆင့်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက "ပမညတ" နှင့် "ဖဆပလ" ခေါင်းဆောင်များကို ၁၉၆၂ ခု မတ်လ (၁) ရက်နေ့တွင်  ဖိတ်ခေါ်ပြီး ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်ပြထားသော "ပြည်ထောင်စုစစ်စစ်မူ" အပေါ် ဆွေးနွေးတုန့်ပြန်မှုများ ပြုလုပ်စေခဲ့ပါသည်။ အခြားနိုင်ငံရေးပါတီများနှင့် ဆွေးနွေးပွဲကို မတ်လ (၇) ရက်နေ့မှာ ကျင်းပရန်စီစဉ်ခဲ့သော်လည်း ထိုရက်မတိုင်ခင် ၁၉၆၂ ခု မတ်လ (၂) ရက်နေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်းက "ပြည်ထောင်စုစစ်စစ်မူသည် ပြည်ထောင်စုပြိုကွဲရေး" ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် နိုင်ငံတော်အာဏာကို စစ်တပ်ဖြင့် မတရားသိမ်းပိုက်သွားခဲ့ပါသည်။

## ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ တင်ပြချက်နှင့် ပမညတ နှင့် ဖဆပလတို့၏ တင်ပြချက်။

ပြည်နယ်များညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ စဝ်ခွန်ချို၏ တင်ပြချက်နှင့် ကချင်ပြည်နယ် ဒူဝါဇော်လွန်း၊ ချင်းဝိဒေသတိုင်းမှာ ကပ္ပတိန် မန်းတုံနူး၊ ရှမ်းပြည်နယ်မှဦးထွန်းမြင့် (တောင်ကြီး)၊ ကယားပြည်နယ်မှ ဦးစိန်တို့၏ ထောက်ခံဆွေးနွေးမှုများကို ခြုံ၍ သုံးသပ်ပါက — ပြည်နယ်များညီညွတ်ရေးအဖွဲ့က လိုလားသော "ပြည်ထောင်စုစစ်စစ်မှု" ဖြစ်လာနိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအချက် (၄) ချက်ဖြင့် ပြင်ဆင်ပြဋ္ဌာန်းရန်လိုလားကြောင်း တွေ့နိုင်ပါသည်။ ၎င်း (၄) ချက်မှာ —

(၁) ပြည်မကို ပြည်နယ်တနယ်ဖွဲ့စည်းရေး၊ (ဗမာပြည်နယ်ဖွဲ့စည်းရေး)
(၂) လွှတ်တော် (၂) ရပ်ကို အာဏာတူပေးရေး၊
(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း၊ ပြည်နယ်တိုင်း တူညီသောကိုယ်စားလှယ်ပေးရေး၊
(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင်ထားရှိရေး — တို့ပင်ဖြစ်ပါသည်။

ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ တင်ပြချက် (၄) ရပ်ကို လေ့လာသုံးသပ်ကြည့်မည်ဆိုပါက နံပါတ် (၁) အချက်ဖြစ်သော "ပြည်မကို ပြည်နယ်တနယ်ဖွဲ့စည်းရေး" (ဝါ) ဗမာပြည်နယ်ဖွဲ့စည်းရေးမှုမှအပ ကျန်သောအချက် (၃) ချက်သည် ပြည်ထောင်စုနှင့် ပြည်နယ်များဆက်ဆံရေး (Federal – States Relations) ကိုသာ ဦးတည်ပြီး၊ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေး၊ ပြည်နယ်များအား ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်စလုံး အပြည့်အဝအပ်နှင်းရေးနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားရေးဆွဲပြဋ္ဌာန်းပေးရေးဟူသော — ပြည်ထောင်စုစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် "ပြည်နယ်များ၏အခန်းကဏ္ဍပိုင်းတွင် အထူးအားနည်းခဲ့ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပမညတဥက္ကဋ္ဌ သခင်ချစ်မောင်က ဗမာပြည် ဖွဲ့စည်းရေးနှင့် ပြည် ထောင်စုနှင့် ပြည်နယ်များဆက်ဆံရေး (Federal – States Relations) ကို ဦးစားပေးရမည့်အစား ပြည်နယ်များအခွင့်အရေးရရှိရေးကို ပထမစဉ်းစားသင့်ကြောင်း ထောက်ပြခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့ရာတွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ အသံလွှင့်ရုံတင်ပြချက်တခု တည်းကို တွက်၍မကြည့်ပဲ ၁၉၆၁ ဇွန်လတွင် ကျင်းပခဲ့သော တောင်ကြီးညီလာခံ ဆုံးဖြတ်ချက်များနှင့် ဆက်စပ်ကြည့်ရှုလေ့လာပါက ပြည်နယ်များလိုလားသော "ပြည်ထောင်စုစစ်စစ်မှု" သည် ပင်လုံစာချုပ်တွင် အခြေခံ၍တိုင်းပြုပြည်ပြုလွှတ် တော်တွင် ဗိုလ်ချုပ်အောင်ဆန်းတင်သွင်းခဲ့သော "အခြေခံလမ်းညွှန်မှု"ကို အပြည့်အဝ အကောင်အထည်ဖေါ်ရန် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်ပါသည်။ တောင်ကြီးညီလာခံတွင် ပြည်နယ်များ၏ အခန်းကဏ္ဍကို သေချာစွာ ဆွေးနွေးခဲ့ကြရုံသာမက ထိုစဉ်က ပြည်နယ်မရရှိသေးသော ချင်း၊ ရခိုင် နှင့် မွန်ပြည်နယ်များဖွဲ့စည်းရေးကို တောင်းဆိုထားခဲ့ပြီးဖြစ်ကြောင်း တွေ့ရမည်ဖြစ် ပါသည်။

ဗမာနိုင်ငံရေးသမားများဖြစ်ကြသော ပမညတ ဥက္ကဋ္ဌ သခင်ချစ်မောင်နှင့် ဖဆပလ ဥက္ကဋ္ဌ ဦးဗဆွေတို့၏ တုန့်ပြန်ဆွေးနွေးချက်များကို လေ့လာသုံးသပ်ပါ က ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်ပြထားသော အချက် (၄) ချက်စလုံးကို လက်မခံနိုင်ခဲ့ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဗမာပြည်နယ်ဖွဲ့စည်း ရေးကို နှစ်ဦးစလုံးက တူးတူးခါးခါး ငြင်းဆန်ခဲ့ကြပါသည်။

ဦးဗဆွေက သူ့အနေဖြင့် ပြည်ထောင်စုစနစ်မဟုတ်ပဲ တပြည်ထောင်စုကို လိုလားနှစ်သက်ခဲ့ကြောင်း ပွင့်ပွင့်လင်းလင်းတင်ပြခဲ့ပြီး၊ ၁၉၄၇ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်ထောင်စုစစ်စစ်သာလျှင်ဖြစ်ကြောင်း ငြင်းချက်ထုတ်ခဲ့ ပါသည်။ သခင်ချစ်မောင်ကမူ "ဗဟိုဦးစီးစနစ်" ကိုကြိုက်နှစ်သက်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် ပို၍ တိုးတက်မြင့်မား သော "ပြည်မခေါင်းဆောင်များကပဲ ခေါင်းဆောင်မှုပေးပြီး ကိုယ်ကျိုးစွန့်တဲ့ အကူအညီတွေနှင့် (ပြည်နယ်များ) များဆွဲခေါ် မြှင့်တင်ပေးရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဗမာပြည်နယ်ဖွဲ့စည်းခြင်းမပြုပဲ ပြည်ထောင်စုကြီးကို ဗမာလူမျိုးများ ဗဟိုမှချုပ်ကိုင် အုပ်ချုပ်သင့်ကြောင်း တင်ပြခဲ့ရုံ သာမက ဗမာလူမျိုးများကို တရုတ်ပြည်မှ "ဟန်" လူမျိုးများနှင့်လည်းကောင်း၊ ဆိုဗီယက်ပြည်ထောင်စုမှ "ရုရှား" လူမျိုးများနှင့်လည်းကောင်း နှိုင်းယှဉ်၍ "ဗမာလူမျိုးကြီးဝါဒ" တရားကို ပညာသားပါပါဖြင့် ဟောပြောသွားခဲ့ပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာ ဦးဗဆွေရော သခင်ချစ်မောင် ပါ နှစ်ဦးစလုံးက "ပြည်ထောင်စုစစ်စစ်မှု" ကိုငြင်းဆန်ရခြင်းအကြောင်းကို တင်ပြ ရာ၌ — ဗမာမဟုတ်သောတိုင်းရင်းသားလူမျိုးများသည် နိုင်ငံရေး၊ စီးပွားရေးနှင့်

လူမှုရေးနယ်ပယ်များတွင် အဆင့်အတန်းနိမ့်ကျနေသေးသောကြောင့် ထိုလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးရေးကို ဗမာလူမျိုးများက ခေါင်းဆောင်မှုပေး၍ ဦးစီးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအခွင့်အရေးပေးခြင်းထက် ဗမာလူမျိုးများက ဗဟိုဦးစီးစနစ်ဖြင့် လက်တွဲခေါ်ဆောင်သွားခြင်းက ပို၍သင့်လျော်မည်ဖြစ်ကြောင်း တင်ပြကြခြင်းပင်ဖြစ်ပါသည်။

ယင်းသည် ရိုးသားသောတင်ပြချက်ဖြစ်မည်ဟု ယူဆမိပါသည်။ သို့သော် သေချာစွာလေ့လာဆန်းစစ်ပေးပါက စစ်မှန်သောပြည်ထောင်စုစနစ်ဖွဲ့စည်းခြင်းဖြင့် ပြည်နယ်များကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရရှိရေးကို ငြင်းဆန်ပြီး ထိုသို့ တိုင်းရင်းသားလူမျိုးများရသင့်ရထိုက်သော နိုင်ငံရေးအခွင့်အရေးများကို ရုတ်သိမ်းပြီးမှ ထိုလူမျိုးများ၏ တိုးတက်ဖွံ့ဖြိုးမှုကို ဗမာလူမျိုးများက ဗဟိုမှချုပ်ကိုင်၍ ဆောင်ရွက်ပေးမည်ဟူသော အယူအဆသည် အင်္ဂလန်နိုင်ငံ ဝိတိုရိယခေတ် (Victoria Era) တွင် အလွန်ခေတ်စားခဲ့သော "Benevolent Colonislism" ဟူသောအတွေး အခေါ်နှင့် အလွန်တူနေပါသည်။ Benevolent Colonislism ၏အလိုအရ "ဗြိတိသျှလူမျိုးများကို ကိုလိုနီနယ်များကို တိုက်ခိုက်သိမ်းပိုက်ခြင်းသည် ထိုကိုလိုနီနယ်များရှိ တိုင်းရင်းသားလူမျိုးများကို တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးခြင်သော ကြောင့်ဖြစ်သည်" ဟူသောအတွေးအခေါ်ပင်ဖြစ်ပါသည်။

လူမျိုးတမျိုး၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ရုတ်သိမ်းပြီးမှ ထိုလူမျိုးများ၏ ကံကြမ္မာကို တဖက်သတ်ဖန်တီးပေးမည် ဟူသောအယူအဆသည် ကိုလိုနီစနစ်ပင် မဟုတ်ပါလော။ လုပ်ပိုင်ခွင့်မရှိသောဘဝသည် ကျွန်ဘဝအစစ်သာ ဖြစ်ပါသည်။ ယင်းကို ကိုလိုနီခေတ်မဟုတ်ပါဟု ငြင်းဆန်နေသူများသည် မဟာလူမျိုးကြီးဝါဒကို ကိုးကွယ်သူများသာ ဖြစ်ကြ၏။ ထို့ကြောင့် ကချင်အမျိုးသားခေါင်းဆောင်ကြီး ဒူဝါဇော်လွန်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက "ဗမာလူမျိုးကြီးဝါဒ" ရှင်သန်အောင်လမ်းဖွင့်ပေးခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်ပါသည်။

သခင်ချစ်မောင်ရော ဦးဗဆွေပါ နယ်ချဲ့ကိုလိုနီစနစ်ကိုလုံးဝဆန့်ကျင်ခဲ့သော ပုဂ္ဂိုလ်ကြီးများပင် ဖြစ်ကြပါသည်။ ထို့ကြောင့်ပင် နှစ်ဦးစလုံးက ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်ပြသော "ပြည်ထောင်စုစစ်စစ်မှု" နယ်ချဲ့ပယောဂဖြစ်သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်ဟန်တူပါသည်။ သို့ရာတွင် — ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်သွင်းသောအဆို (အထူးသဖြင့် စဝ်ခွန်ချို၏တင်ပြချက်) ကို သေချာစွာလေ့လာဆန်းစစ်ပါက ပိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်အခြေခံမှု (၇) ရပ်အတိုင်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရန်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ တောင်းဆိုချက်တွင် နယ်ချဲ့ပယောဂ ပါသည်ဟုဆိုပါက သူတို့လိုလားသော ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ရပ်တွင် နယ်ချဲ့ပယောဂများ ပါဝင်နေသလောဟု မေးခွန်းထုတ်စရာ ရှိနေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်အခြေခံမှုတွင် နယ်ချဲ့ပယောဂ မပါရှိခဲ့သလို၊ ၎င်း အခြေခံမှုကိုအခြေခံ၍ ပြည်ထောင်စုကြီးကို ပြန်လည်ဖွဲ့စည်းရန်တောင်းဆိုသည့် "ပြည်ထောင်စုစစ်စစ်မှု" တွင်လည်း နယ်ချဲ့ပယောဂမပါရှိနိုင်ပေ။ ယင်းသည် နိုင်ငံရေးအကြောက်တရားများကိုဟောပြော၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ပိတ်ပင်၍သွေးထိုးလှုံ့ဆော်မှု တရပ်ပင်ဖြစ်ပါသည်။

ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်ပြသောအချက်မှာ — ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြည်နယ်များတန်းတူရည်တူပူးပေါင်းသော ပြည်ထောင်စုစနစ်ဖွဲ့စည်းရေး ပင်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုပါက ဖက်ဒရယ်စနစ်ကို အခြေခံသောပူးပေါင်းရေးပင်ဖြစ်ပါသည်။ သို့ရာတွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်ပြခဲ့သော "ဖက်ဒရယ်စနစ် (ဝါ) ပြည်ထောင်စုစစ်စစ်မှု" သည် Confederation သာဖြစ်သောကြောင့် ယင်းသည်ပြည်ထောင်စုဖြိုခွဲရေးပင်ဖြစ်ကြောင်း သခင်ချစ်မောင်က စွပ်စွဲသွားခဲ့ပါသည်။ ဖက်ဒရယ်ဟူသော စကားလုံးကိုသော်လည်းကောင်း၊ ပြည်ထောင်စုစနစ်ဟူသော စကားလုံးကိုသော်လည်းကောင်း၊ ပြည်နယ်များညီညွတ်ရေးအဖွဲ့က တိတိကျကျသုံးပါလျှက်နှင့် အဘယ်ကြောင့် Confederation ဖြစ်သည်ဟု စွပ်စွဲခဲ့သနည်း။ ဦးဗဆွေကလည်း "ပြည်ထောင်စုစစ်စစ်မှု" ကို ခွဲထွက်ရေးလမ်းစဉ်ဖြစ်ကြောင်း စွပ်စွဲခဲ့ပါသည်။ ပူးပေါင်းရေးကို ပြောကြပါလျှက်နှင့် အဘယ်ကြောင့် ခွဲထွက်ရေးသမားများဟု ဗမာမဟုတ်သော တိုင်းရင်းသားလူမျိုး များကို ကင်ပွန်းတပ်ခဲ့ကြသနည်း။ ထိုသို့သော မမှန်မကန်စွပ်စွဲချက်များ — အထူးသဖြင့် "ပြည်ထောင်စုဖြိုခွဲရေး" နှင့် "ခွဲထွက်ရေး" ဟူသော စွပ်စွဲချက်များသည် ဗိုလ်ချုပ်ကြီးနေဝင်းကဲ့သို့သော ဗမာလူမျိုးကြီးဝါဒီများကို သွေးထိုးလှုံ့ဆော်ပြီး တိုင်းပြည်အာဏာသိမ်းမှုကြီးဟူသော ရာဇဝင်ရိုင်းကားမှုများ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဖြစ်ပေါ်စေရန် လမ်းဖွင့်ပေးခဲ့ပါသည်။

ထိုကြောင့် ၁၉၆၂ မတ်လ (၂) ရက်နေ့တွင် ကျူးလွန်ခဲ့သော တော်လှန်ရေးကောင်စီ၏ နိုင်ငံတော်အာဏာသိမ်းပိုက်မှုနှင့် ယင်းနောက်ပိုင်းဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲဖြစ်သော တိုင်းပြည်အနိဋ္ဌာန်ရုံများကို မျက်မှောက်ပြုလျှက် ပြည်ထောင်စုသမိုင်းတွင် အလွန်အရေးကြီးသည့် ပြည်နယ်များညီညွတ်ရေးအဖွဲ့တင်ပြခဲ့သည့်

ပြည်ထောင်စုစစ်စစ်မှုနှင့် Federal Seminar မှဆွေးနွေးပွဲများကို ပြန်လည်လေ့လာသုံးသပ်နိုင်ရန် ထုတ်ဝေသွားအပ်ပါသည်။ ထိုဆွေးနွေးပွဲမှတ်တမ်းကို ယနေ့အထိ ပြည်တွင်းတွင် ထုတ်ဝေဖြန့်ချီခွင့်မပြုပဲ ပိတ်ပင်ထားဆဲဖြစ်ပါသည်။

ဤဆွေးနွေးချက်မှတ်တမ်းများကို လေ့လာခြင်းအားဖြင့် သမိုင်းမှန်ကိုသိရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားလူမျိုးခေါင်းဆောင်ကြီးများ ပင်လုံတွင်မျှော်မှန်းခဲ့သော တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်နိုင်မည့် "ပြည်ထောင်စုစစ်စစ်" ကို အမြန်ဆုံးတည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

လေးစားစွာဖြင့်

ဒေါက်တာ ဆလိုင်းလျန်မှုန်း (ူငည်ေ ၏ ငွေသညါ)

ထုတ်ဝေသူ နှင့် အယ်ဒီတာ

"ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဝါဒမှသည် စစ်မှန်သောပြည်ထောင်စုစနစ် ဆီသို့"

ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ (၁၅) ရက်

* * * * * * * * * *

## အပိုင်း (၁)

# ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော ပြည်ထောင်စုစစ်စစ်မူ

အခန်း (၁)

## ၁၉၆၂ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့ပြည်လမ်း အသံလွှင့်ရုံ ခမ်းမဆောင်၌ ကျင်းပသောဆွေးနွေးပွဲအစီအစဉ်

၁၉၆၂ ခု ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း အသံလွှင့်ရုံခမ်းမဆောင်၌ကျင်းပသော ပြည်ထောင်စုမူနှင့်ပတ်သက်သည့် ဆွေးနွေးပွဲအခန်းအနားအစီအစဉ်နှင့် တင်ပြဆွေးနွေးချက်များ။

ယခုအချိန်ကစပြီး ပြည်နယ်များနှင့် ပတ်သက်သောနီးနှောဖလှယ်ပွဲကြီးကို စတင်ကျင်းပပါတော့မယ်။

ဒီနီးနှောဖလှယ်ပွဲမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက သဘာပတိအဖြစ်နဲ့ ဆောင်ရွက်ပြီးတော့ ကျနော်က အခမ်းအနားမှူးအဖြစ်နဲ့ ဆောင်ရွက်ပါ့မယ်။

ဒီနေ့ ပထမနေ့အစီအစဉ်မှာတော့ —

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အလေးပြုရန်၊

(၂) ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများကို အလေးပြုရန်၊

(၃) နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း၊

(၄) ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး ဝန်ကြီးသတိုးမဟာသရေစည်သူ စဝ်ခွန်ချိုက "ဖက်ဒရယ်မူ" ကိုတင်ပြဆွေးနွေးရန်၊

(၅) ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူးဝါးဇော်လွန်းက ထောက်ခံတင်ပြရန်၊

(၆) ချင်းအထူးဝိသေသတိုင်းကိုယ်စားလှယ် မဟာသရေစည်သူ ကပ္ပတိန်မန်းတုံနိုးကထောက်ခံရန်၊

(၇) ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး) ကထောက်ခံရန်၊

(၈) ကယားပြည်နယ်ကိုယ်စားလှယ် မဟာသရေစည်သူ ဦးစိန်ကထောက်ခံရန်၊

ယခု အခမ်းအနားကို နိုင်ငံတော်အလံနှင့် အလေးပြုရန်အတွက် အားလုံးလူကြီးမင်းများ မတ်တပ်ထတော်မူပါ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အလေးပြု။

နေမြဲ။

ကျဆုံးလေပြီးတော် ခေါင်းဆောင်ကြီးများအား အလေးပြု။

နေမြဲ။

အားလုံးထိုင်နိုင်ပါတယ်။

အခန်း (၂)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏အဖွင့်မိန့်ခွန်း

ယခုအချိန်ကစပြီးတော့ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းမြွက်ကြားပါလိမ့်မယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု။

လူကြီးမင်းများခင်ဗျား၊ ဒီနေ့ဒီနေရာမှာ ကျွန်တော်တို့စုဝေးကြတာဟာ ပြည်နယ်များညီညွတ်ရေးအဖွဲ့ကတင်ပြတဲ့ ဖက်ဒရယ်မူကို ဆွေးနွေးကြဘို့ဘဲ ဖြစ်ပါတယ်။ ဒီမူနဲ့ပတ်သက်လို့ ဘယ်လိုသဘောထားတယ်ဆိုတာကို ထုတ်ဖေါ်ပြောပြဘို့ အစိုးရအဖွဲ့ရဲ့ခေါင်းဆောင်အနေနဲ့ ကျွန်တော့်မှာတာဝန်ရှိပါတယ်။

ဒါပေမဲ့ ကျွန်တော်ပြောဘို့အချိန်မရောက်သေးတဲ့အတွက် ကျွန်တော့်သဘောထားကို ဒီကနေ့ကျွန်တော် ထုတ်ဖေါ်မပြောသေးပါဘူး။ ကျွန်တော်ထုတ်ဖေါ်ပြောဘို့အချိန်ရောက်လာတဲ့အခါ ကျွန်တော်ပြောပါ့မယ်။

လူကြီးမင်းများခင်ဗျာ၊ ဆွေးနွေးပွဲကို ကျွန်တော်တို့ ဒီလိုစီစဉ်ထားပါတယ်။ ဒီကနေ့ ကျွန်တော်အစည်းအဝေးဖွင့်မိန့်ခွန်းကို ပြောပြီးတဲ့နောက် ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး စဝ်ခွန်ချိုက ဖက်ဒရယ်မူကို တင်သွင်းပါလိမ့်မယ်။

ဒီ ဖက်ဒရယ်မူကို (၁) ဒူးဝါးဇော်လွန်း၊ ကချင်ပြည်နယ်ကိုယ်စားလှယ်၊ (၂) ကပ္ပတိန်မန်းတုံးနိုံး၊ ချင်းအထူးဝိသေသတိုင်းကိုယ်စားလှယ်၊ (၃) ဦးထွန်းမြင့် (တောင်ကြီး) ရှမ်းပြည်နယ်ကိုယ်စားလှယ်၊ (၄) ဦးစိန် ကယားပြည်နယ်ကိုယ်စားလှယ်တို့က ထောက်ခံကြပါလိမ့်မယ်။

ဒီမိန့်ခွန်း (၂) ရပ်ကိုပြောကြားပြီးတဲ့နောက်၊ ဆွေးနွေးပွဲကို မတ်လ (၁) ရက်၊ ကြာသပတေးနေ့ ညနေ (၆) နာရီအထိ ရွှေ့ဆိုင်းထားပါ့မယ်။ ဒီလို ရွှေ့ဆိုင်းထားဒါဟာ တခြားကြောင့်မဟုတ်ပါဘူး။ ဖက်ဒရယ်မူနဲ့ပတ်သက်ပြီး ပြည်နယ်ဥက္ကဋ္ဌကြီး စဝ်ခွန်ချိုနဲ့ ဒူးဝါးဇော်လွန်း၊ ကပ္ပတိန် မန်းတုံးနိုံး၊ ဦးထွန်းမြင့်၊ ဦးစိန်တို့ တင်ပြပြောကြားသွားတဲ့အချက်တွေကို ပမညတ၊ ဖဆပလ၊ ရပလဖ၊ ပထစ ခေါင်းဆောင်များနဲ့ နိုင်ငံတော်အစိုးရအတိုင်ပင်ခံအဖွဲ့ဝင်များက သေသေချာချာလေ့လာနိုင်ဘို့အတွက် အချိန်ပေးချင်ဒါကြောင့်မို့ ဖြစ်ပါတယ်။

လူကြီးမင်းများ ခင်ဗျာ၊ မတ်လ (၁) ရက် ကြာသပတေးနေ့ ညနေ (၆) နာရီ ဒီနေရာမှာဘဲ အစည်းအဝေးကို ပြန်စတဲ့အခါ (၁) ပမညတ (၂) ဖဆပလ (၃)

ရပလဖ (၄) ပထမ အဖွဲ့တွေကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တဦးစီက အခုဖေါ်ပြထားတဲ့ အစီအစဉ်အတိုင်း ဖက်ဒရယ်မူနဲ့ပတ်သက်ပြီး ထားရှိတဲ့ အဖွဲ့ရဲ့သဘောထားကို တင်ပြပါလိမ့်မယ်။

ဒီနိုင်ငံရေးအဖွဲ့များရဲ့ ကိုယ်စားလှယ်များ ပြောကြားပြီးတဲ့နောက် အစိုးရအတိုင်ပင်ခံအဖွဲ့ရဲ့ကိုယ်စား အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာဦးဘဦးက အတိုင်ပင်ခံအဖွဲ့ရဲ့ သဘောထားကိုတင်ပြပါလိမ့်မယ်။

လူကြီးမင်းများခင်ဗျာ၊ ဒီ ကိုယ်စားလှယ်လူကြီးများ ပြောလို့ပြီးတဲ့အခါ
(၁) ပြည်နယ်များညီညွတ်ရေးအဖွဲ့မှကိုယ်စားလှယ် (၆) ဦး၊
(၂) ပမညတ ကိုယ်စားလှယ် (၃) ဦး၊
(၃) ဖဆပလ ကိုယ်စားလှယ် (၃) ဦး၊
(၄) ရပလဖ ကိုယ်စားလှယ် (၃) ဦး၊
(၅) ပထစ ကိုယ်စားလှယ် (၃) ဦးနဲ့
(၆) အတိုင်ပင်ခံအဖွဲ့ဝင်လူကြီးများပါဝင်တဲ့ကော်မတီတခုကို ဖွဲ့ပေးပါ့မယ်။

ဒီကော်မတီမှာ ကျွန်တော်က နာယကလုပ်ပါ့မယ်။ လူကြီးမင်းများခင်ဗျာ၊ အဲဒီကော်မတီက ဖက်ဒရယ်မူနဲ့ပတ်သက်လို့ ဆွေးနွေးစရာရှိတဲ့အချက်တွေကို ဆွေးနွေးပြီးတဲ့အခါ ရရှိတဲ့သဘောတူညီချက်တွေကို ဒီဆွေးနွေးပွဲမှာ အစီရင်ခံပါလိမ့်မယ်။ စေ့စပ်လို့ မရနိုင်တဲ့သဘော ကွဲလွဲချက်များရှိရင်လဲ ဒီဆွေးနွေးပွဲမှာဘဲ အစီရင်ခံပါ့မယ်။ လူကြီးမင်းများခင်ဗျာ၊ ဒီအစီရင်ခံစာကို ကြည့်ပြီးမှဘဲ နောက်ထပ်ဘာတွေ ဆက်ပြီး လုပ်သွားကြမယ်ဆိုတာကို ဒီဆွေးနွေးပွဲမှာ ဆက်လက်ပြီး တိုင်ပင်ဆွေး နွေးကြပါ့မယ်။

လူကြီးမင်းများခင်ဗျာ၊ ဆွေးနွေးပွဲရဲ့အစီအစဉ်တွေနဲ့ ပတ်သက်ပြီး အခုအချိန်အခါမှာ ကျွန်တော်ဒီလောက်ဘဲ ပြောချင်ပါသေးတယ်။ ဒါပေမဲ့ အခုလိုအခွင့်ကောင်းရတဲ့အခါ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ စကား တခွန်း နှစ်ခွန်းလောက်ကို ကျွန်တော်ပြောချင်ပါတယ်။

လူကြီးမင်းများခင်ဗျာ၊ ဒီကနေ့ကစပြီး ဒီဆွေးနွေးပွဲမှာ ဆွေးနွေးမဲ့ပြဿနာဟာ တခြားမဟုတ်ပါဘူး။ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးဘဲဖြစ်ပါတယ်။ ဒီပြဿနာကြီးကို စတင်တည်ထောင်ခဲ့တဲ့ ကျွန်တော်တို့တတွေရဲ့လက်ထဲမှာမှ ကျေကျေလည်လည် ဖြေရှင်းသွားအောင် ကျွန်တော်တို့မဖြေရှင်းနိုင်ဘူးဆိုရင် နောက်လက်ထက်တွေမှာတော့ ဘယ်နည်းနဲ့မှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ ကျွန်တော်တထစ်ချယူဆထားသလို လူကြီးမင်းများလဲ ယူဆထားပြီးပြီဆိုတာ ကျွန်တော်

ယုံကြည်ပါတယ်။ ဒီ ပြည်ထောင်စုကြီးသာ ပြိုကွဲသွားမယ်ဆိုရင် ပြည်နယ်သားတွေအတွက်ရော၊ ပြည်မသားတွေအတွက်ရော ဘယ်သူ့အတွက်မှ အမြတ်ထွက်မှာမဟုတ်ဘူး။ အရှုံးသာထွက်မယ်လို့ ကျွန်တော်တထစ်ချ ယူဆထားသလို လူကြီးမင်းများလဲ ယူဆထားပြီးပြီဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။

အဲဒီတော့ လူကြီးမင်းများခင်ဗျာ၊ ဒီလောက်အရေးကြီးတဲ့ ပြဿနာကြီးကို ဖြေရှင်းတဲ့အခါမှာ ပြည်ထောင်စုကြီးကို စတင်ထူထောင်ခဲ့တဲ့ ကျွန်တော်တို့တတွေဟာ၊ ကျွန်တော်တို့အပေါ်မှာ ကျရောက်နေတဲ့ တာဝန်ကြီးတွေကို အမြဲတမ်း မျက်ခြေမပြတ်ဘို့ ကျွန်တော်သတိပေးလိုပါတယ်။

ဒါတင်မကသေးပါဘူး။ ကျွန်တော်တို့ရဲ့ညံ့ဖျင်းမှုတွေ၊ သဘောထားကျဉ်းမြောင်းမှုတွေ၊ အာဃာတတွေကြောင့် အကယ်၍သာ ဒီပြဿနာကြီးကို မဖြေရှင်းနိုင်ရင်၊ ကျွန်တော်တို့နဲ့တကွ ကျွန်တော်တို့ရဲ့နောင်လာနောက်သားတွေ ရင်ဆိုင်ကြရတော့မဲ့ ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေကိုလဲ အမြဲတမ်းမျက်ခြေမပြတ်ဘို့ ကျွန်တော်ထပ်မံ သတိပေးလိုပါတယ်။

လူကြီးမင်းများခင်ဗျာ ဆွေးနွေးပွဲဆိုတာ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စားရှိပါတယ်။ တမျိုးကတော့ ရန်သူအချင်းချင်း ဆွေးနွေးပွဲဖြစ်ပြီး၊ တခြားတမျိုးကတော့ မိသားစုချင်း ဆွေးနွေးပွဲဖြစ်ပါတယ်။ မိသားစုဆွေးနွေးပွဲမျိုးဆိုတာ ရန်သူအချင်းချင်းစားပွဲခုံမှာ ထိုင်ပြီး ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲမျိုးနဲ့ မတူပါဘူး။ ရန်သူအချင်းချင်း ထိုင်ပြီးဆွေးနွေးတဲ့အခါမှာကိုယ့်ကိုယ်ယူဆတာသာ မှန်တယ်။ မှန်ရမယ်။ ကိုယ်ယူဆတာ သာ အောင်ရမယ်။ ဒီလိုမအောင်ရင် ဘယ်သူသေသေ ချမယ် ဆိုတဲ့ စိတ်ဓါတ်မျိုးနှစ်ဖက်စလုံးမှာ ရှိပါတယ်။

မိသားစုချင်းချင်း ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲမျိုးကတော့ ဒီလိုမဟုတ်ပါဘူး။ ဒီ မိသားစုထဲမှာပါကြတဲ့ ညီအကိုမောင်နှမတွေဟာ ကိုယ်လိုတာတွေ ကိုယ်တင်ပြကြတယ်။ အဲဒီလိုတင်ပြတဲ့အခါမှာ သဘောကွဲလွဲချက်တွေရှိနေရင် တယောက်နဲ့တယောက် အပေးအယူလုပ်ပြီး သဘောကွဲလွဲချက်တွေကို ညှိနှိုင်းကြတယ်။

လူကြီးမင်းများခင်ဗျာ၊ အခုဆွေးနွေးပွဲဟာ မိသားစုဆွေးနွေးပွဲဖြစ်ရမယ်။ ပြည်ထောင်စုမိသားစုထဲမှာပါနေကြတဲ့ လူကြီးမင်းတို့ ကျွန်တော်တို့အသီးသီးဟာ ကိုယ့်ရဲ့ထင်မြင်ယူဆချက်တွေကို အကုန်လုံးထုတ်ပြီး တင်ပြကြတာပေါ့။ အဲဒီလို တင်ပြတဲ့အခါမှာ သဘောကွဲလွဲချက်တွေကတော့ ရှိရမှာပေါ့။

အဲဒီသဘောကွဲလွဲချက်တွေကို ကျွန်တော်တို့ရဲ့အကျိုး၊ ကျွန်တော်တို့ နောင်လာနောက်သားကလေးတွေရဲ့အကျိုး၊ ပြည်ထောင်စုကြီးရဲ့အကျိုးကို မျှော်ကိုးပြီး သဘောတူညီချက် မရ–ရအောင် ညှိနှိုင်းကြရမှာဘဲ။

လူကြီးမင်းများခင်ဗျာ၊ လူကြီးမင်းများသိတော်မူတဲ့အတိုင်းပါဘဲ၊ လွန်ခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးဆိုတဲ့ ကြွေးကြော်သံနဲ့ ကျွန်တော်တို့ရွေးကောက်ပွဲဝင်ခဲ့ပါတယ်။ ကျွန်တော်တို့မှာ လွတ်လပ်ရေးသာမရှိရင် ဘယ်နည်းနဲ့မှ ဒီမိုကရေစီလည်းရှိနိုင်မှာ မဟုတ်တဲ့အတွက်၊ ဒီမိုကရေစီတည်တံ့ ခိုင်မြဲရေးအတွက် ကြိုးပမ်းတိုင်း၊ ကြိုးပမ်းတိုင်း၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေး ကိုပါ ကျွန်တော်တို့ ကြိုးပမ်းနေရပါတယ်။

နောက်ပြီးတော့လည်း ပြည်ထောင်စုတည်တံ့ခိုင်မြဲပါမှ ကျွန်တော်တို့ရဲ့လွတ်လပ်ရေးလည်း တည်တံ့ခိုင်မြဲမှာ ဖြစ်တဲ့အတွက်၊ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးနဲ့ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေးတို့ကို ကြိုးပမ်းဆောင်ရွက်တိုင်း ဆောင်ရွက်တိုင်း ပြည်ထောင်စုကြီးရဲ့တည်တံ့ခိုင်မြဲရေးကိုပါ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေရပါတယ်။

အဲဒီတော့ လူကြီးမင်းများနဲ့ လက်တွဲပြီး ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေး၊ ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးတွေကို အမှန်တကယ်အကျိုးဖြစ်စေနိုင်တဲ့ နည်းကောင်းလမ်းကောင်းတွေကို ကျွန်တော်တို့ရှာချင်ပါတယ်။

ဒီနည်းကောင်းလမ်းကောင်းတွေကို ကျွန်တော်တို့တွေ့ရလို့ တဦးကိုတဦး လျှော့ပေးဖို့လိုလာရင် ပြည်မသားတွေနဲ့ ပြည်နယ်သားတွေဟာ တဦးကိုတဦး လျှော့ပေးကြဖို့ ဝန်မလေးကြပါနဲ့။ ညီအကိုအချင်းချင်း သွေးချင်းသားချင်းတွေ အပေါ်မှာ တယောက်နဲ့တယောက်၊ တဖက်နဲ့တဖက် လျှော့ပေးရတာ ဂုဏ်မငယ်ပါဘူး။ ဒီလိုလျှော့ပေးရပေမယ့် ပြည်ထောင်စုကြီးလည်း တည်တံ့ခိုင်မြဲလာမယ်၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲလာတဲ့အတွက် လွတ်လပ်ရေးတည်း တည်တံ့ခိုင်မြဲလာမယ်၊ လွတ်လပ်ရေးတည်တံ့ခိုင်မြဲလာတဲ့အတွက် ဒီမိုကရေစီလည်း တည်တံ့ခိုင်မြဲလာမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသားအားလုံးအဖို့ ဂုဏ်ယူစရာတောင်ဖြစ်ပါလိမ့်အုံးမယ်။ အတိုင်းမသိ ဝမ်းမြောက်စရာတောင်ဖြစ်ပါလိမ့်အုံးမယ်။

အဲဒီတော့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးတည်တန့်ခိုင်မြဲရေး ဒီမိုကရေစီတည်တံ့ခိုင်မြဲရေးကို အမှန်တကယ်အကျိုးပြုမယ့် နည်းကောင်းလမ်း

ကောင်းတွေကို ကျွန်တော်တို့စုပေါင်းပြီး ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရှာဖွေကြရအောင်။

ဒီနည်းကောင်းလမ်းကောင်းတွေကို ရှာတဲ့အခါမှာ ပြည်မသားတွေရော၊ ပြည်နယ်သားတွေပါ မျက်ခြည်မပြတ်သင့်တဲ့အချက်ကြီးတချက်ကို ကျွန်တော် တင်ပြလိုပါတယ်။ ဒီအချက်ကတော့ တခြားဟာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရှာဖွေမယ့်နည်းလမ်းတွေဟာ တရားမျှတရေး၊ လွတ်လပ်ရေး၊ ညီမျှရေးဆိုတဲ့ လောကပါလတရားသုံးပါးနဲ့ ပြည့်စုံနေတဲ့ နည်းလမ်းတွေဖြစ်ရမယ်ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ၊ ကျွန်တော်နိဂုံးမချုပ်ခင် ပြည်ထောင်စုကြီးကို စတင်တည်ထောင်လာခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် ယခုအခါမှာ စိတ်ဝမ်းကွဲပြားနေကြတဲ့ ပြည်ထောင်စုခေါင်းဆောင်နွေနဲ့ ပြည်မသားတွေ၊ ပြည်နယ်သားတွေ အားလုံး နိုင်ငံရေးသံဝေဂရကြဖို့ ကျွန်တော်ဆယ်နှစ်လောက်တုန်းက ကြည့်ခဲ့ရဘူးတဲ့ "ယမနေမယ်" ပြဇာတ်ကလေးကို ကျွန်တော်ဒီနေရာမှာ တင်ပြလိုပါတယ်။

လူကြီးမင်းများခင်ဗျာ၊ ရှေးတုန်းက တရုတ်သုက္ခတိုင်းပြည်ဆိုတာ ရှိပါတယ်။ အဲဒီတရုတ်သုက္ခတိုင်းပြည်ရဲ့ ငါတကောနယ်က ဒူလာဘို၊ ငါတဗိုလ်နယ်က အိုလေ လေ့၊ ငါတနယ်လူက တွေ့တ်ကြီး၊ ငါတမင်းနယ်က ပြောင်နောင့် ပြောင်နောင် ငါမြင်းငါစိုင်းနယ်က ဘုနောင် ဘုနောင် တတ်ဖိန်ဆိုတဲ့ ပညာသင်ငါးဦးဟာ တက္ကသိုလ်ဆရာကြီး ဦးဂျမ်းထိ ဆီမှာပညာသွားသင်ကြပါတယ်။

အဲဒီလိုပညာသင်ကြတဲ့အခါ ပညာတော်သင် အိုလေလေ့က ရုပ်လုံးထုပညာမှာတဘက်ကမ်း ခတ်တတ်ပါတယ်။ ပညာတော်သင် တွေ့တ်ကြီးက ပန်းချီပညာမှာ တဘက်ကမ်း ခတ်တတ်ပါတယ်။ ပညာတော်သင် ပြောင်နောင့် ပြောင်နောင်က အရုပ်ကိုအသက်သွင်းတဲ့ပညာမှာ တဘက်ကမ်း ခတ်တတ်ပါတယ်။ ပညာတော်သင် ဘုနောင် ဘုနောင် တတ်ဖိန်က လေးအတတ်ပညာမှာ တဘက်ကမ်း ခတ်တတ်ပါတယ်။ ပညာတော်သင် ဒူလာဘိုကတော့ ဘာပညာမှ မတတ်ရှာဘူး။ အဲဒီတော့ တက္ကသိုလ်ဆရာကြီး ဦးဂျမ်းထိက ဒူလာဘိုကို ယမနေသား သစ်သားတတုံးကိုပေးပြီး ပညာတော်သင်အားလုံးကို အိမ်ပြန်ခွင့်ပြုလိုက်ပါတယ်။

လမ်းရောက်တဲ့အခါ ယမနေသားကို တက္ကသိုလ်ပြန် အို လေလေ့က မိန်းမပျိုကလေး အရုပ်ထုလိုက်ပါတယ်။ တက္ကသိုလ်ပြန် တွေ့တ်ကြီးက အင်မတန်လှတဲ့ မိန်းခလေးတယောက် ဆေးခြယ်လိုက်တယ်။ တက္ကသိုလ်ပြန် ပြောင်နောင့် ပြောင်

နောင်က အသက်သွင်းလိုက်တဲ့အတွက် ဒီမိန်းမပျိုကလေးဟာ အင်မတန်ချောပြီး အသက်ရှိတဲ့ မိန်းမပျိုကလေး ဖြစ်လာတယ်။

အဲဒီအခါမှာ ကိုယ်ရွှေတက္ကသိုလ်ပြန်တွေဟာ ဒီမိန်းမပျိုကလေးကို သူပိုင်တယ်၊ ငါပိုင်တယ်နဲ့ ဝိုင်းပြီးလုကြပါတယ်။ အဲဒီ သူတို့လုနေတုန်း ဝဠာရက္ခ ငှက်ဆင်တကောင်က အလစ်ဝင်ပြီး အုပ်လိုက်တာ ယမနေမယ်ကလေးဟာ ငှက်ဆင်နောက်ပါသွား ရရှာပါတယ်။

အဲဒီအခါမှာ ကံကောင်းထောက်မပြီး တက္ကသိုလ်ပြန် ဘုနောင်တတ်ဖြိန်ကလေးနဲ့ပစ်လိုက်တဲ့အတွက် ငှက်ဆင်ကြီးသေပြီး ယမနေမယ်ကလေးပြန်ကျလာပါတယ်။ ဒါပေမယ့် တက္ကသိုလ်ပြန်တွေ အဝေမတည့်တာနဲ့ အသက်သွင်းပေးတဲ့လူက အသက်ကိုပြန်ရုပ်သိမ်း၊ ပန်းချီဆေးခြယ်တဲ့လူက ဆေးတွေကို ခြစ်ပစ်၊ ပန်းပုဆရာကလည်း အရုပ်ကိုဖျက်နဲ့ လုပ်လိုက်ကြတာ အင်မတန်လှတဲ့ ယမနေမယ်ကလေးဟာ ကုတ်ရာခြစ်ရာတွေ၊ ခြစ်ရာဖယ့်ရာတွေနဲ့ ပြည့်နေတဲ့ သစ်သားတုံး အပေါ်စားကြီး ပြန်ဖြစ်သွားရရှာပါတယ်။

လူကြီးမင်းများခင်ဗျာ တက္ကသိုလ်ပြန်တွေ မိုက်မဲတာကြောင့် ယမနေမယ်အပျိုချောကလေးဟာ ကုတ်ရာ၊ ခြစ်ရာ၊ ဖဲ့ရာတွေနဲ့ ဒင်းကြမ်းဖြစ်နေတဲ့ သစ်သားတုံး အပေါ်စားကြီး ပြန်ဖြစ်သွားရသလို အချုပ်အခြာအာဏာပိုင်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ကျွန်တော်တို့အားလုံးရဲ့ မိုက်မဲမှုကြောင့် အင်မတန်အရုပ်ဆိုးလှတဲ့ ကျွန်ဘဝကို ပြန်ရောက်မသွားရလေအောင် ကျွန်တော်တို့အားလုံးကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားကြပါစို့။

(သြဘာသံများ)

* * * * * * * * * *

အခန်း (၃)

# ပြည်နယ်များညီညွတ်ရေးအဖွဲ့မှတင်သွင်းသော “ပြည်ထောင်စုစစ်စစ်မှု” ကို ရှမ်းပြည်နယ်ဥက္ကဌ စဝ်ခွန်ချိုမှ တင်သွင်းခြင်း

နံပါတ် (၄) အစီအစဉ်အရ၊ ရှမ်းပြည်နယ် ဥက္ကဌကြီး ဝန်ကြီးသတိုးမဟာသရေ စည်သူ စဝ်ခွန်ချိုက “ဖက်ဒရယ်မှု” ကိုတင်ပြရန်ပါခင်ဗျ။ (သြဘာသံများ)

လေးစားအပ်တဲ့သဘာပတိကြီး ဝန်ကြီးချုပ်ခင်ဗျား၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများခင်ဗျား၊ ပြည်နယ်ပေါင်းစုံမှ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်မနိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တော်များခင်ဗျား။

ဤနှီးနှောဖလှယ်ပွဲမှာ ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား၊ စကားပြောခွင့်ရရှိတဲ့အတွက် များစွာကျေးဇူးတင် ဝမ်းမြောက်လှပါတယ်။ အခုလို စုံစုံညီညီ စုဝေးကြပြီးတော့ ပြည်နယ်များညီညွတ်ရေးအဖွဲ့ တင်ပြထားပြီးတဲ့၊ ပြည်ထောင်စုမှု ကိစ္စကို ဆွေးနွေးညှိနှိုင်းကြဖို့အတွက် ဒီနှီးနှောဖလှယ်ပွဲကြီး ပေါ်ပေါက်လာရတာ ကျွန်တော့်အနေနဲ့ အလွန်ဘဲ ဝမ်းသာကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့ ပြည်နယ်များညီညွတ်ရေးကိုယ်စား ပြည်ထောင်စုမှုကိုတင်ပြရန် တာဝန်ပေးအပ်တဲ့အတိုင်း ကျွန်တော်တင်ပြပြောဆိုမည့် အချက်အလက်တွေကို နားဆင်ကြရတဲ့ ကိုယ်စားလှယ်များအားလုံးဟာ မိသားစုစိတ်ဓါတ်ဖြင့် ယနေ့ပေါ်ပေါက်နေတဲ့ ပြည်နယ်များပြဿနာကို အထူးစဉ်းစားဝေဖန်ကြစေလိုပါတယ်။

ကျွန်တော်များကလည်း ပြည်မရှိနောင်တောင်ကြီးများကို ရှင်းလင်းတင်ပြကြတဲ့အခါ စိတ်ရှည်လက်ရှည်နဲ့ မိမိတို့ကြုံတွေ့နေတဲ့ ကြုံတွေ့နေပုံတွေကို တင်ပြကြပါရန် မေတ္တာရပ်ခံလိုပါတယ်။ ပြည်နယ်များရဲ့ ပြဿနာတွေကို စဉ်းစားကြတဲ့အခါမှာလည်း ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုကြီးညီညွတ်ရေး ဆိုတဲ့အခြေခံမှုအပေါ်တည်ပြီး စဉ်းစားကြပါရန် တောင်းပန်လိုပါတယ်။

ပထမဦးစွာ တင်ပြအစီရင်ခံလိုတာက လက်ရှိပြည်ထောင်စုကြီးဖြစ်ပေါ်လာပုံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအကြောင်း စဉ်းစားလိုက်တိုင်း၊ ပြည်ထောင်စုသားတိုင်း မမေ့သင့်မမေ့ထိုက်တဲ့ အချက်ဟာဖြင့် ၁၉၄၇ ခုနှစ် ဖေဖေါ်ဝါရီလတွင်ကျင်းပခဲ့တဲ့ ပင်လုံညီလာခံကြီးပင် ဖြစ်ပါတယ်။

အဲဒီပင်လုံညီလာခံကြီးဟာ ယနေ့ပြည်ထောင်စုကြီးကို ပေါက်ဖွားလာစေရန် အုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီးလို့ ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ ပြည်ထောင်စုသားတွေအပေါ် အနှစ်နှစ်အလလ စိုးမိုးအုပ်ချုပ်လာတဲ့ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကနေပြီး လွတ်လပ်ရေးတောင်းဆိုဖို့အတွက် ပြည်နယ်ခေါင်းဆောင်များနဲ့ ပြည်မခေါင်းဆောင်တို့က ညှိနှိုင်းအောင်မြင်လို့ အခုလို လွတ်လပ်တဲ့ပြည်ထောင်စုတခု ကမ္ဘာ့တိုင်းပြည်များထဲမှာ ပေါ်လွင်လာတဲ့အတွက် ကျွန်တော်တို့ပင်လုံညီလာခံကြီးဟာ ပြည်ထောင်စုကြီးရဲ့ အခြေခံအုတ်မြစ်ချခဲ့တဲ့ ညီလာခံကြီးဖြစ်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

အဲဒီ ပင်လုံညီလာခံကြီးမှာ ဘာတွေညှိနှိုင်းကြပြီး၊ ဘာတွေအောင်မြင်ခဲ့ကြသလဲ ဆိုတာကို အကျဉ်းချုပ်အားဖြင့် ဖေါ်ပြရမယ်ဆိုရင် လွတ်လပ်ရေးတောင်းဆိုတဲ့အခါ ညီညွတ်တဲ့အားဟာ အင်မတန်အရေးကြီးတဲ့အတွက် ပြည်မနဲ့ကျန်တဲ့ ပြည်နယ်များဟာ ပြည်နယ်များတန်းတူညီအောင် ညှိနှိုင်းပြီး ညီညွတ်ရေးတည်ဆောက်ရမှာမို့ —

(၁) တန်းတူညီမျှအခွင့်အရေးရှိခြင်း၊
(၂) တောင်တန်းသားဒေသများတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်း၊
(၃) လွတ်လပ်ရေးရရှိပြီးသည့်နောက် ပြည်ထောင်စုက ခွဲထွက်လိုက ခွဲထွက်နိုင်ခြင်း၊

စတဲ့ အခြေခံတရားသုံးရပ်အပေါ် အဓိကထားပြီး ပြည်ထောင်စုတည်ဆောက်ရေးကို သဘောတူခဲ့ကြပါတယ်။

ဒီ အခြေခံသုံးရပ်ကိုသဘောတူခဲ့တဲ့အတွက် ကမ္ဘာကျော် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ အဲဒီလို ပြည်နယ်များနဲ့ ပြည်မဟာ တစိတ်ထဲ တဝမ်းထဲ ရှိကြောင်း ပြသနိုင်ခဲ့လို့ဘဲ အင်္ဂလိပ်အစိုးရဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လက်လွှတ်လိုက်ရပါတယ်။

ပင်လုံညီလာခံကြီးမှာ ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် (MR. REESE WILLIAM) ခေါင်းဆောင်ပြီး၊ ပြည်မပြည်နယ်ခေါင်းဆောင်များပါဝင်တဲ့ စုံစမ်းရေးကော်မတီမှာ အထက်ပါအခြေခံ "မူ" သုံးရပ်အတိုင်း ပြည်မနဲ့ပူးပေါင်းဆောင်ရွက်ဖို့ တညီတညွတ်တည်းလည်း သက်သေခံခဲ့ပါတယ်။

အဲဒီလို တညီတညွတ်ထဲ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် နယ်ချဲ့သမားရဲ့ သွေးခွဲရေးလုပ်ငန်းဟာ ပျက်ပြယ်သွားပြီး မြန်မာပြည်ရဲ့ လွတ်လပ်ရေးကို အမြန်ဆုံးကမ္ဘာသို့ ကြေညာလာနိုင်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ် မေလအတွင်းမှာ ကျင်းပခဲ့တဲ့ ဖဆပလ ပဏာမပြင်ဆင်မှုညီလာခံမှာလည်းဘဲ လူမျိုးစုတိုင်းတန်းတူရရှိရေးနဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံမှာလည်း အဲဒီတန်းတူရေးအပေါ် အခြေခံတဲ့ ''ပြည်ထောင်စုစစ်စစ်'' ဖြစ်ဖို့လမ်းစဉ်ချမှတ်ခဲ့ပါတယ်။

လက်ရှိ အခြေခံဥပဒေကြီးရေးဆွဲကြဖို့ဆိုပြီး တိုင်းပြည်ပြုလွှတ်တော်မှာ ပြည်မခေါင်းဆောင်ကြီးများ၊ ကိုယ်စားလှယ်တော်များနဲ့ ပြည်နယ်ခေါင်းဆောင်ကိုယ်စားလှယ်များက ဝိုင်းဝန်းစဉ်းစားကြတဲ့အခါ အနှစ်သာရဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန် (၇) ချက်အကျဉ်းချုပ်ကို ဖေါ်ပြခွင့်ပေးစေလိုပါတယ်။ အဲဒါကဘာလဲဆိုရင် —

(၁) အချုပ်အခြာအာဏာပိုင်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်ရမယ်။
(၂) ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာအပြည့်အစုံရှိသော ပြည်နယ်များပါဝင်သော ပြည်ထောင်စုဖွဲ့စည်းရမယ်။
(၃) အာဏာများဟာ တိုင်းသူပြည်သားတွေဆီက ဆင်းသက်လာစေရမယ်။
(၄) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့မှာ အရပ်အလတ်အမြတ်မရွေး တန်းတူညီမျှမှု ရှိစေရမယ်။
(၅) လူနည်းစုကို အကာအကွယ် ပြုစေရမယ်။
(၆) ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာစိုးမိုးအုပ်ချုပ်ရေးဆိုတာကို ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရှိစေရမယ်။
(၇) ကမ္ဘာ့နိုင်ငံတကာနှင့် ရင်ဘောင်တန်းလိုက်နိုင်ရန်အတွက် ကြိုးစားပြီး ကမ္ဘာ့နိုင်ငံရေးတွေနဲ့ ငြိမ်းချမ်းစွာဆက်ဆံရေးကို ရှေ့ရှုစေရမယ် ဆိုတဲ့ အဓိကအခြေခံ (၇) ချက်ဖြစ်ပါတယ်။

ဒီအခြေခံများကို အုတ်မြစ်ချပြီးနောက် ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲကြရန် ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်ပြသခဲ့တဲ့အကြောင်း ကိုယ်စားလှယ်တော်များအားလုံး အသိဖြစ်ပါတယ်။

ဒီအချိန်အခါမှာ နိုင်ငံရေးအခြေအနေတွေက ရှုတ်ထွေးပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်များဟာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့်အတွက် တပြည်လုံးယူကြုံးမရ ဝမ်းနည်းကြေကွဲဖြစ်နေရတဲ့အချိန်ဖြစ်တော့ လွတ်လပ်ရေးအတွက်ကြိုးပမ်းမှုမှာ စိတ်မချမ်းမသာစရာတွေဖြစ်လာတာကြောင့်မို့၊ ကိုယ့်တိုင်းပြည်ရဲ့ အခြေကို တိုင်းတပါးက ဝင်ရောက်မစွက်ဖက်နိုင်အောင်၊ ကာကွယ်ကြရမှာဘဲဆိုပြီး ခပ်မြန်မြန်နဲ့ တိုင်းပြုပြည်ပြုလွှတ်တော်မှာ အခြေခံဥပဒေကို အငြင်းပွား

မှ မထားဘဲ အလျင်စလိုလက်ခံလိုက်ခြင်း ဖြစ်ပါတယ်။ ပင်လုံညီလာခံကြီးက အစပြုပြီး အဆင့်ဆင့်တောင်းဆိုလာကြလို့ လွတ်လပ်ရေးတော့ လက်ဝယ်ရရှိပြီး ပါပြီ၊ ဒါပေမယ့် လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပင်လုံညီလာခံကြီးရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ချမှတ်ပေးလိုက်တဲ့ လမ်းညွှန်နဲ့ ကိုက်ညီတယ် မကိုက်ညီဘူးဆိုတာတွေကို ကျွန်တော်တို့လျှောက်လာ ခဲ့တဲ့ (၁၄) နှစ်ကျော် ကျော်ခရီးအပေါ် ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ပြည်နယ်များရဲ့ လက်ရှိခံစား နေရတဲ့ အခြေအနေတွေကို ယေဘူယျသဘောအားဖြင့် အကျဉ်းချုပ်တင်ပြပါ ရစေ။ ပြည်နယ်များ၏ လက်ရှိအခြေအနေကို ကျွန်တော်တို့က တင်ပြမှသာ နီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များအားလုံးဟာ ပိုမိုပြည့်စုံစွာ စဉ်းစားဝေဖန်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။

ပြည်နယ်များနဲ့ ပြည်နယ်မရရှိသေးတဲ့ လူမျိုးစုဆွေမျိုးရင်းခြာများဟာ လွတ် လပ်ရေးရရှိပြီးတဲ့နောက် ဒီဘက်ကာလမှာ မိမိကံကြမ္မာကို မိမိတို့ဖန်တီးရမယ် ဆိုတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ပြည့်ပြည့်ဝဝမခံစားရသေးကြောင်း တွေ့ရှိကြရပါ တယ်။ ဒီလိုပြောလိုက်လို့ ကျွန်တော့်အပေါ်ဘယ်လိုမှ အထင်မလွဲစေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ပြည်နယ်များကိုယ်စား ရိုးရိုးသားသား အနေနဲ့ ပြည်နယ်တွေ ခံစားနေရတာဟာဖြင့် ဘာတွေလည်းဆိုတာ ဖေါ်ပြတာ ဘဲ ဖြစ်ပါတယ်။

ပြည်နယ်တွေအားလုံး ယုံကြည်ကိုးစားခဲ့တဲ့ မြန်မာပြည်လွတ်လပ်ရေးရတော့ မယ်၊ လွတ်လပ်ရေးရပြီးရင်ဖြင့် ဒို့တတွေဟာ မိမိကံကြမ္မာ မိမိဖန်တီးပြီး တိုးတက် သောပြည်နယ်များဖြစ်လာအောင် လုပ်နိုင်တော့မယ်၊ တိုးတက်တဲ့ပြည်နယ်တွေ ပေါင်းထားတဲ့ ပြည်ထောင်စုဖြစ်လာတော့မယ်။ ဆိုတာတွေဟာ ကျွန်တော်တို့ ပြည်နယ်သားတွေ၊ လူမျိုးစုများအားလုံး အားလုံးတွေရဲ့ ဝမ်းထဲကိန်းအောင်းပြီး အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပါတယ်။

ဒါပေမယ့် လွတ်လပ်ရေးခေတ် (၁၄) နှစ်ခရီး၊ ပြည်မက နောင်တော်တွေနဲ့ လက်တွေ့လျှောက်လာတဲ့အခါ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ၊ ကျွန်တော် တို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေဟာ အပြည့်အဝမရှိမှန်း သိလာခဲ့ရပါတယ်။ ကျွန် တော်တို့ တိုးတက်ဖွံ့ဖြိုးရေးကို အစွမ်းကုန် ကျွန်တော်တို့မလုပ်ဆောင်နိုင်သေး ကြောင်း သိသာခံစားနေရပါတယ်။ ဒီလိုမွေးဖွားရာ ဇာတိဇပါလာတဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းနိုင်ခွင့် အခွင့်အရေးအပြည့်အဝမခံစားလာရတော့၊ ကျွန်တော်တို့ ပြည်

ထောင်စုကြီးဟာ ကျွန်တော်တို့ ပြည်နယ်များအပေါ် ကိုယ်စားပြုလာတာ မဟုတ်တော့ဘဲ၊ ပြည်မလို့ခေါ်တဲ့ ဗမာပြည်ဒေသတွေကို အဓိကကိုယ်စားပြုလာတာ တွေ့မြင်လာကြရပါတယ်။

ပြည်နယ်များကတော့ ပြည်မနဲ့ ညီမျှမှုမရှိခဲ့တဲ့အတွက် စွမ်းအားရှိသလောက် လုပ်ကိုင်နိုင်ခွင့်မရှိခဲ့လို့၊ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။ ဒီလို ဘာကြောင့်ဖြစ်ခဲ့သလဲဆိုရင် ပြည်ထောင်စုရယ်လို့ စုပေါင်းဖွဲ့စည်းကြတဲ့အခါ ပြည်နယ်ရသင့်ရထိုက်တဲ့ လူမျိုးစုများကို ပြည်နယ်အင်္ဂါနဲ့အညီ ဖွဲ့စည်းပြီး၊ ရှမ်းပြည်နယ်လူထုအတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်လူထုအတွက် ကယားပြည်နယ် ရှိကြသလို ပြည်မလူထုအတွက်လည်း ပြည်နယ်တနယ်ဖွဲ့စည်းပြီးတော့ တန်းတူညီတူ အခြေခံအပေါ်ဖွဲ့စည်းထားခြင်း မရှိလို့ဘဲလို့ဆိုတာ သက်သေပြနေပါတယ်။ ပင်လုံညီလာခံရဲ့ အနှစ်သာရ၊ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်ချက်များကို အဓိကထားပြီး တန်းတူညီတူဖွဲ့စည်း စုပေါင်းရန် အကောင်အထည်ဖော်လာကြရင်း ပြည်ထောင်စုအစိုးရဟာ ပြည်နယ်များ အားလုံးကို ကိုယ်စားပြုတဲ့ အစိုးရဘဲဖြစ်ရမှာပါဘဲ။

အခုတော့ ပြည်မလူထုအတွက် ပြည်နယ်တနယ်ဖွဲ့စည်းရေးကို မကြိုးစားဘဲ ပြည်မအဖြစ်ဆိုပြီးထားလေတော့ ပြည်မရဲ့အခွင့်အာဏာနဲ့ ပြည်ထောင်စုအာဏာ ရောထွေးစုပေါင်းပြီး စိုးမိုးအုပ်ချုပ်လာတော့ကာ ပြည်ထောင်စုအဖြစ်က လျော့ကျလာပြီး တပြည်ထောင်စိုးမိုးမှုစနစ်သို့ တရွေ့ရွေ့ ကူးပြောင်းလာတာ တွေ့ရှိရပါတယ်။ သည်အကြောင်းအရာကြောင့်လည်း ကျွန်တော်တို့ပြည်နယ်များဟာ တနေ့တခြားတာဝန်ရှိတဲ့ ပြည်မက ပြည်မအစိုးရအပေါ်မှာ သံသယရှိလာပါတယ်။ ဒီသံသယတွေဟာ ထုနဲ့ထည်နဲ့ ဝင်ဝင်လာလို့ ကနေ့ပြည်နယ်များဟာ ပြည်မအပေါ် မကျေမနပ်ဖြစ်တဲ့အကြောင်း ထုတ်ဖော်လာကြရပါတယ်။ ကနေ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုပုံသဏ္ဍာန်ဟာ ပြည်နယ်များရဲ့ အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်မယ့် ပုံစံမျိုး၊ ညီမျှသော ပြည်ထောင်စုစနစ်မျိုး မဟုတ်ကြောင်းကိုလည်း တွေ့မြင်လာခဲ့ကြရပါတယ်။

အခုလို ကျွန်တော်တင်ပြအစီရင်ခံလိုက်တော့ ပြည်မတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်တော်များက ကျွန်တော့်အပေါ် တမျိုးမျိုး ထင်ရောင်ထင်မှား ရှိချင်ရှိကြပါလိမ့်မည်။ ဒါပေမယ့် ကနေ့နီးနှောဖလှယ်ပွဲမှာ မိသားစုစိတ်ဓါတ်၊ ပြည်ထောင်စုစိတ်ဓါတ်နဲ့ ပြည်နယ်များပြဿနာကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြမှာမို့ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသားနှင့် ဆက်လက်တင်ပြပါရစေ။

တတိယအချက်ကတော့ အထက်က ကျွန်တော်အစီရင်ခံခဲ့သလို ဟုတ်မဟုတ် ဆန်းစစ်ကြည့်လိုက်ရင် လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ နိဒါန်းနှင့် အဲဒီနိဒါန်းကို အခြေပြုပြီး ရေးဆွဲပြဋ္ဌာန်းထားတဲ့ နောက်အပိုဒ်တွေကို နှိုင်းယှဉ်ကြည့်ပြီး၊ စီစစ်လိုက်ပါရင် ရှေ့နှင့်နောက် မကိုက်ညီတာ တော်တော်များများတွေ့ရပါလိမ့်မယ်။ ဒီအချက်အလက်တွေကိုတော့ ကျွန်တော်အထူး မဖေါ်ပြလိုပါဘူး။ ကျွန်တော့်ထက် ဥပဒေကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်များပိုမိုသိရှိ နားလည်တော်မူကြပါတယ်။ အဲဒီလို ဥပဒေနိဒါန်းမှာ တရားမျှတခြင်း၊ ညီမျှခြင်း၊ လွတ်လပ်ခြင်းဆိုတဲ့ လောကပါလတရားတွေကို ထုတ်ဖေါ်ပြဋ္ဌာန်းထားလင့်ကစား နောက်အပိုဒ်တွေမှာ ဒီတရားတွေရဲ့အခြေခံနဲ့ ဆန့်ကျင်နေတဲ့ အကြောင်းရင်းဟာ ကျွန်တော်တို့အတွက် အထူးဝမ်းနည်းစရာတရပ်ဖြစ်ပါတယ်။ အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်စေချင်တဲ့ ဆန္ဒပြင်းပြင်းပြပြပေါ်ပေါက်လာရတာလဲ ဒီအကြောင်းရင်းကြောင့်ဘဲ ဖြစ်ပါတယ်။

အခြေခံဥပဒေထဲက အကြောင်းပြချက်တချက်အနေနဲ့ ဖေါ်ပြရမယ်ဆိုရင် အခြေခံဥပဒေ ပုဒ်မ (၂၂၂) အရ၊ ပြည်မဟာ အခြားပြည်နယ်များနည်းတူ ပြည်ထောင်စုအဖွဲ့ဝင်တခုဖြစ်ပေမယ့် အခြေခံဥပဒေပုဒ်မ (၈) အရ၊ အခြားသောပြည်နယ်များအပေါ်မှာ ပြည်ထောင်စုအနေနဲ့ စိုးမိုးအာဏာလွှမ်းလာလို့ ပြည်နယ်များဟာ တကယ်ဘဲ မကျေမနပ်ဖြစ်ခဲ့ရပါတယ်။ အမှန်မှာ ဒီပုဒ်မရဲ့အတွင်းအနှစ်သာရဟာ ပြည်မဟာနယ်တနယ်အဖြစ် ပြည်ထောင်စုအဖွဲ့ဝင်တဦးဖြစ်သင့်ပေမယ့် ပြည်မဟာ ပြည်ထောင်စုအာဏာများလက်ဝယ်ရရှိပြီး၊ အဲဒီ အာဏာတွေနဲ့ ပြည်နယ်များအပေါ်မှာ စိုးမိုးလွှမ်းခြုံလာတယ်လို့ ပြည်နယ်များကယုံကြည်ကြပါတယ်။

ဒါကြောင့် ကျွန်တော်က နောက်ဆုံးစတုတ္ထအချက်အနေနဲ့ ပြည်နယ်များရဲ့ဆန္ဒကို ထုတ်ဖေါ်ရန် တာဝန်ရှိသည်နှင့်အညီ ကျွန်တော်တို့လိုလားတောင့်တတဲ့ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ ပုံစံဟာပြည်နယ်တိုင်းဟာ တန်းတူညီတူအခွင့်အရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံပြုတဲ့ ပြည်ထောင်စုစနစ်မျိုးဖွဲ့စည်းရေးဘဲဖြစ်ပါတယ်။ ဒီလို တန်းတူညီတူအပေါ် ဖွဲ့စည်းရေးကို အခြေခံတဲ့အခါမှာ ရသင့်သောဒေသများကို ပြည်နယ်ဖွဲ့စည်းပေးပြီး၊ ပြည်မအတွက်လည်း ပြည်နယ်တနယ်ဖွဲ့စည်းမှသာ တန်းတူရေးအခြေခံဟာ အကောင်အထည်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစနစ်ဖွဲ့စည်းပုံ ပုံသဏ္ဍာန်ကို တင်ပြအစီရင်ခံရပါရင် —

(၁) ပြည်မကို ပြည်နယ်တနယ် ဖွဲ့စည်းရေး၊
(၂) လွှတ်တော် (၂) ရပ် အာဏာတူပေးရေး၊
(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း ပြည်နယ်တိုင်း တူညီသော ကိုယ်စားလှယ်ပေးရေး၊
(၄) ပြည်နယ်များက မိမိဆန္ဒအလျောက်လွှဲအပ်သောအာဏာများကို ပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေး၊

ဆိုတဲ့အချက်အပေါ် ပြည်နယ်များညီညွတ်ရေးအဖွဲ့ကတင်ပြထားတဲ့ ပြည်ထောင်စုစနစ်ပုံစံအတိုင်း အခြေခံဥပဒေမျိုးပြင်ဆင်စေခြင်းပါဘဲ။

လေးစားအပ်သော သဘာပတိကြီးနဲ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများခင်ဗျား၊ ပြည်ထောင်စုကိုယ်စားလှယ်တော်များ၊ ပြည်မနိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား၊ ယခု ကျွန်တော်တင်ပြထားတဲ့ အဓိကအချက်ကြီး (၄) ချက်ဖြစ်တဲ့ —

(၁) ပြည်ထောင်စုဖြစ်ပေါ်လာပုံ၊
(၂) ပြည်နယ်များလက်ရှိအခြေအနေ၊
(၃) လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊
(၄) ပြည်ထောင်စုဖွဲ့စည်းရေး၊

ဆိုတာတွေကို အလေးအနက်စဉ်းစားဝေဖန်ပိုင်းခြားပြီး ကျွန်တော်တို့ပြည်နယ်များအပေါ် မိသားစုစိတ်ဓါတ်နဲ့ကြည့်ပြီး ပြေလည်တဲ့အထိ ညှိနှိုင်းဆွေးနွေးဖြေရှင်း ကြစေလိုပါတယ်။

(၁၄) နှစ်ကျော်ကျော် ကြုံတွေ့ခံစားလာခဲ့ရတဲ့ ကျွန်တော်တို့ပြည်နယ်များရဲ့ အခြေအနေတွေကိုလည်း သိစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ပြည်နယ်များညီညွတ်ရေးအဖွဲ့ကိုယ်စား တင်ပြခွင့်ရရှိတာကိုလည်း အထူးဘဲကျေးဇူးတင် ဝမ်းမြောက်လှပါတယ်။ အခု ကျွန်တော်တို့ရဲ့ တင်ပြချက်ဟာ လွတ်လပ်ရေး (၁၄) နှစ်တာ လမ်းခရီးရဲ့အတွေ့အကြုံများအရ ဒီနေ့ ရော့ရဲနေတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြန်လည်ခိုင်မာစွာ တည်ဆောက်နိုင်ရန်အတွက် အထက်ပါ "မူ" အတိုင်း လုပ်ဆောင်နိုင်မှသာ ဖြစ်မြောက်အောင်မြင်လိမ့်မယ်လို့ အလေးအနက်ယုံကြည်ပြီး တင်ပြရခြင်းဖြစ်ပါတယ်။

ဒါကြောင့် အခုလို ကျွန်တော်များမိသားတစု မိသားစုစုံလင် နှီးနှောဖလှယ်ပွဲကြီးက ထမြောက်အကောင်အထည်ဖေါ်ပေးတဲ့ ဝန်ကြီးချုပ်ဦးနုကို အထူးကျေး

ပြည်နယ်များညီညွှတ်ရေးအဖွဲ့မှတင်သွင်းသော

ဖူးတင်ဝမ်းမြောက်ကြောင်း ပြောပြရင်း ကျွန်တော်တို့ပြည်ထောင်စုကြီးရဲ့ ပြဿနာများကိုလည်း အထူးဘဲဖြေရှင်းပေးနိုင်ကြပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံ၍ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲပါစေဟု ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

(ဩဘာသံများ)။

* * * * * * * * * *

အခန်း (၄)

## ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူဝါဇော်လွန်း ၏ဆွေးနွေးတင်ပြချက်

ကချင်ပြည်နယ်ကိုယ်စားလှယ် ဒူးဝါးဇော်လွန်း က ထောက်ခံတင်ပြပါလိမ့်မယ်။

(သြဘာသံများ)။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံရေးအဖွဲ့အသီးသီးမှ ခေါင်းဆောင်များခင်ဗျား၊ ဒီနီးနှောဖလှယ်ပွဲကျင်းပရခြင်းဟာ ကျွန်တော်များရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြီးကို ဆန်းစစ်ရအောင်လို့ နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်လိုက်ခြင်း ဖြစ်တယ်လို့ ယူဆမိပါတယ်။

အခုလို တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်ပေါင်းစုံ နိုင်ငံရေးအသီးသီးခေါင်းဆောင်ပေါင်းစုံညီစွာ ဆုံမိကြခြင်းဟာ အကြောင်းမဲ့ဆုံကြခြင်းမဟုတ်ပါ။ အကြောင်းရှိလို့သာ စုံညီစွာဆုံမိကြခြင်း ဖြစ်ပါတယ်။ အနာတခုခုတော့ ဖြစ်နေပြီ။ သည်အနာကို စောစောစီးစီးအချိန်မီ မကုသဖြစ်လျှင် ဒုက္ခတွေ့ကြတော့မယ်ဆိုတာကို တင်ကြိုမြင်တဲ့၊ မြင်မိတဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က အနာတခြား ဆေးတခြား မဖြစ်ရလေအောင် မိသားစုတွေကိုခေါ်ပြီး အနာနဲ့တည့်တဲ့ဆေးနည်းရှာအောင်လို့ ဖိတ်ခြင်းသာ ဖြစ်တာဘဲလို့လည်း ယူဆမိပါတယ်။ ကျွန်တော်များတို့တတွေ ဒုက္ခတွေ့ယုံသာမက ကာလနာကျပြီး တရွာလုံးပျက်နိုင်မယ့် ဘေးအန္တရာယ်ဆိုးကြီးကို အဝေးက မြင်မိပြီး ကာကွယ်တဲ့ဆေးဖော်ဖို့ စီစဉ်လိုက်သောဝန်ကြီးချုပ်အားကျွန်တော်များ ကျေးဇူးမတင်ဘဲ မနေနိုင်ပါ။

ဤ နီးနှောဖလှယ်ပွဲကြီးဟာဖြင့် ပြည်ထောင်စုကြီးအတွက် အဘိုးမဖြတ်နိုင်တဲ့အမြတ်ထွက်လိုက်မယ်လို့ယုံကြည်မိတဲ့အတွက် အလွန်လေးနက်လှသော နီးနှောဖလှယ်ပွဲကြီးဟု လေးစားမိတယ်။

အနာတခုခုတော့ဖြစ်နေပြီဆိုတာလူတိုင်းသိနိုင်ပါပြီ၊ ဒီအနာဟာ ဘာအနာမျိုးလဲ။ ဘယ်ကပေါ်လာတဲ့ အနာလဲဆိုတာကို ဇစ်မြစ်ရှာပြီးမှ ဆေးကုလွယ်ပါလိမ့်မယ်။ ပြည်ထောင်စုအတွင်းမှာ ပြည်ထောင်စုတခုလုံးကိုထိခိုက်စေတဲ့ အနာအဆာပေါ်လာလျှင် ဝိုင်းဝန်းကာကွယ်ကုစားဖို့၊ တာဝန်ရှိကြတဲ့အတိုင်း ပြည်နယ်များညီညွတ်ရေး အဖွဲ့ဥက္ကဌကြီး၏ တင်ပြချက်များကိုထောက်ခံရင်း အနည်းငယ်ထပ်ဖြည့်တင်ပြလိုက်ပါတယ်။

အခုအချိန်အခါမှာ ပြည်နယ်သားများဟာ မကျေမနပ်မှုများပြားလာပြီး၊ ပြည်မသားများအပေါ် ထင်ရောင်ထင်မှားဖြစ်လာတဲ့ ပွစိပွစိရောဂါဟာ တခြားအကြောင်းကြောင့်ပေါ်လာတာမဟုတ်ပါဘူး။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ချမှတ်ခဲ့တဲ့ ပြည်ထောင်စုဖွဲ့စည်းပုံနဲ့ ယခု အမှန်တကယ်ဖြစ်တည်နေတဲ့ ပြည်ထောင်စုဖွဲ့စည်းပုံဟာ များစွာကွဲပြားခြားနားနေတာကြောင့် တကြောင်း၊ လွတ်လပ်ရေးမရမီအချိန်နဲ့ လွတ်လပ်ရေးအရယူပြီးသော စပ်ကူးမတ်ကူးအချိန်တွင် တောင်တန်းဒေသလူနဲစုများဖြစ်သော ရှမ်း၊ ကချင်၊ ချင်းအစရှိတဲ့လူနည်းစုများကလွတ်လပ်ရေးရတဲ့အခါ ဘယ်လိုပြည်ထောင်စုမျိုးကို ဖွဲ့စည်း၍နေထိုင်လိုကြောင်း၊ ဗမာခေါင်းဆောင်များကို မိမိတို့ဆန္ဒအကြိမ်ကြိမ်ထုတ်ဖေါ်ခဲ့သော ပြည်ထောင်စုဖွဲ့စည်းပုံနဲ့ အမှန်ဖွဲ့စည်းခဲ့သော ပြည်ထောင်စုဖွဲ့စည်းပုံမှာ အတော်ကွဲလွဲ နေခြင်းကြောင့်တကြောင်း၊ ဝမ်းနည်းဖွယ် မကျေနပ်မှု အမျိုးမျိုးပေါ်လာခဲ့ပါတယ်။ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ချမှတ်ခဲ့တဲ့ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ပြည်နယ်သားများလိုလားတဲ့ ပြည်ထောင်စုဖွဲ့စည်းပုံမှာ အဓိကအခြေခံသဘောနဲ့ တူညီကြတဲ့အတွက် များစွာသဘောတိုက်ဆိုင်မှု ဖြစ်ပါတယ်။

ပြည်နယ်သားလူနည်းစုများက ဘယ်လိုပုံစံမျိုးဖြင့် ပြည်ထောင်စုတည်လိုတယ်ဆိုတာကို လွတ်လပ်ရေးမရမီ ၁၉၄၇ ခု ဖေဖေါ်ဝါရီလ တွင် တောင်ပိုင်း ရှမ်းပြည် ပင်လုံမြို့၌ ကျင်းပတဲ့ အမျိုးသားညီလာခံ၌ ဗိုလ်ချုပ်ခေါင်းဆောင်သော အမျိုးသားခေါင်းဆောင်များနဲ့ လူနည်းစုခေါင်းဆောင်များတွေ့ဆုံ၍ လွတ်လပ်ရေးရလာတဲ့အခါ တန်းတူညီမျှရေးကို အခြေခံထား၍ ပြည်ထောင်စုဖွဲ့စည်းရေး ဆွေးနွေးနားလည်မှု ရရှိခဲ့ကြပါတယ်။ ပြည်ထောင်စုကြီး မွေးထုတ်ပေးသော အမျိုးသားညီလာခံဖြစ်ခဲ့တယ်။ ရာဇဝင်တွင်လောက်သော ပင်လုံစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ကြပါတယ်။ ၎င်းအပြင် ၁၉၄၇ ခု ဧပြီလ မေမြို့ (DR. RERSE WILLIAM) ခေါင်းဆောင်သော နယ်စပ်ဒေသစုံစမ်းရေးကော်မတီရှေ့မှောက်တွင်လည်း ရှမ်း၊ ကချင် ကိုယ်စားလှယ်များက မိမိတို့ရဲ့လိုအင်ဆန္ဒကို မည်ကဲ့သို့ အစစ်ခံကြောင်း၊ အဆိုပါ ကော်မတီရဲ့အစီရင်ခံစာ၌ နယ်စပ်ဒေသများ၏ အနာဂတ်အရေး၊ ရှမ်းပြည်၊ ကချင်တောင်တန်းနယ်များမှ သက်သေများသည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ပါဝင်သော ပြည်ထောင်စုအတွင်း၌ မိမိတို့ပြည်နယ်များအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန် ဆန္ဒရှိကြောင်း။ သို့သော် အများနှင့်သက်ဆိုင်သော ဌာနအချို့ကို ပြည်ထောင်စုဗဟိုအစိုးရသို့ လွှဲအပ်ရန် သဘောတူကြောင်း စသည်ဖြင့် ရှမ်း၊ ကချင်များ၏ လိုအင်ဆန္ဒကို ပြခဲ့ကြပါတယ်။ တောင်

တန်းသားလူနည်းစုများရဲ့ လိုအင်ဆန္ဒအရဆိုလျှင် ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရန် ပင်ဖြစ်ပါတယ်။ လွတ်လပ်ရေးမရမီ အချိန်များ၌ အင်္ဂလိပ်နယ်ချဲ့ရဲ့ သွေးခွဲစနစ်ကြောင့် လူနည်းစုများဟာ လူများစုဖြစ်သော ဗမာလူမျိုးများအပေါ် အထင်အမြင်မှားမှုများ ရှိခဲ့ကြပါတယ်။ လွတ်လပ်ရေးအတူရယူရအောင်လို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဖိတ်ခေါ်စည်းတဲ့အခါ တွေဝေနေကြပါသေးတယ်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကချင်အမျိုးသားခေါင်းဆောင်များ ၁၉၄၆ ခု နိုဝင်ဘာလ (၂၉) ရက်နေ့၊ မြစ်ကြီးနားမြို့တွင် တွေ့ဆုံကြတဲ့အခါ၌၎င်း၊ ပင်လုံညီလာခံတွင် လူနည်းစုခေါင်းဆောင်များနဲ့ တွေ့ဆုံတဲ့အခါ၌၎င်း၊ ဖဆပလအဖွဲ့ချုပ်ပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းရေးဆွဲမယ့် အခြေခံဥပဒေနဲ့ ပတ်သက်ပြီး လမ်းညွှန်ပြောဌာန်းချက်များ တွေ့ရှိသောအခါ၌၎င်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှန်ကန်သော အမျိုးသားရေးဝါဒဖြစ်သော —

(၁) တိုင်းရင်းသားလူမျိုးများရဲ့တန်းတူရေး၊

(၂) လူမျိုးစုတိုင်းရပိုင်ခွင့် အပြည့်အဝရရှိစေရေး၊

(၃) လူမျိုးစုများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊

ကို ကြွန်တော်များကြားသိလာတဲ့အခါ ချက်ခြင်းစိတ်ပြောင်းလဲ၍ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာခေါင်းဆောင်များကို အယုံကြီး၍ အားကိုးအားထားပြုလာကြပါတယ်။ ရာဇဝင်တွင် မကြုံဘူးအောင် အမျိုးသားစည်းလုံးညီညွတ်ခြင်း ရခဲ့ကြပါတယ်။

တိုင်းပြည်ပြုလွှတ်တော်ခေါ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲကြစဉ်အခါ၌လည်း ဗမာ့ခေါင်းဆောင်များကို ဘယ်လောက်ယုံသွားသလဲဆိုတာကတော့ ပုံပြီး အပ်တဲ့အထိဖြစ်ခဲ့ကြတာပါဘဲ။ တိုင်းပြုပြည်ပြုညီလာခံကျင်းပနေဆဲအချိန်တွင် လူမသမာတစုရဲ့ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ခေါင်းဆောင်အချို့လုပ်ကြံခံရပြီးနောက်ပိုင်းတွင် အဆုံးသတ်ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သော မှန်ကန်သည့်အမျိုးသားဝါဒနဲ့လည်း မညီညွတ်၊ လူနည်းစုများလိုလားသော မူနဲ့လည်း ကွဲလွဲနေတာကို တစတစတွေ့မြင်လာကြပါတယ်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို (၁၄) နှစ်ပတ်လုံး ကျင့်သုံးလာတဲ့အခါ အခက်အခဲအမျိုးမျိုးတွေ့ကြုံ၍ မပြည့်မစုံဖြစ်နေတာကိုလည်း တွေ့ရပါတယ်။ ဤ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင့်သုံးလာတဲ့အခါ မူလအဓိကအခြေခံများ ပါမလာသောကြောင့် မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဆိုသလို ပြည်ထောင်စုရဲ့ အနှစ်သာရကွယ်ပျောက်ပြီး၊ ဆားမခတ်သော ဟင်းလျာကဲ့သို့ ပေါ့ပျက်ပျက်ဖြစ်နေပါတယ်။ လွတ်လပ်ရေးရခါစအချိန်တွင် လူ

နည်းစုများဟာ ဝမ်းသာမဆုံးဖြစ်ခါ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်တော့မယ် ကိုယ့်ပြည်နယ်ရဲ့တိုးတက်ကြီးပွားမှု အစွမ်းကုန်လုပ်နိုင်တော့မယ်လို့ အားတက်ကြပါတယ်။ မျှော်လင့်ကြပါတယ်။ သို့သော် တနှစ်မှ နှစ်နှစ်သို့ တစတစကြာလာတဲ့အခါ မိမိတို့မျှော်မှန်းချက်နဲ့ ကွာခြားလာသောအဖြစ်နဲ့ ရင်ဆိုင်ကြရသောအခါ မကျေမနပ်မှုဖြစ်လာကြပါတယ်။ စိတ်ပျက်လာကြပါတယ်။ ဗမာပြည်မသားများနဲ့ ဆက်ဆံတဲ့နေရာမှာလည်း မကြာခဏအဆင်မပြေမှု ဖြစ်ပေါ်လာခဲ့ကြပါတယ်။ ပြည်မသားများက ပြည်နယ်သားများအပေါ် ဖိနှိပ်တယ်၊ ချုပ်ချယ်တယ်၊ ဝင်စွက်တယ်၊ လူမျိုးကြီးဝါဒ သုံးတယ်လို့ထင်မြင်ခါ အတင်းအဖျင်းပြောလာကြပါတယ်။

ထိုကဲ့သို့သော အဖြစ်မျိုးဟာ ကချင်တမျိုးတည်းနဲ့သာ ဖြစ်တာမဟုတ်ပါ။ ရှမ်းနဲ့လည်း ဖြစ်ပေါ်တယ်။ အခြား လူမျိုးစုတိုင်းနဲ့လည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ဗမာလူမျိုးကြီးဝါဒ သုံးတယ်လို့ စွပ်စွဲလျှင် ဗမာခေါင်းဆောင်များက မဟုတ်ဘူးလို့ ငြင်းဆန်ကြမှာဘဲ။ လူမျိုးကြီးဝါဒမရှိမှန်းကို ကျွန်တော်များက ယုံကြည်ကြသော်လည်း လက်ရှိအခြေခံဥပဒေက လူမျိုးကြီးဝါဒရှိအောင် ဖန်တီးပေးနေတာကတော့ ငြင်းနိုင်ကြမယ် မထင်ပါ။ အခြေခံဥပဒေပုဒ်မ (၂၂၂) တွင် ဗမာပြည်မဟာ ပြည်ထောင်စုအဖွဲ့ဝင်တဦးသာ ဖြစ်ရမည်ဖြစ်သော်လည်း အခြေခံဥပဒေပုဒ်မ (၈) အရ အခြားအဖွဲ့ဝင်ပြည်နယ်များအပေါ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအနေနှင့် စိုးမိုး၍ အာဏာလွှမ်းမိုးခြင်းကို တွေ့ရပါလိမ့်မယ်။ ဤ အချက်သည်ပင်လျှင် ပြည်မသားများကို လူမျိုးကြီးဝါဒအတင်းထိုးပြီးပေးသကဲ့သို့ ဖြစ်စေ၍ လူမျိုးကြီးနဲ့ လူမျိုးငယ်နှစ်စားရှိအောင် ခွဲခြားစေသောအချက်ဖြစ်ပါတယ်။ ဒီအချက်သည်ပင်လျှင် တန်းတူရေး၊ မှန်ကန်သည့် အမျိုးသားဝါဒနှင့် ဖီလာဆန့်ကျင်နေပါသည်။ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဥပဒေရေးရှုဒေါင့်၊ အုပ်ချုပ်ရေးရှုဒေါင့်၊ အမျိုးသားရေးရှုဒေါင့်ကကြည့်လျှင် အမျိုးသားရေးလက္ခဏာကို မဆောင်၊ ချို့ယွင်းနေသည့်အတွက် ယခုအခါ အမျိုးသားများစည်းလုံးညီညွတ်မှုဟာ ရော့ရဲလာခြင်းဖြစ်ပါတယ်။ ကချင်ပြည်နယ်နဲ့ သက်ဆိုင်သောအခြေခံဥပဒေ၌ အခြားပြည်နယ်များနဲ့ တမူထူးခြားပြီး၊ လူမျိုးရေးခွဲခြား၍ အခွင့်အရေးကာကွယ်ပေးထားသောပုဒ်မများထည့်သွင်းထားတာကို တွေ့ရပါတယ်။ ဒီအချက်ဟာလည်း အမျိုးသားရေးကို မဆောင် လူမျိုးရေးပဋိပက္ခမှုကို အစဉ်ဖန်တီးပေးရာရောက်စေပါတယ်။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း လက်ရှိအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုဖွဲ့စည်းပုံဟာ ချို့ယွင်းချက်ပြည့်နှက်နေတဲ့အတွက် မကျေနပ်မှုတွေ၊ အထင်လွဲမှားမှုတွေ ပေါ်ထွက်လာပြီး၊ အမျိုးသားများရဲ့ စည်းလုံးမှုကို ထိခိုက်

ရော့ရဲ စေခဲ့ပါတယ်။ ဤ အတိုင်းသာ ဆက်လက်သွားကြမယ်ဆိုလျှင် ပြည်ထောင်စုကြီးပြိုကွဲရန်ပင် စိုးရိမ်ပူပန်ခဲ့ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မြဲ၍ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရန်မှာ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့လိုပါတယ်။ ပြင်တဲ့အခါလည်း မှန်ကန်တဲ့အမျိုးသားရေးလက္ခဏာကို ဆောင်သောတန်းတူရေးနဲ့ ရပိုင်ခွင့်အပြည့်အဝ ရရှိရေးကို အဓိကအခြေခံထားလျက် —

(၁) ဗမာပြည်မကိုပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်ဖွဲ့ရေး၊
(၂) လွှတ်တော် (၂) ရပ်အား အာဏာတူပေးရေး၊
(၃) လူမျိုးစုလွှတ်တော်တွင် တူညီသောကိုယ်စားလှယ်စေလွှတ်ရေး၊
(၄) အများနှင့်သက်ဆိုင်သောဌာနအချို့ကို ဗဟိုအစိုးရသို့အာဏာလွှဲအပ်၍ ကျန်အာဏာများအားလုံးကို ပြည်နယ်၌ထားရှိရေး၊
(၅) ပြည်ထောင်စုဘဏ္ဍာတော်ကို မျှတစွာခွဲဝေရေး၊

စသောအချက်များပါဝင်သည့် ပြည်ထောင်စုကျန်အင်လက္ခဏာနှင့်ပြည့်စုံသည့် ပြည်ထောင်စုပြုပြင်ဖွဲ့စည်းမှုသာလျှင် အမျိုးသားစည်းလုံးညီညွတ်မှုကြီး ခိုင်မြဲမယ် ပြည်ထောင်စုကြီးလည်း တည်တံ့မယ်လို့ တထစ်ချယုံကြည်ကြပါတယ်။

ကျွန်တော်များ ဖက်ဒရယ်ခေါ်တဲ့ ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရန် အဆိုပြုခြင်းဟာ လူမျိုးရေးကို နှိုးဆွပေးနေခြင်း မဟုတ်ပါ။ Confederation ခေါ်တဲ့ အလွန်မြင့်မားတဲ့ ပြည်ထောင်စုဖွဲ့ရန် အရေးဆိုခြင်းလည်း မဟုတ်ပါ။ အမျိုးသားစည်းလုံးညီညွတ်မှုကို တကယ်ရယူနိုင်သော ပြည်ထောင်စုစစ်စစ်ကို ဖွဲ့စည်းခြင်းသာ မှန်ကန်သည်ဟု ယုံကြည်ကြခြင်းဖြစ်သည့်အတွက် တင်ပြရခြင်းဖြစ်ပါတယ်။

(သြဘာသံများ)။

* * * * * * * * * *

၁၈

အခန်း (၅)

# ချင်းအထူးဝိသေသတိုင်းကိုယ်စားလှယ် ကပ္ပတိန်မန်းတုံနုံး၏ ဆွေးနွေးတင်ပြချက်

အစီအစဉ် (၆) အရ၊ ချင်းအထူးဝိသေသတိုင်း ကိုယ်စားလှယ် မဟာသရေစည်သူ ကပ္ပတိန် မန်းတုံနုံးက ထောက်ခံတင်ပြရန်ဖြစ်ပါတယ်။

(သြဘာသံများ)။

လေးစားအပ်ပါသော သဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ အစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်ကိုယ်စားလှယ်များ၊ ပြည်နယ်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ခုလို နီးနှောဖလှယ်ပွဲညီလာခံမှာ ကျွန်တော် စကားပြောခွင့်ရတဲ့အတွက် အထူးဘဲ ကျေးဇူးတင်ပါတယ်။

ကျွန်တော် တင်ပြဆွေးနွေးလိုတာကတော့ ဖက်ဒရယ်မူကိစ္စနဲ့ပတ်သက်ပြီး ဘာကြောင့် ကျွန်တော်တို့ ဖက်ဒရယ်မူ၊ ပြည်ထောင်စုမူကို လိုလားနေရတယ် ဆိုတဲ့ အကြောင်းဘဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး စဝ်ခွန်ချိုမိန့်ကြားသွားသည့်အတိုင်း ဆက်လက်ပြီးထောက်ခံသွားလိုပါတယ်။ လွန်ခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖေဖေါ်ဝါရီလအတွင်းမှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံကြီးက အစပြုပြီး ပြည်ထောင်စုကြီးပေါ်ပေါက်လာတယ်ဆိုတာဟာ မှန်ပါတယ်။ ထိုအချိန်က တောင်တန်းဒေသများနဲ့ ဗမာပြည်မမှာရှိတဲ့ ခေါင်းဆောင်တွေဟာ ပူးပေါင်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြလို့ လွတ်လပ်တဲ့ပြည်ထောင်စုနိုင်ငံတော် ရယ်လို့ဖြစ်ပေါ်လာရတယ် ဆိုတာလည်း အမှန်အတိုင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်ထောင်စုစနစ်ကို ကြိုက်နှစ်သက်လို့ ပြည်ထောင်စုရယ်လို့ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလမှာ ကျင်းပတဲ့ တိုင်းပြည်ပြုလွှတ်တော်မှာ ပြည်ထောင်စုသဘောသက်ရောက်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို တင်ပြစဉ်က ကျွန်တော်တို့အားလုံး လွယ်လွယ်ကူကူနဲ့ ဝိုင်းဝန်းထောက်ခံခဲ့ကြပါတယ်။ ဒီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပြည်ထောင်စုစိတ်ဓါတ်၊ ပြည်ထောင်စုသဘောထားများနှင့်အညီ လက်ခံ

ကျင့်သုံးသွားနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ယုံကြည်မျှော်လင့်ထားသလို ဖြစ်မလာဘူးလို့ ဆိုချင်ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပြည်ထောင်စုသဘောမတက်ရောက်သလို ဖြစ်နေတာ အတော်ကြာကြာလက်တွေ့ခံစားလာတဲ့အခါမှာ သိရှိလာရပါတယ်။ ကျွန်တော်တို့တောင်တန်းဒေသ လူနည်းစုတွေဟာ ဘယ်လိုစိတ်ဓါတ်နဲ့ ပြည်ထောင်စုကြီးတည်တံ့အောင် ပြည်ထောင်စုကြီးကိုတည်ဆောက်ကြတာဖြစ်တော့ ပြည်ထောင်စုကြီးမှာ အဓိကဦးဆောင်နေတဲ့ နောင်တော်ပြည်မက ခေါင်းဆောင်တွေ အပေါ်မှာယုံကြည်အားထားကြပါတယ်။

ကျွန်တော်တို့ လိုလားယုံကြည်အားထားတဲ့ ပြည်ထောင်စုပုံစံဟာလည်း ပြည်မနဲ့တောင်တန်းဒေသက လူနည်းစုတွေ ညီတူညီမျှအခွင့်အာဏာရှိတဲ့ ပုံစံမျိုး ဖြစ်ကြမှာဘဲလို့ထင်မှတ်ကြပါတယ်။ သို့သော်လည်း ကျွန်တော်တို့ထင်မှတ်သလို လက်ရှိပြည်ထောင်စုရဲ့ ပြည်နယ်များရဲ့အခြေအနေက ဒီလိုဖြစ်မလာတာ ကျွန်တော်တို့ တွေ့မြင်ကြတဲ့အတိုင်း အစီရင်ခံပါရစေ။

လွတ်လပ်ပြီးစအခါ၊ ရပြီးလို့ (၁၄) နှစ်အတောအတွင်းမှာ ကျွန်တော်တို့ ဆန်းစစ်ကြည့်လိုက်တော့ ပြည်နယ်တောင်တန်းဒေသတွေရဲ့ မူလကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေဟာ ပျောက်ကွယ်ရတော့မလို ဖြစ်နေတာ တွေ့ရပါတယ်။

ပြည်ထောင်စုကြီးမှာ ပြည်ထောင်စုစိတ်ဓါတ်တွေကျဆင်းနေပြီ။ ပြည်ထောင်စုသဘောထားဆိုတာလည်း ဘာကိုယူရမှန်းမသိအောင် ဖြစ်နေပါတယ်။ ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနိဒါန်းမှာပါတဲ့ တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှု ဆိုတဲ့စကားတွေဟာလည်း အဓိပ္ပါယ်နည်းနည်းဘဲ ရှိတော့တယ်လို့ ကျွန်တော်တို့ထင်မိပါတယ်။ ကျွန်တော်တို့ ပြည်နယ်တောင်တန်းဒေသက လူနည်းစုတွေဟာ လက်ရှိပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပေါ်မှာ သံသယရှိနေကြတယ်။ ပြည်ထောင်စုအဖွဲ့ဝင်ဆိုတာကို အဓိပ္ပါယ်ပိုင်းခြားတဲ့အခါမှာ ပြည်နယ်နဲ့ပြည်မ ဟု ပြည်မ၊ ပြည်နယ် နှင့် ပြည်နယ်မဟုတ်တဲ့ ကျန်နယ်မြေဒေသဆိုတဲ့ ပြည်ထောင်စုအဖွဲ့ဝင် နှစ်မျိုးဘဲရှိတယ်။ အခု ကျွန်တော်တို့ပြည်မလို့ ခေါ်နေတာဟာ စင်စစ်တော့ ပြည်ထောင်စုအဖွဲ့ဝင် ဘဲဖြစ်ပါတယ်။ ပြည်နယ်တွေဟာလည်း ပြည်ထောင်စုအဖွဲ့ဝင်တွေဘဲ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်ထောင်စုအဖွဲ့အာဏာကို ချုပ်ကိုင်စိုးမိုးနေတာကတော့ ပြည်မသာလျှင် ဖြစ်နေတော့ ပြည်ထောင်စုအဖွဲ့ဝင်အချင်းချင်းတွေမှာ အငြင်းပွားစရာ၊ မကျေနပ်စရာတွေ ဖြစ်လာကြပါတယ်။ ဒီလို အငြင်းပွားမှု၊ မကျေနပ်မှုတွေ မကြာခဏဖြစ်လာတော့

ဘယ်သူက ဘယ်လိုဖြေရှင်းပေးမလဲ။ မဖြေရှင်းနိုင်လို့ ပြဿနာတွေစုပုံပြီးဖြစ်လာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို မထိခိုက်ပေဘူးလား။ ဒါကို အလေးအနက် စဉ်းစားကြစေချင်ပါတယ်။

နောက်ပြီးတော့ မကျေနပ်မှု၊ နစ်နာမှုရှိတယ် ဆိုတာလဲ ပြည်နယ် ပြည်ထောင်စုအဖွဲ့ဝင်တွေက ခပ်များများဖြစ်နေတော့ ပြည်မအနေနဲ့ စဉ်းစားတဲ့အခါမှာ ဒါတွေဟာ အသေးအဖွဲ့တွေပါလို့ မယူဆစေချင်ဘူး။ ဒီလိုယူဆရင် အမှားကြီးမှားပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ မြင်တာကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲကြတဲ့အခါမှာ ပြည်ထောင်စုစနစ်ကြီး ပီပီသသဖြစ်အောင် ပြင်ဆင်ရေးဆွဲကြစေလိုပါတယ်။ ဒီလိုမှ မပြင်ဆင်၊ မပြင်ရင် ထပ်သလဲလဲ ပြဿနာတွေဖြစ်အုံးမှာဘဲ။ ပြည်ထောင်စုစိတ်ဓါတ်နဲ့ ပြည်ထောင်စုသဘောတရားတွေဟာ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ သတ်မှတ်ချက်တွေနဲ့ တိတိကျကျ ကိုက်ညီစေမှဖြစ်တော့မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥပမာဆိုရင် ကျွန်တော်တို့ ချင်းဒေသဟာ ပြည်ထောင်စုကြီး အထဲမှာ ဘယ်လို အဖွဲ့ဝင်မျိုးဖြစ်ထိုက်တယ်ဆိုတာ သီးသန့်သတ်မှတ်ပြီး ဖြစ်ပါတယ်။ ပြီးတော့ ပြည်ထောင်စုပါလီမန်နှင့် ပြည်နယ်ကောင်စီတွေရဲ့ ဆက်သွယ်မှုသဘောတရားတွေကိုလည်း ပြည်ထောင်စုစနစ်နဲ့ကိုက်ညီအောင် ထားရှိစေချင်ပါတယ်။ ဒီလို ပြည်နယ် ပြည်မဆိုပြီး ဆက်လက်ပိုင်းခြားမယ်ဆိုရင်တော့ ဒီ ပြည်ထောင်စုကြီးရဲ့ တည်တံ့ခိုင်မြဲရေးဟာ ရှိနိုင်ပါအုံးမလား၊ ဒီ ဒီမိုကရေစီရဲ့အနှစ်သာရကိုကော ရှာလို့တွေ့ပါအုံးမလား ဆိုတာ စိုးရိမ်စရာဖြစ်လာပါတယ်။

ဒါတွေကြောင့် ကျွန်တော်အကြံဉာဏ်ပေးထောက်ခံသွားချင်တာက ပြည်နယ် ပြည်မရယ်လို့ မခွဲဘဲ ပြည်နယ်ချည်းဘဲ စုပေါင်းထားတာဖြစ်ကြအောင် ပြည်မကိုလည်း ပြည်နယ်တခုအဖြစ်ဖွဲ့ပါ။ ဒါမှသာလျှင် ပြည်ထောင်စုအဖွဲ့ဝင်အချင်းချင်း ညီမျှမှုဖြစ်ပြီး၊ ပြည်နယ်တွေရဲ့ သံသယရှိမှုတွေဟာ ပြေပျောက်သွားနိုင်ပါတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

အခုကျွန်တော်တင်ပြသလို ပြည်နယ်အချင်းချင်းစုပေါင်းတဲ့ "မူ" ကိုလက်ခံမှ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ ဥပဒေပြုမှုအာဏာ ဆိုတဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့ အာဏာသုံးရပ်ကို တန်းတူမျှတမှု ရှိအောင်ခွဲဝေပြီး၊ ဗဟိုပြည်ထောင်စုကို သင့်လျော်တဲ့ အာဏာတွေသတ်မှတ်ပေးထားခြင်းဖြင့် စစ်မှန်တဲ့ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နောင်တော်ကြီးတတွေဖြစ်တဲ့ ပြည်မခေါင်းဆောင်ကြီးများကို ကျွန်တော်အလေးအနက်မေတ္တာရပ်ခံချင်တာက နောင်တော်တွေရဲ့ သဘောထားကြီးမှုကို ထင်ရှားအောင်ပြကြပါ။ ပညာရှိသတိနှင့်လည်း စဉ်းစားဝေဖန်ကြပါ။ ကျွန်တော်တို့ ဝိုင်းဝန်းတည်ဆောက်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကြီး မပြိုကွဲအောင်လည်း ထိန်းသိမ်းစောင့်ရှောက်တော်မူကြပါလို့ လေးနက်စွာ တောင်းပန်ပြောရင်း ကျွန်တော် နိဂုံးချုပ်လိုက်ပါတယ်။

(ဩဘာသံများ)။

* * * * * * * * * *

အခန်း (၆)

# ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး) ၏ ဆွေးနွေးတင်ပြချက်

နံပါတ် (၇) အစီအစဉ်အရ ရှမ်းပြည်နယ်ကိုယ်စားလှယ် ဦးထွန်းမြင့် (တောင်ကြီး) က ထောက်ခံမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး နိုင်ငံတော်ဝန်ကြီးချုပ်ခင်ဗျား၊ လေးစားအပ်တဲ့ သွေးချင်းကိုယ်စားလှယ်များခင်ဗျား၊ ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေး "မူ" ကို ကျွန်တော်တင်ပြလိုက်တယ် ဆိုရင်ဘဲ၊ မြန်မာပြည်မှ အမျိုးသားခေါင်းဆောင် အသီးသီးဆီမှ ရှုဒေါင့်အမြင် အမျိုးမျိုးနဲ့ သဘောထားတုန့်ပြန်မှု အမျိုးမျိုးပေါ် ထွက်လာခဲ့ပါတယ်။

မြန်မာပြည်ဟာ ဝံသာနုခေတ်ကနေပြီး ဖိုလ်ချုပ်အောင်ဆန်းခေတ်အထိ ဗြိတိသျှကိုလိုနီဘဝက လွတ်မြောက်အောင် လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့် ဆင်နွှဲလာခဲ့ပါတယ်။ ဟုမ်းရူး (Home Rule) ခေါ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကနေ လုံးဝ လွတ်လပ်ရေးအထိ၊ လွတ်လပ်ရေးအမျိုးမျိုးတောင်းဆိုခဲ့ကြပါတယ်။ ဒီ တောင်းဆိုချက်တွေကို မြန်မာအမျိုးသားများဘက်ကကြည့်ရင် အလွန်တရား သော တောင်းဆိုချက်များဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့သမားများဘက်က ကြည့် ရင် မတရားတဲ့ တောင်းဆိုချက်တွေလို့ ဖြစ်ပါတယ်။ မြန်မာအမျိုးသားဘက်က လွတ်လပ်ရေး၊ ဗြိတိသျှနယ်ချဲ့သမားများဘက်က ကိုလိုနီတည်မြဲရေး ရှုဒေါင့်အ မြင်ခြင်း မတူကြပါဘူး။

ဒီ ဥပမာနဲ့ ဒီနေ့ ကျွန်တော်တို့ အဖြစ်အပျက်ဟာ ထပ်တူထပ်မျှဆီလျော် တယ်လို့ ကျွန်တော်မဆိုလိုပါဘူး။ ဟိုအရေးက နယ်ချဲ့သမားနဲ့ ကိုလိုနီကျွန်ဘဝ ကျရောက်နေတဲ့ မြန်မာအမျိုးသားများ လွတ်လပ်ရေးတောင်းဆိုတဲ့ ဆက်ဆံရေး၊ အခု ကျွန်တော်တို့အရေးဟာ မိသားစုချင်း တန်းတူမှုတောင်းဆိုတဲ့ ဆက်ဆံရေး၊ ဆက်ဆံရေးအမျိုးအစားခြင်း ကွာခြားပါတယ်။ အထက်က ဥပမာကို ကျွန်တော် တင်စားဖေါ်ပြရတဲ့ ရည်ရွယ်ချက်က တခြားအကြောင်းကြောင့် မဟုတ်ပါဘူး။ ခံစားမှုဘဝကို ပေါ်လွင်စေလိုတဲ့ စေတနာကြောင့်ဘဲဖြစ်ပါတယ်။

ကျွန်တော်တို့တင်ပြတဲ့ ပြည်ထောင်စုစစ်စစ် "မူ" ရဲ့ အနှစ်သာရဟာ ဘာလဲ ဆိုရင် တန်းတူရေးဘဲဖြစ်ပါတယ်။ ပြည်ထောင်စုစစ်စစ်မူ ဆိုပြီး ကျွန်တော်တို့တင်

ပြတဲ့အခါမှာ နိုင်ငံရေးပုံသဏ္ဍာန်၊ အုပ်ချုပ်ရေးပုံသဏ္ဍာန်၊ အာဏာခွဲဝေရေးပုံသဏ္ဍာန် စသည်ဖြင့် ဖေါ်ပြထားတဲ့အတွက် ဒီနေ့ဖြစ်ပေါ်နေတဲ့ ပြဿနာဟာ အလွန်တရာ နက်နဲခက်ခဲနေသည်ဟု ယူဆစရာဖြစ်နေပါတယ်။ ကျွန်တော်တို့ လိုလားချက်ကို အရှင်းဆုံးစကားလုံးနဲ့ဖေါ်ပြရရင် ကျွန်တော်တို့ ဗမာ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် ညီအကိုမိသားစုတွေဟာ တန်းတူညီတူ ဆက်ဆံကြပါစို့၊ တန်းတူညီတူ ခံစားကြပါစို့လို့ ဆိုလိုက်ခြင်းဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုကို ပုဂ္ဂိုလ်အချို့က ဘယ်လိုအတွေး ပေါက်တယ်၊ ဘယ်လိုအဓိပ္ပါယ်ကောက်တယ် မပြောတတ်ပါဘူး။ လက်မခံနိုင်ဘူး။ မဖြစ်နိုင်ဘူးလို့ တုံးတိကြီး ငြင်းပယ်နေကြပါတယ်။ ဒီလို ငြင်းပယ်ခြင်းဟာ ကျွန်တော်တို့ခံစားရတဲ့ဘဝနဲ့ အဓိပ္ပါယ်ပြန်လိုက်ရင် မင်းတို့နဲ့တန်းတူညီတူဆက်ဆံလို့ မဖြစ်နိုင်ဘူး။ တန်းတူညီတူခံစားခွင့် မပေးနိုင်ဘူးလို့ အဓိပ္ပါယ်ပေါက်ပါတယ်။

ဗမာပြည်မသတင်းစာတွေကဘဲဖြစ်ဖြစ်၊ နိုင်ငံရေးခေါင်းဆောင်တွေကဘဲ ဖြစ်ဖြစ်၊ ဥပဒေပညာရှင်တွေကဘဲဖြစ်ဖြစ် ကျွန်တော်တို့တင်ပြလိုက်တဲ့ ပြည်ထောင်စုမှု ကို လက်မခံနိုင်ဘူး။ မဖြစ်နိုင်ဘူးလို့ ပြောလိုက်တဲ့အခါတိုင်း အခါတိုင်း၊ ကျွန်တော်တို့စိတ်မှာ ခုတင်က အဓိပ္ပါယ်အတိုင်း လာပြီးခံစားရပါတယ်။

ဗြိတိသျှအာဏာပိုင်များက လွတ်လပ်ရေးမပေးနိုင်ဘူးလို့ ပြောလိုက်တိုင်း ပြောလိုက်တိုင်း မြန်မာအမျိုးသားများစိတ်မှာ ခံစားရသလို၊ ပြည်ထောင်စုစစ်စစ်မှုနဲ့ပတ်သက်ပြီး၊ ဗမာနောင်တော်များဘက် ပစ်ပစ်ခါခါပြောလိုက်ဆိုလိုက်တိုင်း ကျွန်တော်တို့ ပြည်နယ်များရဲ့စိတ်မှာ အလားတူဝေဒနာ ခံစားရပါတယ်။ ကျွန်တော်တို့ပြည်နယ်အမျိုးသားတွေ ပြည်ထောင်စုစစ်စစ်မှုကို တောင်းဆိုကြတာဟာ အခွင့်ထူး အခွင့်မှုတွေကို တောင်းနေတာမဟုတ်ပါဘူး ဆိုတာကို ဒီနေရာမှာ ကျွန်တော်အစီရင်ခံ လိုပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်အမျိုးသားများအနေနဲ့ အစီရင်ခံရမယ်ဆိုရင် ကျွန်တော်တို့ဟာ ဗမာအမျိုးသားများနည်းတူ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့် အချုပ်အခြာအာဏာနဲ့ နေထိုင်လာကြပါတယ်။ ခေတ်ဟောင်းရာဇဝင်မှာ ရှမ်းအမျိုးသားများနဲ့ ဗမာအမျိုးသားများ ဆက်ဆံရေးဟာ တဖက်နဲ့တဖက်နာကျည်းစရာတွေရှိသလို၊ ချစ်ခင်မြတ်နိုးစရာတွေလည်း အမြောက်အများ ရှိပါတယ်။ လူမျိုးရေးအနွယ်အရ ရှမ်းအမျိုးသားတွေဟာ ယိုးဒယားနဲ့ပို၍နီးစပ်သော်လည်း လက်တွေ့ဆက်ဆံရေးအရ ဗမာနဲ့ပိုပြီးရင်းနှီးပါတယ်။ ခေတ်သစ်ရာဇဝင်ကို ကြည့်မယ်ဆိုရင်လည်း ဗြိတိသျှကျွန်သဘောက်ဘဝကို ရှမ်းနဲ့ဗမာဟာ အတူတူဘဲ

ကျခဲ့တယ်။ နယ်ချဲ့စိုးမိုးမှုအောက်မှာ အတူတူဘဲခံစားခဲ့ရကြတယ်။ လွတ်လပ်ရေးကိုလည်း ရှမ်းနဲ့ဗမာဟာ အတူတူလက်တွဲပြီး ရယူခဲ့ကြပါတယ်။ ကျွန်သပေါက်ဘဝကနေ အခြားကျွန်သပေါက်ဘဝတခုကို ပခုံးပြောင်းမှု ဗမာအမျိုးသားများ မလိုလားသလို ကျွန်တော်တို့ရှမ်းပြည်အမျိုးသားများကလည်း နည်းနည်းမှ မလိုလားပါဘူး။ ဗမာအမျိုးသားများနဲ့ လက်တွဲပြီး လွတ်လပ်ရေးရယူသလို လွတ်လပ်တဲ့ရှမ်းပြည်အမျိုးသားများဟာ လွတ်လပ်တဲ့ ဗမာပြည်အမျိုးသားများနဲ့ တန်းတူညီတူ ပူးပေါင်းပြီး ပြည်ထောင်စုကို ဖွဲ့စည်းနေထိုင်နေကြပါတယ်။

၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် တိုင်းပြည်ပြုလွှတ်တော်ခေါ်ဆို ကျင်းပတဲ့နေ့အထိ ကျွန်တော်တို့ရှမ်းအမျိုးသားများဟာ ဗမာပြည်မအမျိုးသားများနဲ့ ပူးတွဲလွတ်လပ်ရေးရယူပြီး ပြည်ထောင်စုစစ်စစ်မှု ပူးပေါင်းဖွဲ့စည်းနေထိုင်လိုကြောင်း ဆန္ဒထုတ်ဖေါ်ခဲ့တဲ့သက်သေသာဓက အထောက်အထားတွေ၊ စာရွက်စာတမ်းတွေဟာ ယနေ့မပျောက်ကွယ်နိုင်သေးပါဘူး။ ရှမ်းမှု လို့ခေါ်တဲ့ စာအုပ်ပြာထဲမှာ အပြည့်အစုံဖေါ်ပြထားပါတယ်။ ကျွန်တော်တို့ ရှမ်းမှုကိုတင်လိုက်တာနဲ့ ပတ်သက်ပြီး၊ တချို့ပုဂ္ဂိုလ်က ခင်ဗျားတို့ရှမ်းတွေ ဘယ်လိုစိတ်ကူးပေါက်လို့ ပြည်ထောင်စုစစ်စစ်ဆိုတဲ့မှုကို အခုလိုဖြုံးစားကြီး ထပ်တောင်းလာတာလည်းလို့ မေးကြပါတယ်။ တချို့ပုဂ္ဂိုလ်တွေကလည်း ခင်ဗျားတို့ကို ဘယ်သူမြှောက်ပေးလိုက်သလဲ၊ ဘယ်သူ့ပရောဂနဲ့ တောင်းတာလည်းလို့ မေးကြပါတယ်။ ဒီလိုမေးခံရတဲ့အတွက် ကျွန်တော်တို့ဟာ စိတ်ထဲအတော်ဘဲ ထိခိုက်နာကျည်းမိ ခဲ့ကြပါတယ်။ အမှန်တော့ ကျွန်တော်တို့ဟာလည်း ပုထုဇဉ်သားတွေ မဟုတ်ပါလား။ ပုထုဇဉ်တို့သဘာဝ စိတ်ထိခိုက်နာကျည်းတာဟာ အဆန်းမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ သဘောထားကြီးကြီးနဲ့ သည်းခံခဲ့ကြပါတယ်။ ဗမာအမျိုးသားခေါင်းဆောင်ကြီးများ၊ သတင်းစာဆရာများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများဆီကို ကျွန်တော်တို့ ရှမ်းပြည်နယ် ဥက္ကဌကြီး စဝ်ခွန်ချို ကိုယ်တိုင်ဦးစီပြီး ခယဝပ်တွားစွာသွားရောက်ရှင်းပြခဲ့ပါတယ်။ ဒါကြောင့်လည်း အထင်မှားမှုတွေ ဒီလိုမလိုလားအပ်တဲ့ မေးခွန်းမျိုးတွေ နောက်ထပ်ပေါ်မလာတော့ပါဘူး။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ညီအကိုကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုစစ်စစ်မှုကို တင်ပြတောင်းဆိုတာဟာ ဗမာပြည်မအပေါ် အနိုင်ကျင့်လိုတဲ့သဘောမျိုး၊ အကြပ်ကိုင်လိုတဲ့သဘောမျိုး၊ အခွင့်ထူးပိုတောင်းတဲ့သဘောမျိုးနဲ့ တောင်းဆိုခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ပြည်နယ်များဟာ ပြည်မနဲ့တန်းတူမှု မရှိဖြစ်နေတာကို တန်းတူမှုရှိလာအောင် တောင်းဆိုနေကြခြင်းသာ ဖြစ်ပါတယ်။

လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ကျွန်တော်တို့ကို ဗမာပြည်မနဲ့ တန်းတူမှုနေရာမှာမထားဘူး။ နိုင်ငံရေး၊ စီပွားရေး၊ လူမှုရေးမှာ ညီမျှတဲ့အခွင့်အရေးမပေးဘူး။ အဖက်ဖက်က နစ်နာစေတယ်လို့ ကျွန်တော်တို့ရိုးသားစွာ တွေ့မြင်နေကြပါတယ်။ ဒါကြောင့် တန်းတူညီမျှမှုမရှိတဲ့ ဒီ အခြေခံဥပဒေကြီးကို တန်းတူမှုရှိလာအောင် ပြန်လည်ပြင်ဆင်ကြပါစို့လို့ ကျွန်တော်တို့က မိသားစုစိတ်ဓါတ်နဲ့ ရိုးရိုးသားသားတောင်းဆိုကြခြင်း ဖြစ်ပါတယ်။

ဒါဟာ ကျွန်တော်တို့ ပြည်ထောင်စုစစ်စစ်မှုရဲ့ လိုရင်းအတိုချုပ်ဘဲဖြစ်ပါတယ်။ ဒီအခြေခံဥပဒေကြီးကို တိုင်းပြည်ပြုလွှတ်တော်တုန်းက ခင်ဗျားတို့ရှမ်းပြည်က ကိုယ်စားလှယ်တွေပါဝင်ရေးဆွဲပြီး သဘောတူခဲ့တာဘဲ မဟုတ်လားလို့ တချို့ပုဂ္ဂိုလ်တွေက မေးကြပါတယ်။ မှန်ပါတယ် တိုင်းပြည်ပြုလွှတ်တော်တုန်းက ကျွန်တော်တို့ရှမ်းပြည်က ကိုယ်စားလှယ်တွေဟာ ပါဝင်ရေးဆွဲပြီး သဘောတူထောက်ခံခဲ့ပါတယ်။ ဘယ်လိုခံယူချက်နဲ့ သဘောတူခဲ့တယ်ဆိုတာကို ဆက်ပြီးရှင်းပြပါရစေ။

တိုင်းပြည်ပြုလွှတ်တော်ကို တက်ခဲ့ကြတဲ့ ကျွန်တော်တို့ရှမ်းပြည်က ကိုယ်စားလှယ်တွေဟာ နိုင်ငံရေးအတွေ့အကြုံများ မရှိခဲ့ကြပါဘူး။ ဥပဒေလည်း မကျွမ်းကျင်ကြဘူးဆိုတာကို ကျွန်တော်ရိုးသားစွာ ဝန်ခံလိုပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ပြုလွှတ်တော်ကို တက်ကြတာဟာ ဥပဒေရေးဆွဲဖို့ထက် ကျွန်တော်တို့နယ်စပ်ဒေသ မပါတဲ့လွတ်လပ်ရေးဟာ အဓိပ္ပါယ်မရှိသလို ဗမာမပါတဲ့ နယ်စပ်ဒေသအရေးဟာလည်း အဓိပ္ပါယ်မရှိဘူးလို့ ကျွန်တော်တို့ယုံကြည်ကြတဲ့အတိုင်း၊ ဗမာပြည်မနဲ့ တန်းတူပူးတွဲပြီး လွတ်လပ်သောပြည်ထောင်စုတည်ဆောက်လိုတဲ့ ဇောက ပိုပြီးကြီးနေပါတယ်။ နယ်ချဲ့လက်အောက်က အမြန်လွတ်ဖို့ အရေးကြီးတယ်။ နယ်ချဲ့သမားတွေ မရှိတဲ့နောက် သွေးချင်းသားချင်းတွေ အထူးပြောနေစရာမလိုဘူးလို့ ရိုးရိုးဘဲယူဆခဲ့ကြပါတယ်။

တိုင်းပြည်ပြုလွှတ်တော်လုပ်ငန်းဆောင်ရွက်နေစဉ်တုန်းက ကော်မတီအစည်းအဝေးတခုမှာ ကျွန်တော်တို့ အလွန်ယုံကြည် အလွန်ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကားတခွန်းကို ကျွန်တော်တို့ယနေ့ထက်တိုင်ကြားရောင်နေပါသေးတယ်။ ကော်မတီအစည်းအဝေးတခုမှာ အခြေခံဥပဒေအကြံပေးအရာရှိ ဦးချန်ထွန်းကအခြေခံဥပဒေပြဋ္ဌာန်းချက်တွေ တပုံတခေါင်းကြီးရေးဆွဲတင်ပြလာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက "ဦးချန်ထွန်း — ခင်ဗျားလန်ဘားကြောက်သလား။ ဒီလိုတွေရေးနေလို့ ဘယ်ဖြစ်မလဲ။ (Brand Prin-

ciple) ကျယ်ပြန့်တဲ့သဘောတရားလောက် ပါရင်တော်ရော့ပေါ့။ လွတ်လပ်ရေးရပြီးတဲ့အခါ နောက်လိုတာတွေကို (By Act) ပါလီမန်မှာ အက်ဥပဒေလုပ်ရင်ပြီးတာဘဲ။ ဒီလောက်ရှည်ရှည်လျားလျားနဲ့ လုပ်နေရင် (၂) လ (၃) လ နဲ့ဘယ်မှာပြီးနိုင်မလဲ'' လို့ပြောခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလခေါင်းဆောင်များကို ကျွန်တော်တို့ အင်မတန်ချစ်ခင်ကြည်ညိုလေးစားသလို အင်မတန်လည်း ယုံကြည်အားကိုးခဲ့ပါတယ်။ ဗိုလ်ချုပ်ရဲ့သဘောက အခြေခံဥပဒေကို ပုဒ်မတွေအများကြီးနဲ့ ရှည်ရှည်လျားလျားရေးနေစရာ မလိုဘူး။ ကျယ်ပြန့်တဲ့သဘောတရားနဲ့ အင်္ဂါစုံရင်တော်လောက်ပြီ။ လွတ်လပ်ရေးပြီးတဲ့နောက် အခြေအနေနဲ့အချိန်အခါကိုကြည့်ပြီးလိုသလိုဆောင်ရွက်သွားမယ်။ အဲဒီလို သဘောထားပါတယ်။ ကျွန်တော်တို့ဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆပလခေါင်းဆောင်များကို အကြွင်းမဲ့ယုံကြည်တဲ့အလျောက် လုံးဝဥဿုံပုံအပ်ခဲ့ပါတယ်။

အဲဒီတုန်းက ရှမ်းပြည်က ကိုယ်စားလှယ်တချို့ဟာ ဒီနေ့ပေါ်ပေါက်နေတဲ့ပြဿနာမျိုးပေါ်ပေါက်လာမှာစိုးတဲ့အတွက် နိုင်ငံခြားသားဥပဒေပါရဂူတဦးကို ငှားရမ်းဖို့ စီစဉ်ခဲ့ပါတယ်။ ဖဆပလရဲ့စေတနာကို ယုံမှားရာကျမှာစိုးတဲ့အတွက် ကျွန်တော်တို့ဟာ ဒီအစီအစဉ်ကို တိုက်ဖျက်ခဲ့ပါတယ်။ ဒီအဖြစ်အပျက်ဟာ အဲဒီအချိန်တုန်းက သတင်းစာတွေမှာလည်း ပါပါတယ်။ ဗိုလ်ချုပ်အမှူးပြုတဲ့ ဗမာခေါင်းဆောင်တွေလည်း သိပါတယ်။ ရှမ်းပြည်နယ် ကိုယ်စားလှယ်တွေဟာ ဗမာခေါင်းဆောင်တွေအပေါ် ဘယ်လောက်အယုံအကြည်ကြီးခဲ့တယ် ဆိုတာ၊ ဒီသာဓကက ကအထင်အရှားပြသခဲ့တယ်။

ဗိုလ်ချုပ်တို့ကျဆုံးသွားပြီးတဲ့နောက် ဆက်လက်ရေးဆွဲကြတဲ့အခါ အခြေခံဥပဒေဟာ ဗိုလ်ချုပ်လိုလားတဲ့ အခြေခံဥပဒေမျိုးမဟုတ်တော့ဘူး။ ဗိုလ်ချုပ်မူနဲ့ကွဲလာတယ်ဆိုတာကတော့ ထင်ရှားပါတယ်။ ဖဆပလ ပဏာမညီလာခံကရေးဆွဲတဲ့ အခြေခံဥပဒေမူကြမ်းနဲ့ ယှဉ်တွဲဖတ်ကြည့်ရင်၊ ကွဲပြားမှုတွေ တပုံတခေါင်းကြီးတွေ့ရပါလိမ့်မယ်။ ဗိုလ်ချုပ်အောင်ဆန်းမရှိတဲ့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အမှူးပြုတဲ့ ဗမာ့ခေါင်းဆောင်တွေအပေါ် ကျွန်တော်တို့ဟာ ဆက်လက်ပြီးယုံကြည်ကိုးစားခဲ့ပါတယ်။

အခြေခံဥပဒေမှာပါရှိတဲ့ ပြဋ္ဌာန်းချက်တွေအပေါ် ကျွန်တော်တို့ အလွန်အမင်းအလေးအနက်မထားခဲ့ပါဘူး။ ကောင်းကောင်းလည်း နားမလည်ခဲ့ကြပါဘူး။ အခုထိ အခြေခံဥပဒေမှာ ချို့ယွင်းချက်ရှိသည့်တိုင်အောင် ဗိုလ်ချုပ်အောင်ဆန်း ပြော

ခဲ့သကဲ့သို့ — ( Letter and Spirit of Constitution) ဥပဒေစကားလုံးနဲ့ စိတ်စေတနာ ခွဲခြားနိုင်ပြီး ကျင့်သုံးသွားရင် ဖြစ်မြောက်နိုင်မှာပါဘဲလို့ ယုံကြည်စိတ်ချနေခဲ့ကြပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလိုစိတ်ထားယုံကြည်ချက်နဲ့ ဒီအခြေခံဥပဒေကြီးကို သဘောတူလက်ခံခဲ့ကြခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် လွတ်လပ်ရေးရပြီးတဲ့နောက် အခြေခံဥပဒေကို လက်တွေ့ကျင့်သုံးတဲ့အခါမှာ တိုင်းပြည်ပြုလွှတ်တော်မှာထားရှိခဲ့တဲ့ မိသားစုစိတ်ဓါတ်တွေဟာ စုန်းစုန်းမြုတ်ပျောက်ကွယ်နေပါတယ်။ အခြေခံဥပဒေရေးဆွဲစဉ်က ဥပဒေစကားလုံးနောက်မှာထားရှိခဲ့တဲ့ စိတ်စေတနာတွေဟာလည်း ပျောက်ကွယ်ကုန်ပါတယ်။ ဥပဒေစကားလုံးတွေအပေါ်မှာသာ အတိအကျကောက်ပြီး ကျင့်သုံးလာကြတဲ့အခါမှ ကျွန်တော်တို့ဟာ အထင်နဲ့အမြင် တက်တက်စင် လွဲမှားကုန်တာကို သိလာရပါတယ်။

တနေ့ထက်တနေ့ နစ်နာချက်တွေ ပို၍ပို၍ ပေါ်လွင်လာပါတယ်။ ကျွန်တော်တို့ရဲ့ အခွင့်အရေးဆိုတိုင်း အခြေခံဥပဒေစာအုပ်ကြီးနဲ့ ကိုင်ပေါက်တာကိုဘဲ ခံခဲ့ကြရပါတယ်။

ဒီတော့ ကျွန်တော်တို့ပြည်နယ်များအနေနဲ့ ဘယ်အခြေကိုရောက်ခဲ့ပါသလဲဆိုရင် ဗမာပြည်မအာဏာရပါတီခေါင်းဆောင်များရဲ့ စိတ်စေတနာနဲ့ ဆန္ဒအပေါ်အစဉ်အမြဲမှီခိုအားထားနေရမယ့် အခြေမျိုးဆိုက်ရောက်လာပါတယ်။ အဲဒီလိုမှီခိုအားထားနိုင်မှဘဲ ပြည်နယ်များဟာ အသက်ရှုချောင်မယ့်ဘဝမျိုးသို့ ကျရောက်လာပါတယ်။ ဒါကြောင့် ကျွန်တော်တို့အခြေအနေကို ကျွန်တော်တို့က ပြည်မရဲ့ Lesser State ပဏ္ဏာဆက်နိုင်ငံလို့ သမုတ်လာတယ် လာခဲ့ကြခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရပိုင်ခွင့်ရှိတဲ့အခွန်တော်ငွေကိုဘဲ ထောက်ပံ့ကြေးဆိုပြီး နှစ်စဉ်လက်ဖြန့်ခံတောင်းရတာလည်း အမှောဘဲ။ အချိန်မှီမရလို့ ပြည်နယ်များအုပ်ချုပ်ရေးမှာ အခက်အခဲကြုံရပေါင်းလည်း မရေမတွက်နိုင်တော့ပါဘူး။ အဲဒီ ထောက်ပံ့ကြေးပေးရတာနဲ့ ပတ်သက်ပြီး ပုဂ္ဂိုလ်အချို့က ကျွန်တော်တို့ပြည်နယ်တွေကို မီးရထားကုန်တွဲကြီးတွေလို သဘောထားကြတယ်။ ဗမာပြည်မက အလွန်တရာ အနစ်နာခံပြီး ပင်ပန်းကြီးစွာ ကျွန်တော်တို့ကို ဒရွတ်တိုက်ဆွဲနေရသလို ယူဆကြတယ်။

အဲဒီပုဂ္ဂိုလ်တွေကို ကျွန်တော်အစီရင်ခံလိုပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုဟာ ခင်ဗျားတို့ကျွန်တော်တို့ကို ဒီလောက်ပင်ပန်းကြီးစွာနဲ့

ဒရွတ်တိုက်ဆွဲ မနေစေဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို ဖြတ်ပစ်ခဲ့ပါ။ ခင်ဗျားတို့ (၁၃) နှစ်လုံးလုံး ဆွဲခဲ့ပေမယ့် ကျွန်တော်တို့မှာ ခရီးထင်သလောက်မပေါက်ခဲ့ဘူး။ ကိုယ့်စွမ်းအင် ကိုယ့်လုံ့လနဲ့ဘဲ သွားပါရစေ။

သဘာပတိကြီး နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊ လွတ်လပ်ရေးရပြီး (၁၀) ကျော်ကာလအတွင်း လက်တွေ့ခံစားချက်အရ ကြုံတွေ့လာရတဲ့ နစ်နာချက်တွေ၊ ဆုံးရှုံးချက်တွေ တပုံတခေါင်းကြီး စုပုံလာတိုင်း အခြေခံဥပဒေပြန်လည်စီစစ်ရေးကိစ္စကလည်း ပေါ်ပေါက်လာတဲ့အတွက် ကျွန်တော်တို့ဟာ ဒီအခွင့်အရေးကို အဓိကရယူပြီး၊ ဒီနေ့ ဆွေးနွေးနေတဲ့ ပြဿနာကြီးကို တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

တခါသေးဘူး ပျဉ်ဘိုးနားလည် ဆိုတဲ့စကားပုံကို ခေါင်းဆောင်တဦး (သို့မဟုတ်) ပါတီတခုရဲ့ စိတ်စေတနာပေါ် ယုံကြည်ကိုးစားနေလို့ မရတော့ပါဘူး။ လူဆိုတာ "သင်္ခါရ" ပါ။ ပါတီအဖွဲ့ကြီးလည်း မတည်မြဲပါဘူး။ ဒါကြောင့် ကျွန်တော်တို့ အခွင့်အရေးတွေကို အဖြူအမဲ ခွဲခြားပြီး ရေပက်မဝင်အောင် ရေးဆွဲထားဖို့ လိုအပ်တယ်လို့ ကျွန်တော်နားလည်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ခင်ဗျား၊ အခြေခံဥပဒေကို ပြင်ဆင်တဲ့အခါမှာ အချို့ပုဒ်မ လောက်ပြင်လိုက်ရင် ပြင်လိုက်ရင် ဖြစ်စရာကောင်းရဲ့လားလို့ ကျွန်တော်တို့ အစပထမတွင် ယူဆခဲ့ကြပါသေးတယ်။ ဒါပေမယ့် လက်တွေ့ခံစားရတဲ့ အတွေ့အကြုံနဲ့ ယှဉ်တွဲပြီး အခြေခံဥပဒေကို စီစစ်တဲ့အခါ ပုဒ်မတခုနဲ့တခုဆက်စပ်နေတာကို တွေ့လာရပါတယ်။ အခြေခံမှုတွေကို မပြင်ရင် မဖြစ်တာတွေကို သိမြင်လာရပါတယ်။

ဒါကြောင့်လည်းဘဲ အခြေမူကြီးတွေကို ပြုပြင်ပစ်ဖို့ ကျွန်တော်တို့တင်ပြလာခြင်းဖြစ်ပါတယ်။ ဥပဒေပြုစာရင်း၊ အခွန်တော်စာရင်းတွေကို ပြုပြင်ပေးခြင်းဖြင့် အခွင့်အရေးတွေ ပိုမရနိုင်ဘူးလားလို့မေးရင်၊ ရသင့်သလောက် ရပါတယ်လို့ ဖြေရပါမယ်။

ဒါပေမယ့် ဒီနည်းဟာ အခြေအမြစ်ကို မကုစားနိုင်ပါဘူး။ Palliative ခေါ်တဲ့ အပေါ်ယံလိမ်းဆေးနည်းဘဲ ဖြစ်ပါတယ်။ အခြေအမြစ်ကို မကုစားနိုင်တဲ့အတွက် မကြာခဏ ဟိုကရောင်၊ ဒီကဖေါင်းနဲ့ ပြဿနာတွေဟာ အစဉ်အမြဲပေါ်လာမှာ မလွဲပါဘူး။ ကျွန်တော်တို့ ပြည်ထောင်စုစစ်စစ်မဟာ အနာကိုအခြေအမြစ်ကကုစားနိုင်တဲ့နည်းဘဲလို့ ကျွန်တော်တို့ ရိုးရိုးသားသားယုံကြည်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုကို ခေါင်းဆောင်အချို့ဟာ ကျွန်တော်တို့မြင်သလို မမြင်ပါဘူး။ ကျွန်တော်တို့ တင်ပြတဲ့ အဓိပ္ပါယ်ကိုလည်း သဘောမပေါက်ကြဘူး။ တချို့ပုဂ္ဂိုလ်တွေက ပြည်ထောင်စုမှုနဲ့ ပတ်သက်ပြီး ကောင်းမကောင်း မဝေဖန်ဘူး။ ဥပဒေရေးရာအချက်အလက်တွေပေါ်မှာ တရားသေကိုင်စွဲပြီး အကြပ်ကိုင်နေကြပါတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ ကျွန်တော်တို့ရဲ့နစ်နာချက်တွေဟာ အမှန်တကယ်နစ်နာချက်တွေရယ်လို့ သဘောမပေါက်ကြဘူး။

ကျွန်တော်တို့ရဲ့ မှုကိုတင်ပြပြီးတဲ့နောက် ပြည်မက မိတ်ဆွေအချို့က ခင်ဗျားတို့ရှမ်းပြည်သူလူထုနစ်နာနေတယ်ဆိုတာ သဘောပေါက်လက်ခံပါတယ်။ ဗမာပြည်မမှာလည်းဘဲ လူများစုဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားတွေဟာ လွတ်လပ်ရေးသက်တမ်း တလျှောက်မှာ ဘာမှမယ်မယ်ရရ မခံစားရသေးပါဘူး။ ဒါကြောင့် ရှမ်းပြည်အတွက် သီးခြားတောင်းမယ့်အစား ရှမ်းပြည်သူတွေဟာ ဗမာပြည်သူတွေနဲ့ လက်တွဲပြီး တိုက်ပွဲဝင်ရင် မကောင်းဘူးလားလို့ ဆိုအပ်ပါတယ်။

ဒီအကြံပေးချက်ဟာ အလွန်ကောင်းပါတယ်။ ဒါပေမယ့် လက်ရှိ အခြေအနေ ထက်မြင့်မားနေတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဆိုရှယ်လစ်ပန်းတိုင်သို့ ချီတက်ရာမှာ အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်အကြား၊ ကြားခုလပ်စခန်းတွေ ရှိသလို ပြည်နယ်များနဲ့ ပြည်မလူထု တနေ့လက်တွဲနိုင်ရေးအတွက် အခုကျွန်တော်တို့ တောင်းဆိုနေတဲ့ ပြည်ထောင်စုစစ်စစ်မှုဟာ ကြားခုလပ်စခန်းဘဲလို့ ကျွန်တော်တို့ယုံကြည်ကြပါတယ်။ လက်ရှိအခြေအနေ အတိုင်းသာဆက်သွားရင် ပြည်နယ်များနဲ့ ပြည်မလူထုလက်တွဲနိုင်ဘို့ မဆိုထားနဲ့ လူမျိုးချင်း မမုန်းတီးလာအောင် အင်မတန်သတိကြီးစွာနဲ့ ထိန်းသိမ်းကြရပါလိမ့်မယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ခင်ဗျား၊ ကျွန်တော်တို့ တင်ပြတဲ့ ပြည်ထောင်စုစစ်စစ်မှုမှာ Fundamental Principles ခေါ်တဲ့ အခြေခံမူကြီးတွေ ပါဝင်နေပါတယ်။ အဲဒီ အခြေခံမူကြီးတွေဟာ —

(၁) ဗမာပြည်နယ်ဖွဲ့စည်းရေး၊
(၂) လွှတ်တော်နှစ်ရပ် အာဏာတူပေးရေး၊
(၃) အထက်လွှတ်တော်သို့ တူညီသောကိုယ်စားလှယ်ဦးရေစေလွှတ်ရေး၊
(၄) ဗဟိုကို အာဏာကန့်သတ်ပေးပြီး၊ ပြည်နယ်များက ကျန်အာဏာများကို ရယူရေး တို့ဖြစ်ပါတယ်။

အဲဒီအခြေခံမူကြီး (၄) ရပ် အစိပ္ပါယ်နဲ့ အခြေခံမူကြီး (၄) ရပ်ကို တန်းတူမှု အတွက် အဘယ်ကြောင့် လိုအပ်တယ်ဆိုတာကို ကျွန်တော်မရှင်းပြခင် ခံစားမှု သဘောကို အနည်းငယ်ထပ်ပြီး ဖေါ်ပြပါရစေ။ ကျွန်တော်တို့ တင်ပြချက်မှာ ထိပ် ဆုံးကဖေါ်ပြထားတဲ့ ဗမာပြည်နယ်ဖွဲ့စည်းရေးကိစ္စကို ပြည်မခေါင်းဆောင်အချို့ ဟာ မကြေလည်ကြပါဘူး။ သဘောလည်း မပေါက်ကြပါဘူး။ ဒီဟာလည်း ခံစားမှု ရဲ့ သဘောသဘာဝဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်များဘက်ကတော့ ကြေကြေလည်လည်ကြီး သဘောပေါက်ကြပါတယ်။

လွန်ခဲ့တဲ့နှစ် တောင်ကြီးညီလာခံကို တက်ရောက်လာကြတဲ့ ကချင်၊ ချင်း၊ ကယား၊ ကရင်၊ မွန်၊ ရခိုင် အမျိုးသားကိုယ်စားလှယ်များအားလုံးလည်း ကြေကြေ ညက်ညက် သဘောပေါက်နားလည်ကြပါတယ်။ ဗမာပြည်နယ်ဖွဲ့စည်းရေးကိစ္စဟာ လေနဲ့ကင်းဝေးပြီး ကျွန်တော်တို့ အသက်မရှင်နိုင်သလို ပြည်ထောင်စုဖွဲ့စည်းရေး မှာ တန်းတူရေးအတွက် မပါလျှင် မပြီးပါဘူး။ ဗမာပြည်နယ်ဖွဲ့စည်းရေးကိစ္စမှာ မကြေညက်သမျှ ကျွန်တော်တို့ တင်ပြထားတဲ့ ကျန်တဲ့ ပါလီမန်ဖွဲ့စည်းရေးကိစ္စ၊ အာဏာခွဲဝေရေးကိစ္စတွေမှာလည်း ကြေညက်တော့မှာ မဟုတ်ပါဘူး။

ဘာကြောင့်လည်းဆိုရင် ဗမာပြည်မအမျိုးသားခေါင်းဆောင်တွေဟာ ကိစ္စ ရပ်တွေကို စဉ်းစားဆင်ခြင်တဲ့အခါမှာ ပြည်နယ်တနယ်ဘဝကနေပြီး မကြည့်နိုင်၊ မကြည့်မမြင်နိုင်ဘဲ ဗဟိုအာဏာကိုပါ ချုပ်ကိုင်ထားတဲ့ ပြည်မဘဝကနေပြီးတော့ ကြည့်ရှုသုံးသပ်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

ဗမာပြည်မဟာ ပြည်နယ်တနယ်ရဲ့ဘဝကို မခံယူသမျှ မခံစားသမျှ တန်းတူမှု ကိစ္စတွေအပေါ်မှာ အမြင်တမျိုးချည်းဖြစ်နေမှာ မလွဲပါဘူး။ ဒီနေ့ နီးနှောဖလှယ်ပွဲ ကြီးမှာ ကြွရောက်နေကြတဲ့ ပြည်နယ်ပြည်မကိုယ်စားလှယ်တော်တွေဟာ အသဲနှလုံးတခါးကို ပွင့်လင်းစွာ ဖွင့်ထားပြီး ကျွန်တော်တို့ တင်ပြချက်တွေကို နား ဆင်တော်မူကြပါရန် မေတ္တာရပ်ခံပါတယ်။ အသဲနှလုံးပွင့်လင်းစွာနဲ့ ဆွေးနွေးစဉ်း စားမယ်လို့လည်း မျှော်လင့်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊ ကျွန်တော်တို့ ပြည်ထောင်စုစစ်စစ်မှုမှာ တင်သွင်းဖေါ်ပြထားတဲ့ အခြေခံမူကြီး (၄) ချက်ကို အနည်းငယ် ရှင်းလင်းခွင့်ပြုပါရန် အစီရင်ခံအပ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ်ဟာ ဘယ် ဟာက ကောင်းတယ်ဆိုပြီးတော့ အငြင်းပွားနေဖို့ရာ ပြဿနာဖေါ်ဖို့ရာ မလိုပါ ဘူး။ ကျွန်တော်တို့အဖို့ ပြည်ထောင်စုစနစ်ကလွဲပြီး၊ တခြားဘယ်စနစ်နဲ့မှာ

ဖွဲ့စည်းလို့ မဖြစ်ပါဘူး။ ဒီနေ့ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ပြည်ထောင်စုပုံစံ ဟုတ်တယ် / မဟုတ်ဘူး ဆိုတာ အငြင်းမပွား လိုပါ။ ဒါပေမယ့် ပြည်ထောင်စုစစ်စစ် မဟုတ်ဘူးဆိုတာကိုတော့ အားလုံးက လက်ခံကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပြည်ထောင်စုစစ်စစ်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုတဲ့ကိစ္စကို ဆန်းစစ်ကြည့်ရင် ကမ္ဘာမှာ စံတင်ပြီးကြည့်ကြတဲ့ ပြည်ထောင်စုနိုင်ငံ (၆) နိုင်ငံရှိပါတယ်။ ဒီ (၆) နိုင်ငံကတော့ —

(၁) အမေရိကန်၊

(၂) ကနေဒါ၊

(၃) ဆွီဇာလန်၊

(၄) သြစတြေးရီးယား၊

(၅) တောင်အာဖရိက၊

(၆) ဆိုဗီယက်ယူနီယံ တို့ဖြစ်ပါတယ်။

အဲဒီ (၆) နိုင်ငံဖွဲ့စည်းပုံသဘောတရားနဲ့ ပြည်နယ်တွေ စုပေါင်းဖွဲ့စည်းထားတဲ့အတွက် ပြည်ထောင်စုနိုင်ငံတွေလို့ ခေါ်ဝေါ်နိုင်ပေမယ့် အာဏာခွဲဝေရေးသဘောတရားနဲ့ ပိုင်းခြားကြည့်မယ်ဆိုရင် ဒီ (၆) နိုင်ငံထဲက ကနေဒါနဲ့ တောင်အာဖရိကဟာ ပြည်ထောင်စုသဘော မသက်ရောက်ပါဘူး။ ကမ္ဘာ့ဥပဒေပညာရှင်ကြီးများကလည်း ကနေဒါနဲ့ တောင်အာဖရိကဟာ ပြည်ထောင်စုရယ်လို့ တိတိကျကျ မခေါ်ဝေါ်နိုင်တဲ့အကြောင်း ဖေါ်ပြကြပါတယ်။

ဘာကြောင့် ဒီနှစ်နိုင်ငံဟာ ကမ္ဘာ့ပြည်ထောင်စုစာရင်းတွင် ပါဝင်နေရသလဲဆိုရင် ပြည်ထောင်စုသဘောတရားကို တင်ပြကြတဲ့အခါ ဒီ နှစ်နိုင်ငံဟာ ကျန် (၄) နိုင်ငံနဲ့ အာဏာခွဲဝေပုံခွဲဝေနည်းမှာ ဆန့်ကျင်နေတဲ့အတွက် သာဓကနှိုင်းယှဉ်တင်ပြရာမှာ အလွန်ကောင်းတဲ့ နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ပြည်ထောင်စုနိုင်ငံဆိုတာဟာ ပြည်နယ်တွေ ဆန္ဒအလျောက် သဘောတူ ပူးပေါင်းဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စုအဖြစ် ပူးပေါင်းကြတဲ့အခါ နဂိုမူလရှိခဲ့တဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေကို မပျက်မစီး ဆက်လက်ထိန်းသိမ်းထားကြပါတယ်။ ဒါဟာ ပြည်ထောင်စုစနစ်နဲ့ တပြည်ထောင်စနစ်တို့ရဲ့ အဓိကခြားနားချက်ဘဲ ဖြစ်ပါတယ်။

ဒီကနေ့ အမေရိကန်ပြည်ထောင်စုမှာ (၅၁) ပြည်နယ်၊ ကနေဒါမှာ (၄) ပြည်နယ်၊ ဆွီဇာလန်မှာ (၂၂) ပြည်နယ်၊ သြစတြေးရီးယားမှာ (၆) ပြည်နယ်၊ တောင်

အာဖရိကမှာ (၄) ပြည်နယ်၊ ဆိုဗီယက်ယူနီယံမှာ (၁၆) ပြည်နယ် အသီးသီးပါဝင်ဖွဲ့စည်းတည်ထောင်ထားကြပါတယ်။

ပြည်ထောင်စုဆိုတာ ပြည်နယ်တွေပေါင်းစည်း စုပေါင်းဖွဲ့စည်းထားရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံဟာလည်း ပြည်နယ်တွေစုပေါင်းဖွဲ့စည်းရမှာဘဲ ဖြစ်တယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ တိုင်းပြည်ပြုလွှတ်တော်တုန်းက အခြေအနေ တမျိုးတမည် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တမူဆန်းပြီး ပုံစံတမျိုးနဲ့ ဖွဲ့စည်းခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ တမူဆန်းတဲ့ပုံစံဟာ ဘယ်လိုပုံစံမျိုးလည်းဆိုရင် ကမ္ဘာ့ဘယ်ပြည်ထောင်စုမှာမှ မရှိတဲ့ပုံစံမျိုး ဖြစ်ပါတယ်။ကျွန်တော်တို့မှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်ဆိုပြီး ပြည်နယ်တွေ ဖွဲ့စည်းလိုက်ပေမယ့် ပြည်မကျတော့ ပြည်နယ်တနယ်အနေနဲ့ မဖွဲ့စည်းဘဲ ဗဟိုအစိုးရနဲ့ တပေါင်းတစည်းထဲထားလိုက်ပါတယ်။

အမှန်ကတော့ ပြည်ထောင်စုသဘောတရားအရဆိုရင် အဲဒီတုန်းက ကျွန်တော်တို့မှာ ဗမာပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ် ဆိုပြီး ပြည်နယ် (၄) ပြည်နယ်စုပေါင်းပြီးမှ ပြည်ထောင်စုဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒီပြည်နယ်တွေဟာ အသီးသီးကိုယ့်အချုပ်အခြာအာဏာနဲ့ နယ်မြေရှိကြတယ်။ အားလုံးရဲ့အပေါ်မှာမှ ဗဟိုအစိုးရဖြစ်တဲ့ ပြည်ထောင်စုအာဏာ တည်ရှိရမယ်။ ဒါပေမယ့် ကျွန်တော်တို့ဟာ အကြောင်းအမျိုးမျိုးကြောင့် ဒီ တမူဆန်းပြီး၊ ပုံစံတမျိုးဖြစ်တဲ့ ဖွဲ့စည်းမှုပုံစံကို လက်ခံခဲ့ကြတယ်။ ဒီ ပုံစံနဲ့ဘဲ လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ အောင်မြင်နိုင်စရာကောင်းရဲ့လို့ ယူဆခဲ့ကြပါတယ်။

အဲဒီလိုလက်ခံခဲ့ရာမှာ ကျွန်တော်စောစောက အစီရင်ခံသလို ကျွန်တော်တို့ရှမ်းပြည်နယ်ကိုယ်စားလှယ်တွေမှာ ချို့ယွင်းချက်တွေ ရှိတယ်။ ပြီးတော့ အခြေအနေအရပ်ရပ်ကို လွှမ်းမိုးနေတဲ့ ဖြစ်ရပ်နှစ်ရပ်လည်း ရှိပါတယ်။ ဒီ ဖြစ်ရပ်ကြီးနှစ်ရပ်က ဘာလဲဆိုရင် ကျွန်တော်တို့တိုင်းပြည်မှာ ဘယ်လိုမှ အစားထိုးလို့မရနိုင်တဲ့ ခေါင်းဆောင်ကြီးတွေ ကျဆုံးကုန်တယ်။ အဲဒီ ခေါင်းဆောင်ကြီးတွေ ကျဆုံးကုန်တဲ့အတွက် ကျွန်တော်တို့မှာ ယူကြုံးမရ ပူဆွေးနေရတယ်။

ဒါရယ်ပြီးတော့ ခေါင်းဆောင်ကြီးတွေချမှတ်ခဲ့တဲ့အတိုင်း တနှစ်အတွင်း လုံးဝလွတ်လပ်ရေးအရယူမယ် ဆိုတဲ့ စိတ်ဇောရယ်၊ ဒီဖြစ်ရပ်နှစ်ရပ်ဟာ ကျန်တဲ့ အခြေအနေအားလုံးကို လွှမ်းမိုးနေခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီပုံစံနဲ့ ဒီအခြေခံဥပဒေကို လွယ်လွယ်ပေ့ါပေ့ါနဲ့ဘဲ လက်ခံခဲ့ကြပါတယ်။ ဒီလို တမူဆန်းပြီး

ဖွဲ့စည်းတဲ့ပုံစံကို ကျွန်တော်တို့လက်တွေ့စမ်းသပ်ခဲ့တာ (၁၃) နှစ်ကျော်လာပါပြီ။ ကျွန်တော်တို့ ပြည်နယ်များအနေနဲ့ ဒီပုံစံကို တနေ့တခြား ပို၍ပို၍ မကြေမနပ် ဖြစ်လာပါတယ်။ ပြည်မနဲ့ ပြည်နယ်များဟာ တန်းတူညီတူ မဟုတ်ဘူးဆိုတာ တနေ့တခြား ပိုပြီးထင်ရှားစွာ မြင်တွေ့လာပါတယ်။ ဘယ်လို တန်းတူညီတူ မရှိသလဲ ဆိုတာကို အခြားအကြောင်းအရာတွေထက် အစိုးရအာဏာတခု တည်းကို သာဓက တင်ပြပါရစေ။

ကျွန်တော်ဟာ ဥပဒေပညာရှင်မဟုတ်တဲ့အတွက် ဥပဒေအချက်အလက်နဲ့ မတင်ပြတတ်ပါ။ အရပ်သားအတွေးအခေါ်နဲ့ဘဲ တင်ပြလိုပါတယ်။ ဥပမာ ရှမ်း ပြည်ဟာ ပြည်နယ်တနယ်ဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားတဲ့ ကိစ္စရပ်များနဲ့ ပတ်သက်သမျှတို့မှာ ပြည်ထောင်စုအစိုးရရဲ့ ဩဇာအာဏာ အောက်မှာ ရှိပါတယ်။ ဗမာပြည်မဟာ ပြည်ထောင်စုအဖွဲ့ဝင်တခု ဖြစ်ခဲ့သော် လည်း ပြည်နယ်တနယ်မဟုတ်ဘဲ ဗဟိုပြည်ထောင်စုအစိုးရနဲ့ တပေါင်းတစည်းထဲ ဖွဲ့စည်းထားတဲ့အတွက် ပြည်ထောင်စုအစိုးရကို လွှဲအပ်ထားတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်သမျှတွေမှာ ကျွန်တော်တို့ရှမ်းပြည်ဟာ ဗမာပြည်မရဲ့ ဩဇာအောက် မှာ သက်ရောက်နေပါတယ်။

တနည်းအားဖြင့် ဗဟိုအစိုးရအာဏာကိုပါ တွဲဖက်ယူထားတဲ့ ဗမာပြည်မဟာ ပြည်နယ်တွေအပေါ်မှာ စိုးမိုးချယ်လှယ်နေပါတယ်။ ဥပဒေအကျိုးသက်ရောက်မှု တွေ၊ ဥပဒေအကျိုးခံစားမှုတွေကို ဘေးဖယ်ထားပြီး ဒီအမြင်တခုတည်းနှင့်ပင် ပြည် နယ် ပြည်မတန်းတူရေး ကင်းမဲ့မှုဟာ လယ်ပြင်မှာဆင်သွားသလို ထင်းထင်းကြီး တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမူမှာ တန်းတူရေး အတွက် ဗမာပြည်မကို ပြည်နယ်တနယ်အနေနဲ့ ဖွဲ့စည်းဖို့ရန် ရှေ့ဆုံးက ဖေါ်ပြ ထားခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ သွေးချင်းညီအကို ကိုယ်စားလှယ်တော်များခင်ဗျား၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမူကို ပြည်ထောင်စုစစ်စစ်လို့ ဝိသေသနထူးပြီး ခေါ် ဝေါ်တာဟာ အကြောင်းရှိပါတယ်။ အထက်က ကျွန်တော်ဖေါ်ပြခဲ့တဲ့ ပြည် ထောင်စု (၆) နိုင်ငံမှာ ကနေဒါနဲ့ တောင်အာဖရိကဟာ ကျန် (၄) နိုင်ငံနဲ့ မတူတဲ့ အကြောင်း အစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို မတူပုံနဲ့ ပတ်သက်ပြီး တိုင်းပြည် ပြုလွှတ်တော်ညီလာခံမှာ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး ဦးချန်ထွန်းက ကနေဒါကို အလတ်စားပြည်ထောင်စု၊ အမေရိကန်အစရှိတဲ့နိုင်ငံတွေကို ပြည်ထောင်စုစစ်စစ် လို့ ခေါ်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့လိုလားတဲ့ ပြည်ထောင်စုကို ဦးချန်ထွန်းရဲ့ အခေါ်အဝေါ်အတိုင်း ပြည်ထောင်စုစစ်စစ်လို့ နာမဝိသေသနထည့်ပြီး ခေါ်ဝေါ်ထားခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုစစ်တာနဲ့ မစစ်တာကို အာဏာခွဲဝေပုံ ပုံစံကိုကြည့်ပြီး ပိုင်းခြားကြပါတယ်။ Unitary State ခေါ်တဲ့ တပြည်ထောင်နိုင်ငံမှာဆိုရင် အခြေခံဥပဒေမှာ အာဏာခွဲဝေရေးပြဿနာဟာ မပေါ်ပါဘူး။ တပြည်ထောင်စနစ်ဖြစ်တဲ့အတိုင်း ပြည်နယ်တွေစုပေါင်းထားခြင်းမရှိတဲ့ အတွက် အာဏာခွဲဝေ နေစရာမလိုဘူး။ ဗဟိုအစိုးရနဲ့ ဗဟိုအစိုးရက အာဏာလွှဲအပ်ခြင်း ခံရတဲ့ ဒေသန္တရအုပ်ချုပ်ရေးဘဲ ရှိတယ်။

ဖက်ဒရယ်စတိတ် ခေါ်တဲ့ ပြည်ထောင်စုကျတော့ ပြည်နယ်တွေ စိတ်တူသဘောတူပါဝင်ဖွဲ့စည်းကြရတဲ့အတွက် အခြေခံဥပဒေမှာ အာဏာခွဲဝေပေးထားရပါတယ်။ ပြည်နယ်တွေအတွက် သူတို့မှာရှိတဲ့ အချုပ်အခြာအာဏာလည်း မပျက်စီးရအောင် တဖက်ကထိန်းသိမ်းပြီး၊ တခြားတဖက်က ဗဟိုကို အားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေကို လွှဲအပ်ရပါတယ်။ ဒါဟာ အာဏာခွဲဝေရေးရဲ့ အခြေခံသဘောတရားဘဲ ဖြစ်တယ်။

အာဏာခွဲဝေရေးမှာ နည်း (၂) နည်းတွေ့ရပါတယ်။

(၁) ဗဟိုကိုအာဏာသတ်မှတ်ပေးပြီး၊ ပြည်နယ်များက ကျန်အာဏာများကို အပ်တဲ့နည်း၊

(၂) ပြည်နယ်များကို အာဏာသတ်မှတ်ပေးပြီး၊ ကျန်အာဏာများကို ဗဟိုသို့ အပ်တဲ့နည်း၊ နည်း (၂) နည်း ဖြစ်ပါတယ်။

စံတင်ထားတဲ့ နိုင်ငံ (၆) နိုင်ငံကိုကြည့်ရင် အမေရိကန်၊ ဆွိဇာလန်၊ ဩစတြေးရီးယားနဲ့ ဆိုဗီယက်ယူနီယံတို့မှာ ဗဟိုကို အာဏာသတ်မှတ်ပေးပြီး၊ ပြည်နယ်များက ကျန်အာဏာများကို ယူထားကြပါတယ်။ ကနေဒါနဲ့ တောင်အာဖရိကကျတော့ ပြည်နယ်များကို အာဏာသတ်မှတ်ပေးပြီး၊ ဗဟိုက ကျန်အာဏာ ကို သိမ်းထားပါတယ်။

ကျွန်တော်တို့ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကြည့်လျှင် —

(၁) ဥပဒေ၊ ပြည်ထောင်စုဥပဒေပြုစာရင်း၊

(၂) ပြည်နယ် ဥပဒေပြုစာရင်း၊ ဆိုပြီးသတ်မှတ်ထားတဲ့အတွက် တမူထူးခြားနေသလို ထင်ရပါတယ်။ ဒီ ဥပဒေပြုစာရင်းတွေမှာ ရေတွက်ဖေါ်ပြထားတာကို သေသေချာချာလေ့လာကြည့်မယ်ဆိုရင် ပြည်နယ်တွေကို အာဏာကန့်သတ်

ပေးပြီး၊ ဗဟိုက ကျန်အာဏာများအားလုံးကို ယူထားတဲ့နည်းဘဲ ဖြစ်ပါတယ်။ တနည်းအားဖြင့် ကနေဒါပုံစံမျိုးဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လက်ရှိ ပြည်ထောင်စုဟာ ပြည်ထောင်စုစစ်စစ်မျိုးမဟုတ်ဘဲ ကနေဒါလိုအပျော့စား ဖြစ်နေပါတယ်။ ကနေဒါကို ပြည်ထောင်စုမဟုတ်ဘူးဆိုရင် ကျွန်တော်တို့လည်း ပြည်ထောင်စုမဟုတ်တော့ပါဘူး။

ဒါတွင်မကသေးပါဘူး။ ပြည်မဟာ ပြည်နယ်တနယ်မဟုတ်ဘဲ ဗဟိုအစိုးရအာဏာကို ပူးတွဲယူထားတဲ့အတွက် အာဏာအားလုံးကို ခံစားနေရပါတယ်။ ဒီနေရာမှာလည်း ပြည်နယ်ပြည်မတန်းတူရေး ကင်းမဲ့နေတယ်လို့ ကျွန်တော်တို့ထပ်ပြီး မြင်ပါတယ်။ အဲဒီ ကနေဒါ နည်းဖြစ်တဲ့ အာဏာခွဲဝေရေးပုံစံကို ကျွန်တော်တို့ စမ်းသပ်ခဲ့တာ (၁၃) နှစ်ရှိလာပါပြီ။ ဒီပုံစံမျိုးကို ကျွန်တော်တို့ မလိုလားတော့ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုဟာ အမေရိကန်၊ ဆွိဇာလန်၊ ဩစတြေးရီးယား၊ ဆိုဗီယက်ပြည်ထောင်စုများမှာကဲ့သို့ ဗဟိုကို အာဏာသတ်မှတ်ပေးပြီး၊ ကျန်အာဏာများကို ပြည်နယ်များသို့ လွှဲအပ်ရန် တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုစစ်စစ် ပြန်လည်ဖွဲ့စည်းကြတဲ့အခါ ဗမာပြည်နယ် အပါအဝင် ပြည်နယ်ပေါင်းစုံကိုယ်စားလှယ်တွေဟာ ဗဟိုကို ဘယ်လိုဌာန၊ ဘယ်လိုကိစ္စရပ်တွေ လွှဲအပ်သင့်တယ်ဆိုတာကို ကြေကြေလည်လည် ဆွေးနွေးညှိ နှိုင်းရမှာသာ ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်ခင်ဗျာ၊ ပြည်ထောင်စုမူထဲမှာ ပါတဲ့ (Unitary State) ခေါ်တဲ့ တပြည်ထောင်နိုင်ငံတွေမှာ ဥပဒေပြုလွှတ်တော် တရပ်လည်းထားကြတယ်။ နှစ်ရပ်လည်း ထားကြပါတယ်။ လွှတ်တော်နှစ်ရပ်ထားရတဲ့ မူလအကြောင်းရင်းက ဘာလဲဆိုရင် လွှတ်တော် တရပ်ကတရပ်ကို ထိန်းကွပ်ဖို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် သဘောတရားအရ အာဏာတူပေးဖို့ လိုလာပါတယ်။ ပြည်ထောင်စုနိုင်ငံမှာတော့ လွှတ်တော်နှစ်ရပ်မထားလို့ မဖြစ်ပါဘူး။ လူဦးရေနဲ့ နယ်အကျယ်အဝန်းချင်း မတူညီတဲ့ပြည်နယ် တွေပေါင်းစည်းထားတဲ့အတွက် လွှတ်တော်နှစ်ရပ်ဟာ လိုအပ်နေပါတယ်။

ပြည်ထောင်စုမှာထားရှိတဲ့ လွှတ်တော်နှစ်ရပ်ကျတော့ တရပ်နှင့်တရပ်ထိန်းကွပ်ရုံတင်မကတော့ပါဘူး ပြည်နယ်တွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်တွေလည်း ပါလာပါတယ်။ လွှတ်တော်တရပ်ကို လူဦးရေပေါ်မှာတည်ပြီး ဖွဲ့စည်းတာဟာ ဒီမိုကရေစီသဘောတရားအရ ဖြစ်ပါတယ်။ ပြည်

သူလူထုတရပ်လုံးကို ကိုယ်စားပြုပြီး ပြည်သူအားလုံးကို အကျိုးပြုစေဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုမှာ ဒါလောက်နဲ့ မလုံလောက်ပါဘူး။

ပြည်ထောင်စုထဲမှာ လူဦးရေအင်မတန်များတဲ့ပြည်နယ်၊ လူဦးရေနည်းတဲ့ ပြည်နယ်တွေ ပါဝင်နေတဲ့အတွက် လူဦးရေအပေါ်အခြေတည်တဲ့ ဒီမိုကရေစီသဘောတရားတခုတည်းထားလျှင် လူဦးရေများတဲ့ပြည်နယ်ကြီးက ခေါင်းဆောင်တွေစိတ်ထားမကောင်းရင် ပြည်နယ်ငယ်တွေအပေါ် အစဉ်အမြဲအနိုင်ကျင့်လက်ဝါးကြီးအုပ်နေမှာ မလွဲဘူး။ ဒါကြောင့် နောက်လွှတ်တော်တရပ်ဖွဲ့စည်းတဲ့အခါ လူဦးရေအချိုးအစားအလိုက် ဖွဲ့စည်းလို့မဖြစ်ပါဘူး။ လူဦးရေနည်းသည်ဖြစ်စေ များသည်ဖြစ်စေ ကိုယ်စားလှယ်အရေအတွက် အညီအမျှနဲ့ ဖွဲ့စည်းရပါတယ်။

ဒါကြောင့် အမေရိကန်ပြည်ထောင်စုကို စတင်ဖွဲ့စည်းတဲ့အခါ ဆီးနိတ်ခေါ်တဲ့လွှတ်တော်တရပ်ကို ပြည်နယ်တနယ်လျှင် ကိုယ်စားလှယ် (၂) ဦးစီ အညီအမျှစေလွှတ်ရမယ်လို့ သတ်မှတ်ထားခြင်း ဖြစ်တယ်။ အဲဒီမူအတိုင်းဘဲ နောက်ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုများဟာလည်း လွှတ်တော်တရပ်ကို နယ်ကြီးသည် ငယ်သည်မဟူ ကိုယ်စားလှယ်အညီအမျှစေလွှတ်ကြတယ်။ ကနေဒါမှာ တပြည်နယ်လျှင် (၂၄) ဦးစီ၊ ဆွီဇာလန်မှာ (၂) ဦးစီ၊ ဩစတြေးရီးယားမှာ (၆) ဦးစီ၊ တောင်အာဖရိကမှာ (၈) ဦးစီ အညီအမျှစေလွှတ်ကြတယ်။

ဆိုဗီယက်ယူနီယံဟာ ဒီအခြေခံမူကို မပစ်ပယ်သော်လည်းဘဲ တမူထူးတဲ့ကိုယ်စားလှယ်စေလွှတ်နည်းကို တီထွင်ထားပါတယ်။ ဆိုဗီယက်ယူနီယံမှာ ပါဝင်နေတဲ့ ပြည်နယ်အချို့ဟာ အခြားပြည်ထောင်စုတွေမှာ ပါဝင်နေတဲ့ ပြည်နယ်တွေနဲ့ မတူတဲ့အချက်ရှိပါတယ်။ ဆိုဗီယက်ယူနီယံမှာ ပါဝင်နေတဲ့ပြည်နယ် (၁၆) ပြည်နယ်အနက် (၈) ပြည်နယ်ဟာ ရိုးရိုးပြည်နယ်တွေ မဟုတ်ပါဘူး။ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ လူမျိုးစုဒေသများ ပါဝင်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုတွေ ဖြစ်ပါတယ်။

တဖန် အဲဒီပြည်ထောင်စုတွေထဲမှာပါတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံတွေဟာလည်း ပြည်ထောင်စုကလေးတွေဘဲ ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံဟာ ပြည်ထောင်စု (၃) ဆင့်ဟုခေါ်ဆိုရင် ခေါ်နိုင်ပါတယ်၊ ဒါကြောင့် ဆိုဗီယက်ယူနီယံရဲ့ လူမျိုးစုလွှတ်တော်ကို ဖွဲ့စည်းတဲ့အခါ အခြေခံမူဖြစ်တဲ့ ကိုယ်စားလှယ်အညီအမျှစေလွှတ်ရေးမူကို လက်ခံကျင့်သုံးသောအားဖြင့် ပြည်နယ် (၁၆) ပြည်နယ်စလုံး တပြည်နယ်လျှင် (၂၅) ဦးစီ အညီအမျှစေလွှတ်ကြတယ်။

ဒါပေမယ့် ပြည်နယ်တွေရဲ့ ထူးခြားတဲ့ ဖွဲ့စည်းပုံကြောင့် အဲဒီပြည်နယ်တွေထဲမှာ ပါဝင်နေတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနှင့် လူမျိုးစုဒေသတွေကို ကိုယ်စားလှယ်စေလွှတ်ခွင့်ပေးထားပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံတခုလျှင် (၁၀) ဦးစီ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ တခုလျှင် (၅) ဦးစီ၊ လူမျိုးစုဒေသ တခုလျှင် (၁) ဦးစီ စေလွှတ်ခွင့်ရကြပါတယ်။

ယူဂိုစလားဗီးယားပြည်ထောင်စုဟာလည်းဘဲ ဆိုဗီယက်ယူနီယံရဲ့ မူကို ယူထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စုမူထဲမှာ အခြေခံမူနဲ့ သဘောတရားအရ လွှတ်တော် (၂) ရပ်အာဏာတူပေးရမယ်။ အောက်လွှတ်တော်ကို လူဦးရေအလိုက်ရွေးကောက်တင်မြှောက်ရမယ်။ အထက်လွှတ်တော်ကိုတော့ ပြည်နယ်တိုင်း ကိုယ်စားလှယ်အညီအမျှ စေလွှတ်ရမယ်လို့ တင်ပြထားခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်တော်များခင်ဗျာ၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမူထဲမှာ ဖေါ်ပြသင့်တဲ့နောက်ဆုံး အရေးကြီးတဲ့ အခြေခံမူကြီးက ပြည်ထောင်စုဘဏ္ဍာရေးကိစ္စ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုနိုင်ငံတိုင်း ကြုံတွေ့ရတဲ့ အခက်အခဲဆုံးပြဿနာဟာ ပြည်ထောင်စုဘဏ္ဍာတော်ခွဲဝေရေးကိစ္စဘဲ ဖြစ်ပါတယ်။ တခြားပြည်ထောင်စုတွေမှာတောင်မှ ခက်ခဲနေတဲ့ ပြဿနာကို ကျွန်တော်တို့ဆီမှာ လွယ်လွယ်နဲ့ဖြေရှင်းလို့ ရမယ်လို့ ကျွန်တော်တို့ မမျှော်လင့်ပါဘူး။

ဒါပေမယ့် အခြေခံမူနဲ့သဘောတရားတော့ သတ်မှတ်ထားသင့်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ပြည်ထောင်စုကို ပြည်နယ်တွေနဲ့ဆိုင်တဲ့ကိစ္စရပ်တွေကို စိတ်တူသဘောတူဗဟိုကို အပ်နှင်းကြတယ်။ ကျန်တာတွေကို ကိုယ့်ဘာသာကိုယ် စီမံခန့်ခွဲကြတယ်။ ဒါဟာ ပြည်ထောင်စုဖွဲ့စည်းခြင်းရဲ့ အခြေခံသဘောတရားဘဲ ဖြစ်ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရေးဆိုတာလည်း ဒီပြည်ထောင်စုသဘောတရားအပေါ် မှီပြီးစီမံခန့်ခွဲရပါတယ်။ ဗဟိုအစိုးရကို အပ်နှင်းထားတဲ့ကိစ္စရပ်တွေထဲမှာ အခွန်တော်ဝင်ငွေ မြောက်များစွာရှိတဲ့ ဌာနတွေပါဝင်သလို အသုံးစရိတ်မြောက်များစွာကုန်ကျတဲ့ ဌာနတွေလည်း ပါဝင်ပါတယ်။

ပြည်နယ်တွေအနေနဲ့ — ဥပမာ — အကောက်တော်ခွန်ဌာနမျိုးကို ဗဟိုသို့လွှဲပေးရတဲ့အတွက် အခွန်တော်ငွေအများအပြားနစ်နာသွားသလို ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးလိုဌာနမျိုး ဗဟိုသို့လွှဲပေးရတဲ့အတွက် အသုံးစရိတ်အများ

ကြီး သက်သာသွားပါတယ်။ ဒီလိုနည်းနဲ့ ချေလိုက်လို့ ပြည်ထောင်စုဘဏ္ဍာရေး ကိစ္စဟာ ပြီးမသွားပါဘူး။

ကျွန်တော်တို့လို လွတ်လပ်ခါစတိုင်းပြည်တွေ အထူးသဖြင့် စစ်ပြီးခေတ်၊ နယ်ချဲ့ပဒေသရာဇ်စနစ်အောက်က လွတ်မြောက်လာခါစ နိုင်ငံတွေအဖို့ ပြန်လည်ထူထောင်ရေးကိစ္စ၊ နိုင်ငံဖွံ့ဖြိုးရေးကိစ္စတွေအတွက် အမြောက်အများဆောင်ရွက်စရာတွေရှိပါတယ်။ သာမန်အားဖြင့် ဗဟိုနဲ့ပြည်နယ်ဘဏ္ဍာရေးဆက်ဆံရေးမှာ ဗဟိုကိုပေးအပ်လိုက်တဲ့ အခွန်တော်ငွေထဲမှ ပြည်နယ်များကအချိုးကျ ပြန်ရရန်တာဝန်ရှိသလို ဗဟိုကိုလွှဲအပ်လိုက်တဲ့ ဌာနများရဲ့ကုန်ကျစရိတ်အတွက်လည်း ပေးရန်တာဝန်ရှိပါတယ်။

အဲဒီလို ရရန်တာဝန်နဲ့ ပေးရန်တာဝန်လို့ ရှိတဲ့အနက် အကယ်၍ ပြည်နယ်များဘက်က ရရန်တာဝန်ကများပြီး ပေးရန်တာဝန်ကနည်းနေရင် ဗဟိုက ပြည်နယ်များကို ပိုတဲ့ငွေထဲက အချိုးကျပြန်ပေးရပါတယ်။ ထိုနည်းတူစွာ ပြည်နယ်များက ပေးရန်တာဝန်ကများပြီး ရရန်တာဝန်ကနည်းနေရင် ဗဟိုကို အချိုးကပါဝင်ကူညီရပါတယ်။

လွန်ခဲ့တဲ့နှစ်ကစပြီး တီထွင်လိုက်တဲ့ ရှမ်းတကျပ် ဗမာတကျပ် "မူ" ဟာ ဒီသဘောတရားကဆင်းသက်လာမယ့် "မူ" ဘဲဖြစ်တယ်။ ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းတဲ့အခါ ဒီ "မူ" ကို တသတ်မတ်တည်း လိုက်နာဖို့မလိုပါဘူး။ အမှန်ကတော့ ဗဟိုဟာ သူ့ဘဏ္ဍာတော်နဲ့သူ သီးခြားရပ်တည်နိုင်သလို ပြည်နယ်များဟာလည်း သူ့ဘဏ္ဍာတော်နဲ့သူ ရပ်တည်နိုင်ရပါမယ်။ တဦးအပေါ်တဦး အမှီအခိုကင်းတဲ့ အခြေအနေမျိုး ရှိရပါတယ်။ ဒီအခြေအနေမျိုးဟာ ရုတ်ချည်းမရောက်နိုင်ပါဘူး။

ပြည်နယ်များမှာ သစ်တော၊ သတ္တု၊ စက်မှုလက်မှု စတဲ့ ပြည်သူပိုင်စီးပွားရေး လုပ်ငန်းတွေ ဖွံ့ဖြိုးလာတဲ့အချိန်မှာ ဒီ ရရန်တာဝန်၊ ပေးရန်တာဝန်ဆိုတဲ့ကိစ္စဟာ အလိုအလျောက် ပပျောက်သွားပါလိမ့်မယ်။

ဒါပေမယ့် ပြည်နယ်တနယ်နဲ့ တနယ်ဟာ ဆူကြုံနိမ့်မြင့်ခြင်း မတူပါဘူး။ သယံဇာတ သဘာဝပစ္စည်းလည်း ပေါကြွယ်ခြင်းလည်း မတူပါဘူး။ အဲဒီတော့ မဖွံ့ဖြိုးအားနည်းတဲ့ ပြည်နယ်တွေအတွက် ဗဟိုက ကူပံ့ငွေဆိုတာမျိုးဟာ ရှိရပါတယ်။

တချိန်ထဲမှာ အဲဒီအားနည်းတဲ့ပြည်နယ်တွေအတွက် ခေတ်မှီတိုးတက်လာအောင် ဆောင်ရွက်ပေးဖို့ ဗဟိုမှာတာဝန်ရှိပါတယ်။ ပြည်ထောင်စုဘဏ္ဍာတော် ခွဲဝေရေးကိစ္စကို စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ ကျဉ်းမြောင်းတဲ့ နယ်စိတ်ပယ်

စိတ်ထားဖို့ မလိုပါဘူး။ ထားလို့မရပါဘူး။ ကျွန်တော်တို့ရဲ့ပြည်ထောင်စုကြီးဟာ ဆိုရှယ်လစ်စီးပွားရေးလောကသို့ ချီတက်မယ်ဆိုတာကိုလည်း ကျွန်တော်တို့ စိတ်မှာ မမေ့ပျောက်ထားလို့ မရပါဘူး။ ဆိုရှယ်လစ်လောကသို့ ချီတက်ရန် စီးပွားရေးစီမံကိန်းတွေ မြောက်များစွာလုပ်ရမယ်ဆိုတာကိုလည်း ကျွန်တော်တို့ သတိပြုရပါမယ်။

အဲဒီစီးပွားရေးစီမံကိန်းတွေ ဆောင်ရွက်ရာမှာ ကုန်ကျမယ့်ဘဏ္ဍာတော်အမြောက်အများအတွက် ဗမာပြည်နယ်အပါအဝင် ကျွန်တော်တို့ပြည်နယ်များအားလုံးဟာ တညီတညွတ်တည်း ဝိုင်းဝန်းတာဝန်ယူကြရမှာဘဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုမှာ မျှတတဲ့ဘဏ္ဍာရေးကိစ္စလိုအပ်ကြောင်း ဖော်ပြခြင်းဖြစ်ပါတယ်။ အခုကျွန်တော်ရှင်းပြခဲ့တဲ့ အချက်တွေဟာ ကျွန်တော်တို့လိုလားတဲ့ ပြည်ထောင်စုမှုမှာ ပါဝင်စေလိုတဲ့အချက်တွေရဲ့လိုရင်း အဓိပ္ပါယ်ဖြစ်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ညီအကိုကိုယ်စားလှယ်တော်များခင်ဗျား၊ ကျွန်တော်တို့ဟာ အဲဒီအဓိပ္ပါယ်အတိုင်း ရိုးရိုးသားသားယုံကြည်ကြပါတယ်။ ဒါတင်မကသေးပါဘူး၊ ကျွန်တော်တို့ ရိုးရိုးသားသားယုံကြည်တဲ့အချက် တချက်ရှိပါသေးတယ်။

ဒီနည်းဒီပုံအတိုင်း ကျွန်တော်တို့ပြည်ထောင်စုကြီးကို ပြန်လည်ဖွဲ့စည်းပါမှ ပြည်ထောင်စုတွင်းရှိ လူမျိုးပေါင်းစုံဟာ ပိုမိုချစ်ခင်စည်းလုံးလာကြမယ်၊ ပြည်ထောင်စုကြီးလည်း ပိုမိုခိုင်မာလာမယ်။ ဒါမှလည်း ပြည်ထောင်စုကြီးအစွန့်ရှည်မယ်လို့ ရိုးရိုးသားသား ယုံကြည်ကြပါတယ်။ လက်ရှိအခြေအနေအတိုင်း တဦးအပေါ်တဦး မယုံမကြည်၊ မကျေမနပ်ဖြစ်နေကြရင် ပြည်ထောင်စုကြီးဟာ အနေးနဲ့အမြန် ပြိုကွဲမယ်လို့ ကျွန်တော်တို့ ပြောရဲပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကြွရောက်လာတဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊ ကျွန်တော်တို့ရဲ့ "မူ" နဲ့ ပတ်သက်ပြီး အချို့ပုဂ္ဂိုလ်တွေက ဥပဒေအရ အဓိပ္ပါယ်ပြန်ကြတယ်။ ဥပဒေစကားအရ ပြောကြတယ်။ ကျွန်တော်တို့ဟာ လက်ရှိအခြေခံဥပဒေနဲ့ အဓိပ္ပါယ်ကောက်ယူချက်တွေကို မကျေမနပ် မနှစ်သက်လို့ ပြင်ဆင်ရန်တင်ပြနေခြင်း ဖြစ်ပါတယ်။

တချို့ပုဂ္ဂိုလ်တွေက ကျွန်တော်တို့ရဲ့တောင်းဆိုချက်တွေကို တည်ဆဲဥပဒေဘောင်အတွင်းက လုပ်လို့မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့

ဥပဒေအချက်အလက်တွေအပေါ်မှာ ပြိုင်ပြိုင်ငြင်း မနေလိုပါဘူး။ ဥပဒေဆိုတာ ဗိုလ်ချုပ်အောင်ဆန်းပြောသကဲ့သို့ (Telescopic) နီးချင်လည်းရတယ်၊ ဝေးချင်လည်းရတယ်။

ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကထပ်ပြီး ပြောတာရှိပါသေးတယ်။ ဥပဒေဆိုတာ (Gospel Truth) ဘုရားဟောတွေမဟုတ်ဘူး။ လူလုပ်ထားတဲ့ ဥပဒေကို လူကပြင်လို့မရ ဆိုတာမဖြစ်နိုင်ဘူး။ တည်ဆဲဥပဒေအရ ကျွန်တော်တို့တင်ပြချက်တွေကို ပြင်နိုင်တယ်/ မပြင်နိုင်ဘူး၊ ဖြစ်နိုင်တယ်/မဖြစ်နိုင်ဘူး ဆိုတာ ကျွန်တော်တို့ အနေနဲ့ ဘာမှမပြောလိုဘူး။ ပြင်ဆင်ချင်တဲ့ စေတနာ ရှိ/မရှိက အရေးကြီးပါတယ်။

ကျွန်တော်တို့အားလုံးက ပြင်ဆင်သင့်တယ်လို့ တညီတညွတ်ထဲ သဘောတူကြရင် တည်ဆဲဥပဒေဘောင်အတွင်းက ပြင်ဆင်နိုင်အောင် ဥပဒေပညာရှင်ကြီးများက ဖန်တီးပေးပါလိမ့်မယ်။ ဒီနေရာမှာ ကျွန်တော် ဥပမာတခုတင်ပြပါရစေ။ ဗြိတိသျှပါလီမန်ဥပဒေတွေထဲမှာ ဗမာပြည်ကိုလွတ်လပ်ရေးပေးဖို့ တပုဒ်တပါဒမှ ရေးထားတာ မရှိပါဘူး။ ဗြိတိသျှအစိုးရကာခန့်အပ်တဲ့ ဘယ်အကြံပေးကော်မတီကလည်း ဗမာပြည်ကို လွတ်လပ်ရေးပေးသင့်တယ်လို့ အကြံပေးထောက်ခံမှာ မဟုတ်ဘူး။

ဒါပေမယ့် ဗမာပြည်ကိုလွတ်လပ်ရေးမပေးလို့ မဖြစ်တဲ့အခါ တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၃၅ ခုနှစ် ဗမာပြည်အက်ဥပဒေဘောင်အတွင်းကဘဲ အာဏာအပြည့်အစုံရှိတဲ့ ကြားဖြတ်အစိုးရကို ဖွဲ့စည်းပေးခဲ့တယ်။ တိုင်းပြည်ပြုလွှတ်တော်ကို ခေါ်ပေးခဲ့တယ်။

အချို့ပုဂ္ဂိုလ်တွေက အခြေခံဥပဒေဆိုတာ ခဏခဏပြင်လို့မကောင်းဘူးလို့ ပြောကြပါတယ်။ မျက်မှောက်ကမ္ဘာမှာ နိုင်ငံပေါင်းများစွာဟာ အခြေအနေနဲ့ အချိန်အခါအလိုက် အခြေခံဥပဒေတွေကို ပြင်ဆင်ရေးဆွဲခဲ့တာ ကြွရောက်တဲ့ လူကြီးမင်းများအားလုံး သိကြပါတယ်။

သဘာပတိကြီး နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ ကိုယ်စားလှယ်တော်များခင်ဗျာ၊ (၁၃) နှစ်လုံးလုံးစမ်းသပ်ပြီးလို့ မအောင်မြင်တဲ့ ဒီအခြေခံဥပဒေကြီးကို ပြင်ဆင်ပေးရန် သင့်တော်ပြီလို့ ကျွန်တော်တို့ယူဆပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမူအပေါ်မှာ ကျွန်တော်တို့ပြည်နယ်အမျိုးသားများဟာ အင်မတန်စည်းလုံးညီညွတ်နေပါတယ်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုစစ်စစ်မူ ခေါ်တဲ့ တန်းတူရေးတောင်းဆိုမှုအပေါ်မှာ အလွန်ခိုင်မာတဲ့အမျိုးသားညီညွတ်ရေးကြီး တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုစစ်စစ်မူကြီး အကောင်အထည်ပေါ်လာရေး

အတွက် မမိုတ်မသုန်ချီတက်ဖို့ ကျွန်တော်တို့အားလုံးခိုင်မာတဲ့ သံဓိဋ္ဌာန်ချထားကြပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီပြည်ထောင်စုစစ်စစ်မှုကြီးကို ပြည်နယ်များနဲ့ ပြည်မရှိပြည်ထောင်စုသားအားလုံး သဘောပေါက်လက်ခံလာတဲ့အထိ မိသားစုစိတ်ဓါတ်နဲ့ စိတ်ရှည်လက်ရှည် ဆက်လက်ကြိုးပမ်းကြပါ့မယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုစစ်စစ်မှုကို သဘောတူလက်မခံနိုင်ကြသေးတဲ့ ပြည်နယ်များနဲ့ ပြည်မရှိပုဂ္ဂိုလ်များကလည်း မိသားစုစိတ်ဓါတ်နဲ့ စိတ်ရှည်လက်ရှည် ဆက်လက်ဆွေးနွေးညှိနှိုင်းကြပါလို့ အနူးအညွတ်တောင်းပန်ရင်း နိဂုံးချုပ်အပ်ပါတယ်။

ရှမ်း၊ ဗမာ၊ ကချင်၊ ချင်း၊ ကရင်၊ ကယား၊ ရခိုင်၊ မွန် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရေးအဓွန့်ရှည်ပါစေ၊ ပြည်ထောင်စုစစ်စစ် အမြန်ပေါ်ပေါက်ပါစေ။

(သြဘာသံများ)။

* * * * * * * * * *

## အခန်း (၇)

## ကယားပြည်နယ်ကိုယ်စားလှယ် ဦးစိန်၏ဆွေးနွေးတင်ပြချက်

နံပါတ် (၈) အစီအစဉ်အရ၊ ကယားပြည်နယ်ကိုယ်စားလှယ် မဟာသရေစည်သူ ဦးစိန်က ထောက်ခံရန်ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနဲ့ ကြွရောက်လာကြတဲ့ လူမျိုးစုအသီးသီးမှခေါင်းဆောင်ကြီးများ ခင်ဗျား။ ဖက်ဒရယ်မူကို မပြောကြားမီ ပဏာမအားဖြင့် မင်္ဂလာစကားမွက်ကြားပါရစေ။ ကျွန်တော်တို့ဟာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဣဿရိယဂုဏ်၊ ဗမာဂုဏ်တို့ကို သိပြီးဖြစ်တဲ့အတိုင်း ကြည်ညိုလေးစားခဲ့ပါတယ်။

ဒ့်အပြင် မကြာသေးမီက ပုပ္ပါးတောင်မြတ်မှာ လေးဆယ့်ကိုးရက်ဥပုဒ်ဆောင်ဝင်တရားအားထုတ်ပြီး မဟာသမ္မာသံမွေ့ဓိ ဆုမြတ်ကိုပန်ဆင်တဲ့အကြောင်း၊ ရေစက်ချအမျှဝေပေးစာတမ်းမှာ တွေ့ရှိဖတ်ကြည့်ရလို့ အထူးဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ယူကြပါတယ်။

ဒီစကားဟာ အမှန်စကား၊ သစ္စာစကားဖြစ်ပါတယ်။ ဒီသစ္စာဆိုတဲ့ ဆိုရတဲ့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ ကြွရောက်လာကြတဲ့ ခေါင်းဆောင်ကြီးများ၊ ကျန်ပြည်ထောင်စုသားများဟာ ကိုယ်စိတ်နှစ်ဖြာ ကိုယ်စိတ်နှစ်ပါး ကျမ်းမာချမ်းသာပြီး ကျွန်တော်များရည်မှန်းတောင့်တတဲ့ ဆအတိုင်း ခလုပ်မထိ ဆူးမညှိဘဲ မိသားစုစိတ်ဓါတ်ဖြင့် အလွယ်တကူပြီးမြောက်ပြည့်စုံပါစေလို့ ပဏာမစကားဖြင့် ဆုတောင်းလိုက်ပါတယ်။

လူကြီးမင်းများခင်ဗျား၊ လူကြီးမင်းများသိရှိပြီး ဖြစ်တော်မူတဲ့အတိုင်း လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမတနိုင်ငံတည်ထောင်နိုင်ခဲ့တာဟာ တောင်တန်းဒေသခေါင်းဆောင်များနဲ့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင် အချင်းချင်းညှိနှိုင်းတိုင်ပင် သဘောတူညီချမှတ်ခဲ့တဲ့ ပင်လုံညီလာခံရဲ့ အခြေခံသဘောတရားအနက် စာချုပ်များက အရင်းအမြစ်ဖြစ်ပါတယ်။

ဒီအရင်းအမြစ်ကို အခြေခံပြီးပေါက်ဖွားလာတဲ့ ပြည်ထောင်စုသမတနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာလည်း မူအားဖြင့် မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ချိန်ခွင်လျှာလိုတည့်မတ်နေပါတယ်။ တည့်မတ်တယ်ဆိုတာကတော့ တရားမျှတ

ခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားနဲ့ သွန်းလုပ်ထားတဲ့ ချိန်ခွင်လျှာဖြစ်ပါတယ်။

ဒီလိုချိန်ခွင်လျှာဟာ ဘယ်အခါ၊ ဘယ်အချိန်၊ ဘယ်အခါဘဲသုံးသုံး အမြဲတည့်မတ်နေရပါမယ်။ ဒီလိုမှ မဟုတ်ဘဲ လက်ျာဘက်ယိမ်းယိုင်ရင် ပဒေသရာဇ်အုပ်ချုပ်ရေးမျိုး၊ ကေရာဇ်အုပ်ချုပ်ရေးမျိုး၊ အသက်ဦးဆံပိုင်အုပ်ချုပ်ရေးမျိုးသို့ မသိမသာ ပြောင်းလဲသွားတတ်ပါတယ်။

ဒီလိုပြောင်းလဲသွားရင် ကာမေသု ကာမသုခလက်ဆိုတဲ့ ကာမဂုဏ်စည်းစိမ်တွေရစ် အပျော်အပါးတွေများပြီး တိုင်းပြည်ကိုအေးချမ်းသာယာအောင် မပေးစွမ်းနိုင်ဘဲ မောဟတရားဖိစီးနေတဲ့ ဗောဓိသာရတို့ရဲ့ စည်းစိမ်မျိုး ဖြစ်လာတတ်ပါတယ်။

ဒါဟာ တိုင်းပြည်တည်ဆောက်တဲ့နေရာမှာ မလိုလားအပ်၊ မကျင့်သုံးအပ်တဲ့ သတိထားအပ်တဲ့ လက်ျာလမ်းစဉ်အစွန်းထွက်တဲ့ တရား ဖြစ်ပါတယ်။ တဖန် ဒီတည့်မတ်နေတဲ့ ချိန်ခွင်လျှာဟာ လက်ဝဲဘက်ယိမ်းပြန်ရင်လည်း အတ္တကုလမတ္တာန သောကဆိုတဲ့ ကျောမွဲလူတန်းစားတွေကို အကျိုးပြုသယောင်ယောင်နဲ့ ပေးသမျှယူ၊ ခိုင်းသမျှလုပ်၊ ထားသလိုနေ၊ ကျွေးသလောက်စား၊ ရက်စက်ချင်သလို ရက်စက်၊ ဟော့ရမ်းချင်သလို ဟော့ရမ်း၊ ကြမ်းကြုတ်ချင်သလို ကြမ်းကြုတ်၊ ဖိနှိပ်ချင်သလို ဖိနှိပ်၊ ချုပ်ချယ်ချင်သလို ချုပ်ချယ်ပြီး လောဘ ဒေါသမာနဒိဋ္ဌိတရားတွေက ဖုံးလွှမ်းလာတော့၊ ဖက်ဆစ်ဆန်ဆန်မှန်းမသိ ဆန်ဖြစ်မှန်းမသိဖြစ်လာ၊ အာဏာရှင်ဖြစ်မှန်းမသိ ဖြစ်လာ၊ ကြာတော့ ဒါတွေကို အကောင်းထင်ပြီး Eichman တို့လို၊ လူတွေမွေး စည်းစိမ်တွေယစ်ထွေးတဲ့ ဟစ်တလာစည်းစိမ်မျိုး ဖြစ်လာတတ်ပါတယ်။

ဒါဟာ တိုင်းပြည်တည်ဆောက်တဲ့နေရာမှာ မလိုလားအပ်၊ မကျင့်သုံးအပ်တဲ့ သတိထားအပ်တဲ့ လက်ဝဲလမ်းစဉ်အစွန်းထွက်တဲ့ တရားဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ခေါင်းဆောင်ကြီးများခင်ဗျား၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းကို အဓိကထားပြီး အုတ်မြစ်ချတည်ဆောက်လာတဲ့ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ဟာ "မူ" အားဖြင့် မဇ္ဈိမပဋိပဒါ ဒီမိုကရေစီပြည့်ပြည့်ဝဝ ပေးထားရမယ့်လမ်းစဉ် တောင်တန်းဒေသကိုယ်စားလှယ်များနဲ့ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ပြည်မခေါင်းဆောင်ကြီးများ ကြိုက်နှစ်သက်ကြတဲ့ လမ်းစဉ် အရ "မူ" ချပေးလာတဲ့ ဗဟိုလမ်းစဉ်ဖြစ်ပါတယ်။

သို့သော်လည်း ပြည်နယ်များညီညွတ်ရေးအဖွဲ့ချုပ် ဥက္ကဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများတင်ပြသွားသလို (၁၃) နှစ် (၁၃) မိုး လက်တွေ့ကျင့်သုံးလာတဲ့အခါ၊ တည့်မတ်နေရမယ့် ချိန်ခွင်လျှာဟာ မူလအနေအထားမျိုးမဟုတ်တော့ဘဲ ဘယ်ဘက်ယိမ်းချင်သလိုလို၊ ညာဘက်ယိမ်းချင်သလိုလို၊ ဟိုယိမ်း ဒီယိမ်း၊ ယိမ်းနေတာကို တွေ့မြင်လာရပါတယ်။

ဒီလိုချို့ယွင်းချက်တွေကို တွေ့လာတော့၊ ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ပွားကြီး စဝ်စမ်ထွန်း၊ သခင်မြ၊ မန်းဘခိုင်၊ ဆရာကြီး ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းတို့ရဲ့ သွေးနဲ့၊ ချွေးနဲ့၊ ဖွဲနဲ့၊ မလျော့သောလုံ့လနဲ့ အမျိုးသားညီညွတ်ရေး၊ တရားမျှတရေး၊ လွတ်လပ်ရေးအခြေခံအုတ်မြစ်ချပြီး တည်ဆောက်တဲ့ ပြည်ထောင်စုကြီးဟာဖြင့် စစ်မှန်ခြင်းမရှိတော့ဘဲ၊ မစစ်မမှန်တဲ့ပုံပန်းသဏ္ဍာန်မျိုးသို့ ပြောင်းလဲလာနေပြီဆိုတာကို ဉာဏ်မျက်စိဖြင့် ကြည့်ဖို့ပင်မလိုတော့ပါဘူး။

သာမန်မျက်စိနဲ့ဘဲ ကွင်းကွင်းကွက်ကွက် မြင်နေကြရလို့ ဝန်ကြီးချုပ်အမိန့်ရှိသလို ပြည်ထောင်စုကြီးပြိုကွဲတော့မလား၊ ပျက်စီးတော့မှာလား ဆိုတာ ကျွန်တော်တို့နဲ့တကွ ပြည်ထောင်စုသားတိုင်း ယူကြုံးမရ စိုးရိမ်ကြောင့်ကျပူပင်သောက ဖြစ်နေကြရပါတယ်။

ဒါတွေဟာ ကျွန်တော်တို့လျှောက်လာရတဲ့ (၁၃) နှစ်ခရီးမှာ ဆန်းစစ်တွေ့ကြုံနေရတဲ့ချို့ယွင်းချက် အချက်အလက်တွေပါဘဲ။ ဒီလိုတဖြည်းဖြည်း ပြိုပျက်နေတဲ့ ပုံမှားပြည်ထောင်စုကိုစွန့်လွှတ်ပြီး မူလပုံမှန်ဖြစ်တဲ့ ပြည်ထောင်စုစစ်စစ်မှုနဲ့ ကုစားလိုက်ရင်၊ ကျွန်တော်တို့စိုးရိမ်ကြောင့်ကျမှုတွေဟာ အလိုလိုပပျောက်ပြီး တိုင်းရင်းသားပေါင်းစုံမှာ တကယ့်မိသားစုစိတ်နဲ့ ပြည်ထောင်စုကြီးကိုသာယာဝပြော တည်တန့်အောင်ထိန်းသိမ်းစောင့်ရှောက် သွားနိုင်လိမ့်မယ်လို့ကျွန်တော်မြင်ပါတယ်။

ဒီတော့ မူလချထားတဲ့လောကပါလတရားအခြေခံပြုတဲ့ "မူ" အရ၊ ပြည်ထောင်စုစစ်စစ်ပြန်လည်ဖြစ်လာအောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ မိုင်းပွန်စော်ဘွားကြီး စတဲ့ခေါင်းဆောင်ကြီးများကို ချစ်ခင်သောအားဖြင့် လေးစားကြည်ညိုသောအားဖြင့်၊ သစ္စာရှိသောအားဖြင့်၊ ဗုဒ္ဓမြတ်စွာဘုရားရဲ့သာသနာတော်ကို (၂၅၀၀) ပတ်လုံး၊ ထိန်းသိမ်းလာကြတဲ့ အစဉ်အလာလို သာသနာတော် (၅၀၀၀) ပတ်လုံးကျန်တဲ့အချိန်များမှာလဲ နောက်လူနောက်သားများထိန်းသိမ်းစောင့်ရှောက် သွားကြရမှာလို ပြုပြင်ထိန်းသိမ်းသွားစေချင်ပါတယ်။ ဒါဟာဘာလဲဆိုရင် လောကုတ္တရာနိဗ္ဗာန် ရောက်ရာရောက်ကြောင်းလမ်းစဉ် အုတ်မြစ်ကို သာသနာ

(၅၀၀၀) တည်ပါစေဆိုပြီး၊ သုတ်ဝိနည်းအဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးပုံဖြင့် ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် သတ်မှတ်ပေးတော်မူခဲ့ပါ တယ်။

ဒီလိုမှန်ကန်တည့်မတ်တဲ့ မူကို ချမှတ်ထားပေးတော်မူပြီး လေးဆယ့်ငါးဝါ ပတ်လုံး သာသနာတော်ကိုပြုပြီးတဲ့နောက် ပရိနိဗ္ဗာန်စံလွန်တော်မူပါတယ်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီး စံလွန်တော်မူတယ်ဆိုရင် ရဟန္တာမြတ်များမှအပ၊ ကျန်ရဟန်းတော်၊ သံဃာတော်များ ဝမ်းနည်းပက်လက်ဖြစ်ပြီး ယူကြုံးမရ ငိုကြွေး ကြပါတယ်။

ဒီတော့ တုဘာရဟန်းကြီးက ငါ့ရှင်တို့ ဘာလို့ငိုရသလဲ၊ မငိုနဲ့ ဘုရားပရိနိဗ္ဗာန် စံတာဒို့အတွက် ပိုကောင်းတယ်။ ဒါမှ ဒို့ထင်သလိုနေရမယ်။ သူတို့ရှိတုန်းက အချုပ်အခြယ်တွေများတယ်။ ဘာကလေးဘဲလုပ်ရင် သူကလိုက်လိုက်ပြီး ဟန့်တားတယ်။ ဝိနည်းတော်အသစ်တွေထုတ်ပြီး ပညတ်တယ်။ အခုတော့ဒို့ထင် သလို နေ၊ ထင်သလိုလုပ်လို့ရတော့မယ်။ မငိုကြနဲ့။ ပျော်ပျော်ရွှင်ရွှင်သာနေကြ၊ လွတ်လွတ်လပ်လပ် လွတ်လပ်စွာနေထိုင်ကြဆိုပြီး လိုက်ဟော လိုက်ပြောပြီး ဝါဒ ဖြန့်တယ်။

ဒါကို ရှင်မဟာကဿပက ရဟန်းတော်အရှင်မြတ်ကြီးကမြင်တော့ ဒီလိုလွှတ် ထားရင် သာသနာတော်ကြီးထိခိုက်တော့မယ်၊ ပျက်စီးတော့မယ်၊ ပြိုပျက်တော့ မယ်ဆိုတာကို မြင်တော်မူတာနဲ့ ကျန်တဲ့ ရဟန္တာအရှင်မြတ်များကို တိုင်းပင် တော်မူပြီး သုံးလအတွင်း ရဟန်း (၅၀၀) နှင့် ပထမသံဂါယနာတင်တော်မူကြ ပါတယ်။

ဒီလိုနဲ့ ချို့ယွင်းချက်တွေကို တွေ့တိုင်းတွေ့တိုင်း၊ မူရင်းကိုထိခိုက်လာတိုင်း သာသနာ့ဒါယကအမည်ခံမင်းများက ထေရ်ကြီးဝါကြီးရဟန်းအရှင်မြတ်ကြီးများ နဲ့ တိုင်ပင်ညှိနှိုင်းတဲ့သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့တာဟာ မင်းတုန်းမင်းတရားကြီးလက်ထက်တော်အထိ ငါးကြိမ်တိတိ ဖြစ်ပါတယ်။

ခရစ်ယာန်သာသနာမှာလည်းဘဲ သမ္မာကျမ်းစာအစောင်၊ သမ္မာကျမ်းစာ ဟောင်းမှ သမ္မာကျမ်းစာသစ်သို့ မူရင်းမပျက်စေဘဲ သာသနာကို စောင့်ထိန်းခဲ့ တယ်ဆိုတာ သိရပါတယ်။

ဒီလို သာသနာတော်ကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဖြင့် ချုပ်ကိုင်၍ထွန်း တောက်လာသလို၊ အုပ်ချုပ်ရေးဘက်ကလည်း သီရိဓမ္မာသောကမင်းလက်ထက်၊ မိလိန္ဒမင်းကြီးလက်ထက် စတဲ့သာသနာပြုမင်းများဟာလည်း လောကပါလ

တရားနဲ့အညီ ကျောကသားလည်းသား၊ ရင်ကသားလည်းသား၊ မခွဲခြားဘဲအုပ်ချုပ်စေခဲ့၍သာ တိုင်းသူပြည်သားလူအများမှာ ရေထိတဲ့ပဒုမ္မာကြာလို အေးချမ်းသာယာပြီး လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားများကို စိတ်ချလက်ချ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

ကျွန်ဘဝကလွတ်မြောက်လာပြီးသည့်နောက် ကျွန်တော်များပြည်ထောင်စုမြန်မာနိုင်ငံတော်မှာလည်း ဝန်ကြီးချုပ်ကိုယ်တိုင် စရိယသုံးပါးကျင့်သုံးလာတဲ့အတွက် မြတ်စွာဘုရားရဲ့ ပိဋကတ်တော် မူမမှန်ချို့ယွင်းတိမ်းပါးရှိသည်များကို မူရင်းမပျက် ပြန်လည်ပြုပြင်စက်တင်ပုံနှိပ်ထားရှိနိုင်ရန် ထေရ်ကြီးဝါကြီးဖြစ်တော်မူကြတဲ့ ဝိနယဓရပိဋကန္တ ရ၊ ဘဏ္ဍာဂါရိက ဆရာအရှင်မြတ်များ၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ပညာရှိလူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ ထေရာဝါဒနိုင်ငံများမှ ရဟန်းပညာရှိလူပညာရှိများအား ပင့်ဖိတ်လို့ ဉာဏ်မျှမင်းပေါင်းစုံသံဃာတောင်ပေါင်းစုံကြွရောက်ဆဋ္ဌသံဂါယနာတင်တော်မူကြသည်မှာ အံ့မခမ်းကြီးကျယ်ခန်းနားစွာ ဆင်ယင်ကျင်းပအောင်မြင်ခဲ့သည်မှာလည်း လူကြီးမင်းများအသိ ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့အဆုံးအမကို ပိဋကတ်တော်ကိုဆေးကြောသုတ်သင် သံဂါယနာတင့်ခဲ့သလို ကျွန်တော်များရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ခေါင်းဆောင်ကြီးများချမှတ်ထားတဲ့ ပြည်ထောင်စုစစ်စစ်မူ အတိုင်းတိကျမှန်ကန်အောင် စီစစ်လျှက် ပြည်မပြည်နယ်အသီးသီးမှာ ခေါင်းဆောင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ဆက်လက်ဆောင်ရွက်သွားပေးပါလို့ ပန်ကြားလိုပါတယ်။

ကျွန်တော်ဒီလိုအစီရင်ခံပန်ကြားရင်း  ပြည်နယ်များညီညွတ်ရေးအဖွဲ့ချုပ်ကိုယ်စားလှယ်တော်များပင် တင်ပြတောင်းဆိုချက်ကို ချွင်းချက်မရှိ လေးနက်စွာဖြင့် ထောက်ခံလိုပါတယ်။

ဒီလိုထောက်ခံခြင်းဖြင့် ကျွန်တော်တို့ဟာ ပြည်မရှိနောင်တော်များကို မုန်းလို့၊ ပြည်ထောင်စုကြီးကို ပျက်ပြားအောင်၊ ကျွန်ဘဝရောက်အောင် အပြင်ပပရောဂတွေကြောင့်ဆိုတဲ့ စွပ်စွဲချက်တွေဟာ လုံးဝမဟုတ်မမှန်ကြောင်းကို ရိုးသားစွာ ဝန်ခံလိုပါတယ်။

ကျွန်တော်များဟာ ပြည်မခေါင်းဆောင်ကြီးများနဲ့အတူ လက်တွဲဆောင်ရွက်ခဲ့ကြသလို၊ လွတ်လပ်ရေးကြီးကို ရလာကြတဲ့အတိုင်း ပါရမီဖြည့်ဘက်၊ ဆိုးတူကောင်းဘက်ဖြစ်ကြပါတယ် ဆိုသာ မမေ့မလျော့သော သတိတရားလက်ကိုင်ထားပြီး မိသားစုစိတ်ဓါတ်ဖြင့် တန်းတူညီမျှမှုကို ရရှိစေမယ့် လွတ်လပ်တဲ့ပြည်ထောင်စုကြီးကို ဖန်တီးကြပါစို့လို့ ပန်ကြားခြင်းသာ ဖြစ်ပါတယ်။

ဒီလို ပန်ကြားခြင်းမှာလည်း အကြောင်းရှိပါတယ်။ ရိုးရိုးသားသားနဲ့ အစီရင်ခံရမယ်ဆိုရင်၊ ဒီ (၁၃) နှစ် (၁၃) မိုးမှာ ပြည်နယ်သားများရဲ့ အခက်အခဲပြဿနာတွေကို ဘယ်လိုရင်ဆိုင်တွေ့ကြုံလာသည့်တိုင်အောင် ဝန်ကြီးချုပ်ဟာ စေတနာသန့်စွာ၊ သန့်ရှင်းစွာဖြင့် မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းပေးနေတာကိုလည်း ကျွန်တော်များလက်တွေ့ တွေ့ကြုံနေရပါတယ်။

ဤကိစ္စမှာလည်း မဖြစ်နိုင်၊ မလိုက်လျောနိုင်တဲ့ကိစ္စမျိုးမဟုတ်။ ဖြစ်နိုင် လိုက်လျောနိုင်တဲ့ လောကပါလတရားကိုထိန်းသိမ်းဖို့ ဖြစ်လို့ ဝန်ကြီးချုပ်နဲ့အပေါင်းပါပြည်မခေါင်းဆောင်ကြီးများကို ယုံကြည်ကိုးစားစွာဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ပေးပါလို့ လုံးဝပုံအပ်ခြင်းသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့စေတနာကို ဤမျှနဲ့ဘဲ သိလောက်ပါပြီ။ အမျိုးသားညီညွတ်ရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ ညီမျှရေးကို အစွမ်းကုန်ပေးစွမ်းနိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် ဝိုင်းဝန်းပြီး ပါရမီအပြန်အလှန်ဖြည့်ကြပါစို့လို့ ညီငယ်အနေဖြင့် တိုက်တွန်းရင်း ချမ်းသာသုခအပေါင်းနဲ့ ပြည်စုံကြပါစေဆိုတာ ဆုတောင်းရင်းနိဂုံးချုပ်ပါရစေ။

(သြဘာသံများ)။

ဒီနေ့ကျင်းကတဲ့ နိုးနှောဖလှယ်ပွဲကြီး ပထမနေ့အခမ်းအနား ဒီတွင် ပြီးဆုံးပါပြီ ခင်ဗျား။ကိုယ်စားလှယ်တော်လူကြီးမင်းများနဲ့ ကြွရောက်တဲ့လေ့လာသူပုဂ္ဂိုလ်ကြီးများ ယခုအခမ်းအနားအပြီးမှာ ခေါက်ဆွဲနဲ့ကော်ဖီသုံးဆောင်ရန်ကြွကြပါလို့။

* * * * * * * * * *

အပိုင်း (၂)

# ပြည်နယ်များညီညွတ်ရေးအဖွဲ့မှ တင်သွင်းသော “ပြည်ထောင်စုစစ်စစ်မှု” အပေါ် ဗမာနိုင်ငံရေးပါတီများ၏ တုန့်ပြန်ချက်များ

အခန်း (၈)

## ၁၉၆၂ မတ်လ (၁) ရက်နေ့တွင် ကျင်းပသောဆွေးနွေးပွဲအစီအစဉ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အဖွင့်အမှာစကား

(၁-၃-၆၂ နေ့ဆွေးနွေးပွဲမှ တင်ပြဆွေးနွေးချက်မှ)

မစခင်ကျွန်တော်စကား တခွန်းနှစ်ခွန်းလောက် အစီရင်ခံချင်ပါတယ်။

အခုကျွန်တော်တို့နှီးနှောဖလှယ်ပွဲမှာ တာဝန်ခံကိုယ်စားလှယ်အသီးသီးပြောကြမယ့်စကားတွေဟာ အင်မတန်ဘဲအရေးကြီးတဲ့ စကားတွေဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့စိတ်ကူးထားတာက ဒီလောက်အရေးကြီးတဲ့စကားတွေကို တနေ့ထဲပြွတ်သိပ်ပြီး သောပြီးပြောက်လိုက်ခြင်းအားဖြင့် အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်မထင်ပါဘူး။

ဒီစကားတွေကို တနေ့ကို (၂) ဦးစီလောက်၊ အဲဒီလို (၂) ရက် (၃) ရက်ခွဲပြီးတော့ပြောမယ်။ ပြီးတော့ ပြောတဲ့နေ့တွေကိုလည်း ကြားထဲမှာ (၅) ရက်စီလောက် ခြား ခြားပြီးတော့ ကျွန်တော်တို့အခုလိုပေးသွားမယ် ဆိုလို့ရှိရင်၊ ပြောသွားတဲ့ အရေးကြီးတဲ့အချက်တွေကို နားထောင်နေတယ့် ကိုယ်စားလှယ်အသီးသီးကရော၊ တိုင်းပြည်ကရော အင်မတန်လေးလေးစားစား သူတို့လေ့လာနိုင်ဖို့ အချိန်ရလိမ့်မယ်လို့ ကျွန်တော်ဒီလိုယုံကြည်ပါတယ်။

အဲဒီလိုယုံကြည်တဲ့အတိုင်းဘဲ ဒီကနေ့ဆိုလို့ရှိရင် ကျန်သေးတဲ့ကိုယ်စားလှယ် (၅) ဦးကို၊ တကြိမ်ထဲ တနေ့ထဲ တခါထဲ အပြီးမပြောလိုက်စေဘဲနဲ့ ကျွန်တော်ကနေ့ "ပမညတ" ကိုယ်စားလှယ်၊ ပြီးတဲ့အခါကျလို့ရှိရင် "ဖဆပလ" ကိုယ်စားလှယ် (၂) ဦးပြောပြီးတော့ ကျွန်တော် ဒီကနေ့နှီးနှောဖလှယ်ပွဲကို ခဏရုတ်သိမ်းထားချင်ပါတယ်။

ပြီးတဲ့အခါကျလို့ရှိရင်ဖြင့် ကြားမှာ (၅) ပေးပြီးတဲ့နောက် မတ်လ (၇) ရက်နေ့ကျတော့မှ (၆) နာရီအချိန်မှာဘဲ ကျွန်တော်တို့ ဒီနေရာမှာ ပြန်ပြီးတော့ နှီးနှောဖလှယ်ပွဲကို စတင်ကျင်းပပါ့မယ်။

အဲဒါကြောင့်မို့လို့ အခု "ပမညတ" ကိုယ်စားလှယ်ကြွပြီးတော့ ပြောပါ။

အခန်း (၉)

# ပမညတ ဥက္ကဋ္ဌ သခင်ချစ်မောင်၏ ဆွေးနွေးတင်ပြချက်

လေးစားအပ်သော သဘာပတိကြီးခင်ဗျား။ လေးစားအပ်သော ပြည်ထောင်စု လူမျိုးပေါင်းစုံညီတော်၊ နောင်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား —

ပြည်ထောင်စုဗိသုကာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့တဲ့ လူမျိုးပေါင်းစုံချစ်ကြည်သွေးစည်းရေး ဗိမာန်ကြီးဟာ ကျွန်တော်တို့ရဲ့လက်ထက်မှာ အတော်ဘဲယိုင်နဲ့လျှက် ရှိနေပါပြီ။

လူသားတို့ရဲ့ ခေတ်တခေတ်ဆိုတဲ့နှစ်ပေါင်းနှစ်ဆယ်၊ အစိပ်မျှပင် ဆက်လက် မထိန်းသိမ်းနိုင်တဲ့အတွက် မိဘအမွေကိုမရိုသေတတ်တဲ့ သားဆိုးသမီးဆိုးများ အဖြစ်နဲ့ ကျွန်တော်တို့အားလုံးဟာ ရာဇဝင်မှာ တာဝန်မကင်းဖြစ်နေကြရပါပြီ။

ထိုတာဝန်ကို အချိန်မှီပြန်လည်ထမ်းဆောင်နိုင်ကြရန်အတွက် ယခုလိုလူမျိုး ပေါင်းစုံနှီးနှောဖလှယ်ပွဲကြီးကို ကြီးစွာသောနောင်တ၊ နက်နဲသောမိသားစုစိတ် ဓါတ်နှင့် ကျင်းပရခြင်းဖြစ်တယ်လို့ ကျွန်တော်တို့လှိုက်လှဲစွာ ခံယူပါတယ်။

ကျွန်တော်တို့အားလုံးဟာ တစိမ်းတရံလူတွေ မဟုတ်တဲ့အတွက် ကျွန်တော် တို့ရဲ့ပြဿနာကို ကျွန်တော်တို့ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းနှင့် ဝေဖန်ဆွေးနွေး ပါရစေ။ အမှားများရှိရင်လည်း နက်နက်နဲနဲဘဲ ဝန်ခံပါရစေ။ တယောက်ရဲ့ချို့ယွင်း ချက်တွေကို တယောက်ကမိသားစုစိတ်ဓါတ်နှင့် ဖေါ်ထုတ်ဖွင့်ဟနိုင်ပါစေ။ ပြုပြင် နိုင်ပါစေလို့ ကျွန်တော်က အခုကထဲက ကြိုတင်တောင်းပန်အပ်ပါတယ်။

ကျွန်တော်တို့ပြည်ထောင်စုအတွင်းမှာရှိတဲ့ လူမျိုးစုများအားလုံးဟာ အတော်ဘဲ မကြေမနပ်ဖြစ်ပြီး၊ လှုပ်ရှားထကြွလျှက် ရှိနေကြပါတယ်။ ဗမာက လည်း ဗမာလိုမကြေမနပ်ဖြစ်ပြီး၊ ကရင်ကလည်း ကရင့်နည်းနဲ့ မကြေမလည်နှင့် ရှမ်းကလည်း ရှမ်းလိုကြိတ်မနိုင်ခဲမရဖြစ်ပြီး၊ ထို့အတူ အခြားလူမျိုးစုအသီးသီး တို့ကလည်း ကိုယ့်ဘဝကိုယ့်ဆန္ဒ မပြည့်နိုင်ဖြစ်နေကြရပါတယ်။

ဒါတွေ ဘာကြောင့်ဖြစ်လာကြရသလဲဆိုတာကို နက်နက်နဲနဲပြန်ပြီး စစ်ဆေး ဖို့ရန်ဟာ ပထမပြဿနာကြီးဖြစ်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ — ပြည် ထောင်စုစစ်စစ်မှုဖွဲ့စည်းရေး ဆိုတာလည်း အရင်းစစ်အမြစ်ကမြေ ဆိုသလို— ဒီအထွေထွေမကြေနပ်မှုကြီးကဘဲ အကြောင်းခံပေါက်ဖွားလာတယ်လို့ ယူဆပါ တယ်။

ဒီပြဿနာကြီးဟာ ဥပဒေကြောင်းရှာဖွေရုံမျှ၊ ဖွဲ့စည်းပုံဖွဲ့စည်းနည်းဆိုတဲ့ ပုံစံများလို့ဆိုရုံမျှနှင့် ဘယ်နည်းနဲ့မျှပြည့်ဝတဲ့ စစ်ဆေးချက် မဖြစ်နိုင်ပါဘူး။

ဒီတော့ ပြည့်ဝတဲ့စစ်ဆေးချက်ရရှိအောင် ကျွန်တော်တို့ရဲ့ဘဝမှာ တကယ်တွေ့ထိခံစားလာရတဲ့ အဖြစ်မှန်၊ ဘဝမှန် ရာဇဝင်ကြောင်းအရသာ တဆင့်ပြီး တဆင့် ပြန်လည်စစ်ဆေးသင့်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။

ကျွန်တော်တို့ "ပမညတ" ရဲ့အဆင့်ဆင့်သော စစ်ဆေးချက်များကို ဒီလို တင်ပြပါရစေ။

၁။ ကျွန်တော်တို့အချင်းချင်း မကြေနပ်မှု၊ မယုံကြည်မှု အခြေခံများဟာ မနေ့တနေ့ကမှစပြီး ဖြစ်လာတဲ့ကိစ္စမဟုတ်ပါဘူး။ ရှေးပဒေသရာဇ်ခေတ်၊ နယ်ချဲ့ခေတ်များကစပြီး နှစ်ပေါင်းများစွာစုပုံလာခဲ့ကြတဲ့ အမွေဆိုးအနှစ်ဆိုး ကြီးများဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့လူမျိုးစုတွေ ပြည်သူအချင်းချင်းတွေစပ်ဟပ်လို့မရအောင် သွေးခွဲမှုတွေ၊ ရန်သူလိုမုန်းတီးမှုကြီးတွေဖြစ်အောင် ထိုးနှက်ဖျက်ဆီးခဲ့ကြသူတွေဟာ ခေတ်သစ်ခေတ်ဟောင်း ပဒေသရာဇ်တွေ၊ နယ်ချဲ့တွေရဲ့ ရာဇဝင်တလျှောက်လုပ်ကြံခဲ့ကြတဲ့ လက်ချက်ကြီးတွေသာ ဖြစ်တယ်ဆိုတာ ပထမဆုံးနစ်နာချက်ကြီး ကောက်ချက်ချထားဖို့ အလွန်အရေးကြီးပါတယ်။

ဒီလောက်ကြီးကျယ်တဲ့ ဟုတ်တိုင်းမှန်ရာ—ရာဇဝင်ဖြစ်ရပ်ကြီးကို မေ့ပျောက်နေကြပြီး၊ အချင်းချင်းကိုဘဲ ရန်သူလိုထင်မှားပြီး၊ စွပ်စွဲချေပနေကြရမယ်ဆိုရင် ပြဿနာဟာ ဘယ်တော့မှ မပြေလည်နိုင်ပါဘူး။ ဗမာကြောင့်ဘဲ၊ ကရင်ကြောင့်ဘဲ၊ ရှမ်းကြောင့်ဘဲဆိုပြီး ရန်သူကိုရန်သူဘောင်အတွင်းမှာမရှာဘဲ ရန်သူကို မိတ်ဆွေဘောင်တွင်းမှာဘဲ လှည့်ရှာပြီး အချင်းချင်းကို ရန်သူထင်မှားနေသမျှ နောက်ဆုံးရန်သူ့အကြိုက် ပြည်ထောင်စုပြိုကွဲရေးမှာဘဲ နိဂုံးချုပ်ကြရ ပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ လူမျိုးပေါင်းစုံချစ်ကြည်ရင်းနှီးရေးပြဿနာကို ဒီလောက် ကြီးမားတဲ့ရာဇဝင် ထုထည်အခြေခံပေါ်မှာ မရှာဖွေဘဲ၊ တနည်းအားဖြင့် ရန်သူမှန်းသိသည့်အခြေခံပေါ်မှာ အဖြေမှန်မရှာဖွေဘဲ မိတ်ဆွေကို ရန်သူလုပ်ပြီးတော့ အဖြေရှာရင် ကျွန်တော်တို့ကနေ့ ခံစားနေကြရပြီဖြစ်တဲ့ ဒုက္ခမျိုးထက် ကြီးကျယ်ပြင်းထန်တဲ့ ဒုက္ခမျိုးတွေကို ဆက်လက်ခံစားကြရဒုံးမယ်ဆိုတာ ကျွန်တော်အတိအလင်းဘဲ တင်ပြပါရစေ။

၂။ ပြည်ထောင်စုဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးပေါင်းစုံချစ်ကြည် သွေးစည်းရေးကို ကျွန်ခေတ်မှာ နယ်ချဲ့ကိုရန်သူထားပြီး ရှာဖွေတည်ဆောက် ခဲ့ပါ တယ်။

ဂျပန်ဖက်ဆစ်တို့ခေတ်မှာ ဖက်ဆစ်ဝါဒကို ရန်သူထားပြီး တည်ဆောက်ခဲ့ပါ တယ်။ စစ်ကြီးပြီးနောက် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီးမှာ ဗြိတိသျှနယ်ချဲ့ သမားကို ရန်သူထားပြီးအပြင်းအထန် ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။

ရန်သူကိုရန်သူလိုအခြေခံပြီး —အဖြေမှန်ရှာဖွေခဲ့ကြခြင်းရဲ့ အောင်ပွဲအထွဋ် အထိပ်ဟာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့မှာ ချုပ်ဆိုခဲ့ကြတဲ့ ရာဇဝင် ကျော် "ပင်လုံစာချုပ်ကြီး" ဖြစ်ပါတယ်။

ရန်သူမှန်းသိတဲ့အချိန်မှာ အဖြေထွက်တယ်ဆိုတဲ့ ရာဇဝင်သခ်ၤာစာကြီး တရပ်ပါဘဲ။ ဒါကြောင့်လည်း နယ်ချဲ့သမားတို့ဘက်မှာ ကြီးစွာအရှုံးထွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ဒင်းတို့ကြီးစွာ မကြေမနပ်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

ရန်သူကိုရန်သူလိုသိတဲ့ ယနေ့နိုင်ငံတကာမှာရှိတဲ့ အမျိုးသားခေါင်းဆောင် ကြီးတွေကို နယ်ချဲ့သမားများဟာ ခဏခဏလုပ်ကြံသတ်ဖြတ်နေကြသကဲ့သို့ နယ်ချဲ့သမားနှင့် နယ်ချဲ့လက်ပါးစေများဟာလည်း လူမျိုးပေါင်းစုံသွေးစည်းညီ ညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင် ကြီးများကို ဦးဦးဖျားဖျား လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းဘဲ ဖြစ်ပါတယ်။

သူတို့ရဲ့သွေးနဲ့ တည်ဆောက်ခဲ့တဲ့ လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ရေးဟာ အမျိုးသားလွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းရရှိသည်အထိ တောင့်ခံနိုင်ခဲ့ပါ တယ်။

သို့သော်လည်း ဗြိတိသျှနယ်ချဲ့သမားများဟာ လုံးဝမကြေနပ်ခဲ့ပါဘူး။ အမျိုး သားညီညွတ်ရေးကို နည်းမျိုးစုံနှင့် ဆက်လက်ဖြိုခွဲလျှက်ပင် နေခဲ့ပါတယ်။ "လေ ဘာအစိုးရ" က ဗမာပြည်လွတ်လပ်ရေးဥပဒေကြမ်းကို ဘိလပ်ပါလီမန်မှာ တင်စဉ် က ကမ္ဘာ့နယ်ချဲ့ခေါင်းဆောင်ကြီး—ဗြိတိသျှဝန်ကြီးချုပ်ဟောင်း "ဆာဝစ္စတန် ချာချီ" က ဗမာပြည်ကိုလွတ်လပ်ရေးပေးခြင်းဟာ ဗမာပြည်သူပြည်သားများ အား သွေးချောင်းစီးစေခြင်းဘဲ ဖြစ်လိမ့်မယ်လို့ အတိအလင်းဘဲ နမိတ်ဖတ်ကြိမ်း ဝါးခဲ့တာကို ကျွန်တော်တို့ ယခုတိုင်ကြားယောင်နေကြပါလိမ့်အုံးမယ်။

အဲဒီလို "ချာချီ" ဟာကြိမ်းဝါးပြီး၊ သူ့ရဲ့ Tulock တို့ Campbells တို့ဆို တဲ့ သူလျှို–ဒလန် တွေ၊ ပြည်တွင်းလက်ပါးစေတွေကို မွေးထုတ်ပြီး ကြီးစွာသော

သူ့ဩဇာနှင့် လွတ်လပ်ရေးရပြီး ရက်ပေါင်း (၁၀၀) အတွင်းမှာဘဲ လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံပါဝင်တဲ့ ပြည်တွင်းစစ်ပွဲကြီးကို ဖန်တီးခဲ့စေတာပါဘဲ။

ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့ စီမံကိန်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ခဲ့တဲ့ လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ပွဲဟာ လူမျိုးပေါင်းစုံခုတ်ထစ်သတ်ဖြတ်နေကြရတဲ့ ပြည်တွင်းစစ်ပွဲကြီးအဖြစ်နဲ့ ဒီကနေ့တိုင်အောင် သွေးချောင်းစီးနေကြရခြင်း ဖြစ်ပါတယ်။

၃။ ကျွန်တော်တို့ဟာ အဲဒီအချိန်ကစပြီး ရန်သူပျောက်ခဲ့ကြပါပြီ။ အချင်းချင်းကို ရန်သူထင်ခဲ့ကြပါပြီ။ ရန်သူပျောက်လေ အချင်းချင်းရဲ့သွေးကို သောက်လို့မဝနိုင်ကြလေဖြစ်ပြီး — နောက်ဆုံးဇတ်တူသားချင်း စစ်ခင်းသတ်ဖြတ် —ဟသာ်ကိုးသောင်းဇတ်ကို ခင်းနေကြတဲ့ဘဝကို ကျွန်တော်တို့လုံးဝ ရောက်နေကြရပါပြီ။

၄။ အဲဒီလိုအချိန်အခါမှာ အာဏာရ "ဖဆပလ" ပါတီအတွက် ရာဇဝင်မှာတာဝန်အကြီးဆုံးအချိန်ပါဘဲ။ "မင်းနှင့်ပြည်သူ အမိုက်ချင်းတူရမည်" ဆိုတာ၊ ဘယ်ရာဇဝင်၊ ဘယ်ကျမ်းဂန်မှာမှ မရှိစကောင်းပါဘူး။

"ပြည်သူတွေမမိုက်—မင်းတွေသာမိုက်" ရိုးထုံးစံရှိပြီး၊ "မင်းဆိုးမင်းညစ်များ" ဟူ၍သာ ရာဇဝင်မှာဒဏ်ခတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။

"တပည့်မကောင်း ဆရာ့ခေါင်း" "သားသမီးမကောင်း မိဘခေါင်း" "တိုင်းပြည်မကောင်း အစိုးရခေါင်း" ဟူ၍ အဖုံဖုံသောနီတိကျမ်းများမှာ အဆိုပြုခဲ့ကြပါတယ်။ ခေတ်သစ်နိုင်ငံရေးကျမ်းဂန်အရလည်း "ဒီမိုကရေစီအစိုးရတိုင်း—တိုင်းပြည်ကို တာဝန်ခံရမယ်" ဆိုတဲ့ ကျင့်ထုံးအတိုင်း အစိုးရဟာ တာဝန်အရှိဆုံးဖြစ်ရ ပါလိမ့်မယ်။

အဲဒီလို (၁၀) နှစ် (၁၀) မိုး တာဝန်အရှိဆုံး "ဖဆပလ" အစိုးရအတွက် ပြည်တွင်းစစ်ဗလောင်ဆူနေတဲ့ကာလမှာ ရန်သူကိုမိတ်ဆွေထင်၊ မိတ်ဆွေကို ရန်သူထားပြီး၊ တပါတီအာဏာရှင်နည်းရော၊ စစ်ဝါဒနည်းရော နည်းမျိုးစုံအထွေထွေဖိနှိပ်ရေးလုပ်ငန်းကြီးကို ခပ်ကြမ်းကြမ်းပင် ဆောင်ရွက်ခဲ့ပါတယ်။

"ငါနဲ့မတူ—ငါ့ရန်သူ" ဆိုတဲ့ကြွေးကြော်သံနှင့် "ငါနဲ့မတူ" လူတွေဆိုရင် ပြည်နယ်ပြည်မ မရွေးတော့ပါဘူး။ ဥပဒေတွင်းပါလီမန်တွင်းက တရားဝင်လိုင်စင်ရအတိုက်အခံကိုသော်မှ သက်သာခွင့်မပေးခဲ့ပါဘူး။ သေချင်စော်နံအောင် ခံခဲ့ကြရပါတယ်။ (၄) လောင်းပြိုင် (၅) လောင်းပြိုင် အသတ်ခံပွဲတွေနှင့် ဦးအောင်သာတို့အပါအဝင် ပြည်နယ်ပြည်မ မရွေး ပူဇော်ပသခဲ့ကြရပါတယ်။

ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ကျင်းပခဲ့ကြရတဲ့ ရွေးကောက်ပွဲမှန်သမျှဟာလည်း အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ပြည်နယ်ပြည်မ မရွေးသတ်ပွဲဖြတ်ပွဲ ဖမ်းပွဲ၊ ဆော်ပွဲ၊ မဲခိုးပွဲကြီးတွေဖြင့်နဲ့သာ ဇာတ်သိမ်းခဲ့ကြရပါတယ်။

စီးပွားရေး၊ လူမှုရေးတွေမှာလည်း "ငါနဲ့မတူ ငါ့ရန်သူ" ကိုဘေးချိတ်ပြီး၊ "ငါနဲ့တူတဲ့လူ" တွေကိုသာ ပြည်နယ်ပြည်မ မရွေးအခွင့်ထူးခံလူတန်းစား တရပ်အဖြစ် ပြောင်ပြောင်ကြီးဖန်တီးခဲ့ပါတယ်။

ဒါတွေဖြစ်လာတော့ သွေးခွဲရေးတစ္ဆေကြီးဟာလည်း မြိုင်မြိုင်ဆိုင်ဆိုင်၊ သွက်သွက်လက်လက်ကြီး ဝင်ရောက်ကျက်စားလာပါတော့တယ်။ ဗမာ (၆) ကွဲ၊ ကရင် (၄) ကွဲ၊ ရှမ်း (၃) ကွဲ၊ ကချင်–ချင်း (၂)ကွဲ၊ ရခိုင် (၅) ကွဲ၊ မွန် (၃) ကွဲဟူ၍ အကွဲမျိုးစုံအောင်သွေးခွဲခဲ့ကြပါတယ်။

အချို့ပြည်နယ်များမှာဆိုရင်  ပဒေသရာဇ်အာဏာပိုင်တွေနဲ့ပေါင်းပြီး ပြည်သူတွေကို အများကြီးနှိပ်စက်ခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်တင်ပြနေရတာဟာ အတိတ်ကို အငြိုးနဲ့ပြန်ပြီးတူးဖော်နေတာ မဟုတ်ပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနှင့် ခေါင်းဆောင်ကြီး ဦးကျော်ငြိမ်းတို့လည်း ပညာရှိပီပီ အနည်းနှင့်အများဆိုသလို ဝန်ခံပြောဆိုကြပြီးပါပြီ။

ကျွန်တော်တို့အားလုံး ရာဇဝင်သင်္ခန်းစာအဖြစ်နဲ့သာ အလေးအနက်ခံယူနိုင်ကြဖို့၊ အလွန်သန့်ရှင်းတဲ့ ဓမ္မဓိဋ္ဌာန်စေတနာနှင့် ကျွန်တော်ပြန်လည်တင်ပြနေခြင်းဖြစ်ပါတယ်။

၅။ အဲဒီအဆင့် အခြေအနေရောက်လာတဲ့အခါမှာ လူမျိုးစုံသွေးစည်းညီညွတ်ရေးဟာ ပြိုကွဲသည်ထက် ပြိုကွဲလာပြီး "နွားကွဲတော့ ကျားကိုက်" ဆိုသလို "အမေရိကန်နယ်ချဲ့သမား—ကူမင်တန်ကျူးကျော်ရေးစစ်တပ်" များဟာ၊ ပြည်ထောင်စုအရှေ့ခြမ်းနှင့် အရှေ့မြောက်ပိုင်းဒေသအားလုံး လိုလိုကိုဘဲ လက်ရဲဇက်ရဲနှင့် ကျူးကျော်သိမ်းပိုက်လာကြသည်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမေရိကန်နယ်ချဲ့တို့ရဲ့ ဗမာပြည်ပေးကျူးကျော်မှုကြီးဟာ ပြောင်ပြောင်ကြီးဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမယ့် လူမျိုးစုအချင်းချင်းတွေ အကွဲကွဲအပြဲပြဲနှင့် အားနည်းနေတဲ့ဘဝကြီးမို့ ကျွန်တော်တို့ ဖဆပလအစိုးရဟာ ရန်သူကိုမိတ်ဆွေလုပ်ပြီးတော့ ဒီပြဿ နာကို ဖြေရှင်းဖို့ အကူအညီတောင်းခဲ့ရပါတယ်။

အမျိုးအမည်မသိသော နိုင်ငံခြားတပ်တွေ ဗမာပြည်မြေပေါ်ရောက်နေပါတယ်လို့၊ အိမ်ပေါ်တက်လာတဲ့သူခိုးကို သမက်လောင်းပါလို့ပြောပြီး ကမ္ဘာ့ကုလသမဂ္ဂမှာလိမ်ပြီး ကြေညာခဲ့ပါတယ်။

အဲဒီအခါမှာ ''ဆဲလေကဲလေ၊ မန်းလေပြေလေ'' ဆိုတဲ့အတိုင်း အမေရိကန်နယ်ချဲ့သမားခေါင်းဆောင်တဲ့ ''ဆီးတိုးစစ်အုပ်စု'' က နောက်ဆုတ်မသွားဘဲ သာလိုပင်ရောင့်တက်ပြီးတော့ အခုအခါအားလုံးသိနေကြပြီးဖြစ်တဲ့အတိုင်း ဖုံးထားစရာမလိုတော့ပါဘူး။

လက်နက်ကိုင်တိုက်ခိုက်နေကြတဲ့ လူမျိုးစုအတွင်းမှာဘဲ ဗမာအချို့၊ ကချင်အချို့၊ ရှမ်းအချို့၊ ကရင်အချို့နှင့် မွန်အချို့များအတွင်းမှာပင် တိတိလင်းလင်းထိုးဖောက်စည်းရုံးလာကြပါတယ်။

ဗမာလူမျိုးကြီးဝါဒကို မကြောက်ဘူးလား၊ ဗမာပြည်ကွန်မြူနစ်ဝါဒကြီးကို မကြောက်ဘူးလားနှင့် တစ္ဆေအမျိုးမျိုးခြောက်ပြပြီး၊ လက်နက် ငွေကြေးအဖုံဖုံနှင့်ထိုးနှက်ပြီး—နယ်ချဲ့တို့ရဲ့တန်ပြန်တော်လှန်ရေးစခန်းတွေကို အခိုင်အမာချမှတ်လာကြပါပြီ။ နွားကွဲလေ ကျားဆွဲလေ ဖြစ်ကုန်ကြပါပြီ။ ဒီအခြေအနေတွေကို ကျွန်တော်တို့ မသိချင်ယောင်ဆောင်လို့ အားနာနေလို့ မဖြစ်တော့ပါဘူး။ အခြေအနေကို အလေးအနက် အသိအမှတ်ပြုပြီး ပြဿနာကို ရဲရဲကြီး ရင်ဆိုင်ဖြေရှင်းရပါလိမ့်မယ်။

၆။ အဲဒီလိုအခြေအနေဆိုးတွေကို ဆိုက်ရောက်လာအောင် တဟုန်ထိုးတွန်းပို့လာတာဟာ —ပြည်ထောင်စုစစ်စစ်ဖွဲ့ခဲ့မိတာ— မဖွဲ့မိခဲ့တာဆိုတဲ့ ပုံစံပြဿနာ ဟာအရင်းခံလား။ ကမ္ဘာနဲ့ချီပြီး နိုင်ငံတကာလျှောက်ဒုက္ခပေးနေတဲ့ အမေရိကန်နယ်ချဲ့ဂိုဏ်းကြီးရဲ့ ပယောဂနှင့် အုပ်စိုးသူတွေရဲ့ သဘောထားများ၊ လုပ်ချက်များ ဟာအရင်းခံလား ဆိုတာသဘောပေါက်၊ ရှင်းလောက်တန်ပါရက်နဲ့ ကျွန်တော်တို့ဟာ မရှင်းခဲ့ပါဘူး။

နယ်ချဲ့သမားတို့ရဲ့ ဝင်ရောက်စွက်ဖက်မှုကြီးနဲ့တကွ ဒီကနေ့တိုင်အောင် (၁၄) နှစ်လုံးလုံး၊ လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံပါဝင်သွေးချောင်းစီးနေကြရတဲ့ ပြည်တွင်းစစ်ပွဲကြီးကို ကွယ်ပျောက်ပစ်ပြီး အခြေခံဥပဒေစာအုပ်ထဲက ပုံစံတခုတည်းကြောင့်သာလို့ ဇွတ်အငြင်းပွားနေကြမယ်ဆိုရင် ဘယ်နည်းနဲ့မှသဘာဝကျတဲ့ ဓမ္မဓိဋ္ဌာန်ကျတဲ့ စစ်ဆေးချက်မဖြစ်နိုင်ဘူး။ အဲဒီလိုဆိုခဲ့တဲ့ အခြေအနေဆိုးများကသာ ဗမာလူမျိုးစုတခုလုံးကို ရှမ်းလူမျိုး စုတခုလုံးက ရန်သူထင်စေခဲ့ပါတယ်။ ရှမ်းလူမျိုးစု၊ ကရင်လူမျိုးစု၊ ကချင်လူမျိုးစု တခုလုံးကိုလည်း ဗမာလူမျိုးစုက ရန်သူထင်စေခဲ့ပါတယ်။ အဲဒီလို လူမျိုးကြီးဝါဒ၊ လူမျိုးငယ်ဝါဒတို့ရဲ့ ပဋိပက္ခကို လွန်စွာ ပြင်းထန်စေခဲ့ ပါတယ်။

၇။ နောက်ဆုံး ကရင်တကျပ် ဗမာတကျပ်၊ ရှမ်းတကျပ် ဗမာတကျပ် ဆိုတဲ့ကြွေး ကြော်သံတွေဟာ မိုးမွန်လာပြီး ကွဲအက်ရေး၊ ခွဲထွက်ရေး အသံတွေဟာလဲ ဆူတက်လာခဲ့ပါတယ်။ နယ်ချဲ့သမားများအတွက် မျက်ဖြူဆိုက်လေ–ဆရာကြိုက်လေ ဖြစ်လာပါတယ်။ နယ်ချဲ့အန္တရယ်တွေ ပတ်ချာဝိုင်းနေတဲ့ ဒီကနေ့ကမ္ဘာမှာ တိုင်းပြည်တိုင်း ပိုမိုသိပ်သည်းစွာ စုစည်းရေးကြိုးစားနေရတဲ့ကာလမှာ ဗမာပြည်ထောင်စုက ကွဲအက်ရေး၊ ခွဲထွက်ရေးအသံတွေဟာ နယ်ချဲ့တို့အတွက်ဘင်သံခရာသံများ အဖြစ်နှင့် ကြိုဆိုနေသကဲ့သို့ ဖြစ်စေခဲ့ပါတယ်။

အချို့သောလက်ဝဲအယူသီးသမားတွေကလည်း ကွဲအက်ရေး၊ ခွဲထွက်ရေးတရားတွေနှင့် မီးလောင်ရာလေပင့်လုပ်နေကြပါတယ်။ ဒီလိုဖြစ်ရတဲ့အတွက် ဗမာပြည်လူမျိုးစုကြီးနှင့် ဗမာပြည်အစိုးရအတွက် တာဝန်မကင်းဖြစ်ရလေခြင်းလို့ ကျွန်တော်တို့များစွာယူကြုံးမရ ဖြစ်ရပါတယ်။

ရိုးသားလှတဲ့ညီနောင်လူမျိုးစုများအတွက် ကျွန်တော်တို့များစွာ စိတ်ထိခိုက်မိပါတယ်။ ပြည်ထောင်စုကြီးရယ်လို့ ဖွဲ့စည်းပြီးတဲ့နောက် လူမျိုးစုများရဲ့အကျိုးစီးပွားအတွက် ရာဇဝင်မှာ ပြောပလောက်အောင် ဘာတခုမှဆောင်ရွက်မပေးရသေးမီ စိတ်ဝမ်းအကွဲကြီးကွဲရလေခြင်းလို့ များစွာအသဲနာမိပါတယ်။ တနည်းအားဖြင့် ရန်သူက လက်ဦးလေခြင်းလို့ ကျွန်တော်တို့ရဲ့ ညံ့ပုံဖျင်းပုံ ဘဝများကို များစွာဒေါသဖြစ်မိပါတယ်။

၈။ အခုတော့ ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေးဆိုတာ ပေါ်လာပါပြီ။ ဒီပြဿနာဟာ အခုမှ မိုးပေါ်ကကျလာပေါ်လာတဲ့ ပြဿနာ မဟုတ်ပါဘူး။

ကျွန်တော်ရှည်လျားစွာတင်ပြလာခဲ့တဲ့ ရာဇဝင်သမိုင်းကြီးရဲ့ ဖြစ်စဉ်အတွင်းမှာပေါ်လာတဲ့ နောက်ဆုံးရေပွက်တခုမျှသာ ဖြစ်ပါတယ်။ ဒီပြဿနာမှာ မျက်နှာနှစ်ဘက်ရှိပါတယ်။ တဘက်က ဒီလိုဖြစ်ခဲ့ရတာတွေ အကုန်လုံးဟာ ပြည်ထောင်စုစစ်စစ်မဖွဲ့ခဲ့မိလို့ဆိုတဲ့ ရိုးသားတဲ့လူမျိုးစုများရဲ့ ပုံစံအပေါ်မှာကောက်ချက်ချတဲ့ ပြည်သူ့မျက်နှာနှင့် "လက္ခယ်သန်းခေါင် မိုးမှောင်တောအုပ်" ဆိုတဲ့ကာလဆိုးကြီးထဲမှာ ပြည်ထောင်စုစစ်စစ်ဖွဲ့ရန် တောင်းဆိုစေပြီး၊ မရရင် ခွဲထွက်ခဲ့ကြဆိုတဲ့ နယ်ချဲ့ရဲ့မျက်နှာရယ်လို့ ကျွန်တော်တို့ ဒီလိုမျက်နှာနှစ်ဘက်ကို တချိန်ထဲမှာ ထင်ထင်ရှားရှား စစ်ဆေးတွေ့ရှိနေရပါတယ်။

၉။ ဒါကြောင့် ပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေးဆိုတဲ့ တောင်းဆိုချက်ကို ပြည်သူမျက်နှာဘက် ရိုးသားသော လူမျိုးစုများရဲ့ မျက်နှာဘက်က ပုံစံပြဿနာအဖြစ်နဲ့ တင်ပြတာကို ကျွန်တော်တို့တတွေဟာ ညီအကိုရင်းချာမိသားစု

စိတ်ဓါတ်နှင့် စိတ်ရှည်ရှည်ဖွဲကောင်းကောင်းနှင့် ယုံယုံကြည်ကြည် ဖြေရှင်းညှိနှိုင်းရန် လိုပါလိမ့်မယ်။ သို့သော်လည်း တဘက်ကနယ်ချဲ့မျက်နှာဖြစ်တဲ့ ပြည်ထောင်စုပြိုကွဲရေး ပြဿနာကိုတော့ ပြတ်ပြတ်သားသားဘဲ ရင်ဆိုင်ခုခံကြရလိမ့်မယ်လို့ ကျွန်တော် တို့ယူဆပါတယ်။

သဘာပတိကြီးခင်ဗျား — ကျွန်တော်တို့ညီအကိုလူမျိုးစုများအတွင်း— အထွေထွေမကြေနပ်မှုကြီးဟာ နောက်ဆုံးပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေး "မူ" တင်ပြတောင်းဆိုလာကြသည်အထိ ဘယ်လို အတိတ်၊ ပစ္စုပ္ပန်ဖြစ်စဉ်များအတွင်းမှ ပေါ်ပေါက်လာသည်ကို ရန်သူမိတ်ဆွေ ခွဲပြီးကျွန်တော်တင်ပြခဲ့ပြီးပါပြီ။

အခုဒုတိယအချက်အဖြစ်နဲ့ အခုလိုအခြေအနေမျိုးမှာ "ရှမ်းမူ" ဘဲခေါ်ခေါ် (သို့မဟုတ်) ပြည်နယ်များညီညွတ်ရေးအဖွဲ့ချုပ်မှတင်ပြတဲ့ "မူ"ဘဲခေါ်ခေါ်၊ ပြည်မရဲ့ခေါင်းဆောင်မှုကိုအခြေခံပြီး ပြည်ထောင်စုဖွဲ့စည်းရေးမူကို ပယ်ဖျက်ပြီး Confederation ဆန်တဲ့ ပြည်ထောင်စုစစ်စစ်မူကိုဖွဲ့စည်းခဲ့ပါလျှင် စေတနာမဖြောက်သော်လည်း ကာယကံမြောက်အားဖြင့် ပြည်ထောင်စုပြိုကွဲရေးသာ ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်တို့ကလုံလောက်တဲ့ အကြောင်းအချက်များနှင့် ညှိနှိုင်းပြပါရစေ။

၁။ "တန်းတူညီမျှမှုအခြေခံနှင့် ပြည်နယ်များအားပေါင်းစုဖွဲ့စည်းထားခြင်းကို ပြည်ထောင်စု" ဟုခေါ်ပါသည်။ အဲဒီစာကြောင်းဟာ နိုင်ငံရေးသိပ္ပံပညာကျမ်းတိုင်းမှာ ပါရှိလေ့ရှိတဲ့ ယေဘူယျအဓိပ္ပါယ် ဖေါ်ပြချက်ဖြစ်ပါတယ်။

သို့သော်လည်း အဲဒီသဘောတရားကို လက်တွေ့အကောင်အထည်ဖေါ်ဖို့ကျတဲ့အခါမှာ ကမ္ဘာပေါ်မှာ ဒီကနေ့ရှိနေကြတဲ့ ပြည်ထောင်စုနိုင်ငံတိုင်းဟာ ဆိုဗီယက်၊ အမေရိကန်၊ ဆွစ်ဇာလန်၊ ကနေဒါ၊ ဩတြေးလျ၊ တောင်အာဖရိက စသည်ဖြင့် မိမိတို့နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးအခြေအနေများအရသာ ပုံစံအမျိုးမျိုး၊ နည်းအမျိုးမျိုး ရာဇဝင်ဖြစ်စဉ်အမျိုးမျိုးနှင့် ချဉ်းကပ်အကောင်အထည်ဖေါ်လေ့ရှိကြပါတယ်။

ပြည်ထောင်စုတိုင်းရဲ့အခြေခံအင်္ဂါတူကြပေမယ့် လက်တွေ့ဖြစ်စဉ်နှင့် ပေါင်းစည်းပုံလက္ခဏာများဟာ မတူကြပါဘူး။ ဒါဟာ ရာဇဝင်သက်သေကြီးပါဘဲ။

သဘောတရားက ဒီလိုဆိုတဲ့အတွက် နိုင်ငံတိုင်းမှာ ဒီလိုဘဲတပုံစံထဲ၊ တနည်းထဲဖြစ်ရမယ်ဆိုတာ မဟုတ်ပါဘူး။ ဆိုဗီယက်မှာ ဆိုဗီယက်အခြေအနေနဲ့ ဆိုဗီယက်နည်းအရ ဖွဲ့စည်းထားပါတယ်။ အလားတူ အမေရိကန်ပြည်ထောင်စုမှာ

လည်း အမေရိကန်ပြည်ရာဇဝင်ဖြစ်စဉ်အရ တကြိုးထဲ တချိထဲမဟုတ်ဘဲ အဆင့် ဆင့်တိုးချဲ့ ဖွဲ့စည်းလာခဲ့ကြပါတယ်။

အလားတူ အခြေခံပြည်ထောင်စုနိုင်ငံများမှာလည်း သူတို့ရဲ့ ဘဝအခြေအနေအရ လက်တွေ့မျက်မှောက်ပြုပြီးတော့ ချဉ်းကပ်ပုံအမျိုးမျိုးဖြင့် ဖွဲ့စည်းခဲ့ကြပါတယ်။ ကမ္ဘာပေါ်မှာ လူအချင်းချင်းခေါင်းပုံဖြတ်မှုကင်းပြီး တန်းတူညီမျှဆိုရှယ်လစ်ဘဝမှာဖြင့် ပြည်ထောင်စုစစ်စစ်အဖြစ်ဆုံးဆိုတဲ့ ဆိုဗီယက်ယူနီယံမှာဘဲ အခအသစ်ရေးဆွဲတဲ့ ပြည်ထောင်စုအုပ်ချုပ်ရေးစည်းမျဉ်းသစ်နှင့်ပါဆိုလျှင် (၄) ခုရှိပါလိမ့်မယ်။

၁၉၁၈ ခုနှစ် ဇူလိုင် Constitution, ၎င်းနောက် ၁၉၂၄ ခုနှစ် Constitution, ၎င်းနောက် ၁၉၃၆ ခုနှစ် စတာလင် Constitution, နှင့် ယခုရေးဆွဲနေဆဲ Constitution အသစ်တို့ဘဲ ဖြစ်ပါတယ်။ အဲဒီရာဇဝင်သက်သေများအရ ကျွန်တော်တို့ပြည်ထောင်စုကိုလည်း ကျွန်တော်တို့ရဲ့ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများဟာ လူမျိုးပေါင်းစုံနေထိုင်ရာ နိုင်ငံရဲ့ရာဇဝင်ဖြစ်စဉ်အရ "ပေါင်းလည်းပေါင်းနေကြရန်နှင့် ညီလည်းညီညွတ်ကြရန်" ဟူ၍ လက်တွေ့ဘဝတောင်းဆိုချက်များအရ အမျှော်အမြင်ကြီးစွာနှင့် ဖွဲ့စည်းထားခဲ့ခြင်း ဖြစ်ပါတယ်။

"ပေါင်းသာပေါင်းကြ၍ မညီညွတ် ကြရန်" မဟုတ်ဘဲ ပေါင်းလည်းပေါင်းကြ ညီလည်းညီညွတ်ကြရန် "မူ" များနှင့် တည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ၎င်းကိုရက်ပေါင်း (၁၀၀) ပြည့်အောင်ပင် ငြိမ်းချမ်းစွာမစမ်းသပ်ရသေးမီ ရန်သူကိုမိတ်ဆွေလုပ်၊ မိတ်ဆွေကို ရန်သူထင်ပြီး ပြည်ထောင်စုတခုလုံး ပွက်ပွက်လန်အောင် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့တာပါဘဲ။

"ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုတဲ့ဘဝဆိုးကြီးထဲမှာ စာရွက်ပေါ်က ပုံစံဟာများနေပါပြီလို့ ကျွန်တော်တို့ ဘယ်လိုလွယ်လွယ်နှင့် ကောက်ချက်ချနိုင်ပါ့မလဲ။

လေးလေးနက်နက် ချိန်ချိန်ဆဆနှင့် ညှိညှိနှိုင်းနှိုင်းလုပ်ဆောင်ကြမှ ဖြစ်ကြပါလိမ့်မယ်။ ကျွန်တော်တို့အားလုံး တခဲနက်သွေးစည်းညီညွတ်ကြစဉ် ၁၉၄၇ ခုနှစ် မေလ "ဖဆပလ" ပဏာမညီလာခံကြီးမှာ "တစ်သုံးလုံးကော်မတီ" ကရေးဆွဲတင်ပြခဲ့တဲ့ ပြည်ထောင်စုဖွဲ့စည်းပုံ "မူ" များ၊ သဘောထားများဟာ ကျွန်တော်တို့ရဲ့လက်တွေ့ဘဝနှင့် ဘယ်လောက်ကိုက်ညီအောင် ရင်းရင်းနှီးနှီးညှိနှိုင်းရေးဆွဲခဲ့ကြတယ်ဆိုတာ ရာဇဝင်ကြောင်းကို ပြန်ပြောင်းသတိရကြဖို့ ဖြစ်ပါတယ်။

ထိုစဉ်က ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့ရန်ပြဿနာမပေါ်ခဲ့ကြတာဟာ ကျွန်တော်တို့နားမလည်လို့ (သို့မဟုတ်) သတိများလစ်သွားကြလို့လား၊ (သို့မဟုတ်) အခြားလုံလောက်သော ရာဇဝင်ကြောင်း၊ နိုင်ငံရေးကြောင်း၊ စီးပွားရေးကြောင်း အထောက်အထားများကြောင့်လား စသည်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည် ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။

ပြည်မဟာ ပြည်နယ်တခုမဟုတ်ခဲ့တော့သည်နှင့် ကျွန်တော်တို့ရဲ့ပြည်ထောင်စုကြီးအင်္ဂါဟာ ကွယ်ပျောက်ပျက်စီးခဲ့လေပြီလား။ သို့မဟုတ် ပုံစံကမှန်သော်လည်း — ပယောဂများ၊ အခြေအနေများ၊ အုပ်စိုးသူတို့ရဲ့သဘောထားနှင့် လုပ်ရပ်ကမှားခဲ့ကြတာလား စသည်ဖြင့် ကျယ်ပြန့်တဲ့စစ်ဆေးမှုကိုပြုကြရပါလိမ့်မယ်။

၂။ ကျွန်တော်တို့ပြည်ထောင်စုက မူလစကတည်းက နယ်ချဲ့ပဒေသရာဇ်စနစ်ရဲ့ အမွေဆိုးအမွေနှစ်တွေကို ခံယူပြီး၊ တန်းတူမညီ၍ မတိုးတက်သော လူမျိုးစုများ၊ ဒေသများ၊ ပြည်နယ်များကို ပေါင်းစု၍ ပြည်မကို အခြေခံကာဖွဲ့စည်းခဲ့ရတဲ့ပြည် ထောင်စုဖြစ်ခဲ့ပါတယ်။

ဒါဟာ ကျွန်တော်တို့ရဲ့လက်တွေ့ဘဝ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမှာ ပြည်မကြီးက ကြီးစွာသောတာဝန်နှင့် မှန်ကန်သောသဘောထားများကို အခြေခံပြီး ပြည်နယ်လူမျိုးစုများအားလုံးနှင့် တန်းတူရည်တူသွေးစည်းညီညွတ်ဖို့ လိုပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ တန်းတူညီမျှဖြစ်လာအောင် ခေါင်းဆောင်မှုပေးပြီး စုပေါင်းတည်ဆောက်ကြဖို့ လိုပါတယ်။ အဲဒါဟာ ပြည်ထောင်စုရဲ့ရာဇဝင်ပေးတာဝန်ကြီး ဖြစ်ပါတယ်။ ဒီတာဝန်တွေကို ကျွန်တော်တို့မဆောင်ရွက်နိုင်ခဲ့ကြဘဲ ရန်သူပျောက်ပြီး အချင်းချင်းသတ်ခဲ့ဖြတ်ခဲ့ကြရတာနှင့် အချိန်ကုန်ခဲ့ကြရပါတယ်။ တန်းတူညီမျှ အခြေသို့ရောက်အောင် မဖြှင့်တင် မဆောင်ရွက်နိုင်ခဲ့ကြပါဘူး။ အဲဒီလို မူလအခြေဆိုးမှာဘဲ လက်တွေ့ရုပ်ဝတ္ထုသဘောတွေကို ဘေးချိတ်ပြီး၊ အတင်းဘဲတန်းတူညီမျှ ပြည်နယ်တွေအဖြစ်နှင့် အားလုံးခြံခတ်ကြစေပြီး၊ ပြည်ထောင်စုစစ်စစ်ဆိုသည်ကို ဖွဲ့စည်းကြစေရမည်ဆိုရင် ညီညွတ်လို၍ပေါင်းရန် မဟုတ်ကြဘဲ ပြိုကွဲလို၍သာ ပေါင်းရန်ဖြစ်ပါလိမ့်မယ်။ တန်းတူညီမျှမဖြစ်သေးတဲ့ ရုပ်ဝတ္ထုအခြေခံပေါ်မှာ ပို၍သာ ကွဲပြားခြားနား စေတဲ့နည်းနှင့် ကျဉ်းမြောင်းစွာ ပေါင်းစည်းခြင်းသာ ဖြစ်ပါလိမ့်မယ်။

၃။ အဲဒီလို ပြည်ထောင်စုစစ်စစ်မျိုးဟာ သိပ်သည့်စုစည်းတဲ့ ပြည်ထောင်စုမျိုးဖြစ်မလာဘဲ၊ ကွဲပြားခြားနားမှုတွေ အခြေခံတဲ့ခြံစည်းရိုးအတွင်းက ကွာပေါက်၊ ဟာပေါက်၊ ထိုးပေါက်၊ ဖေါက်ပေါက်တွေအပြည့်ပါလာတဲ့ ပြည်ထောင်စု

သာ ဖြစ်ပါလိမ့်မယ်။ ပြည်ထောင်စုစစ်စစ်ဆိုသည့်မှာ Confederation လို့ ခေါ်တဲ့ ပြည်နယ်ပေါင်းချုပ်များအဖွဲ့ကို ပြည်နယ်ပေါင်းချုပ်များဘက်ကို တိမ်းစောင်းသွားနိုင်ပါတယ်။

အဲဒီလို ပြည်ထောင်စုမျိုးဟာ အင်မတန်ရန်များလှတဲ့ ဒီကနေ့ ကမ္ဘာမှာ— အထူးသဖြင့် ဒီကနေ့ အရှေ့တောင်အာရှဒေသမှာ— ဘယ်နည်းနှင့်မှ အသက်ရှူနိုင်ဘွယ်ရာ မရှိဘူးဆိုတာ ကျွန်တော်တို့လွယ်လွယ်နှင့် သဘောပေါက်နိုင်ပါတယ်။

၄။ ဒီလို ဟာပေါက်၊ ကွဲပေါက်တွေပြည့်ဝနေတဲ့ ပြည်ထောင်စုစစ်စစ်မျိုးကို ကျွန်တော်တို့အခုလို အခြေအနေမျိုးမှာ ဒီလို ကွာပေါက်၊ ဟာပေါက်တွေနဲ့ ပြည့်ဝနေတဲ့ ပြည်ထောင်စုစစ်စစ်မျိုးကို ကျွန်တော်တို့အခုဘယ်လို အခြေအနေမျိုးမှာ ဖွဲ့စည်းဖို့တောင်းဆိုနေကြပါသလဲ။

ရှင်းရှင်းကတော့ ခင်ဗျား၊ ပြည်ထောင်စုတခုလုံးပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးအကြပ်အတည်းတွေနှင့် ဒုက္ခပင်လယ်ဝေနေတဲ့ကာလဆိုးကြီးမှာ ပြောင်းလဲဖွဲ့စည်းကြရန် ဖြစ်ပါတယ်။

အချင်းချင်းတွေ သတ်ကြဖြတ်ကြလို့ မဆုံးနိုင်သေးတဲ့ကာလ၊ ညီအကိုလူမျိုးစုများ အချင်းချင်း၊ သွေးချင်းသားချင်းတွေ မေတ္တာစိတ်ကင်းပြီး၊ ရွံ့ရှာမုန်းတီး မယုံကြီး မယုံနေကြတဲ့ကာလ၊ အဲဒီလို ကာလမျိုးမှာ ကိုယ့်ခြံကိုယ်ခတ်ကြစို့ရဲ့ လို့ဆိုရင် မေတ္တာနှင့် လမ်းခွဲကြရတာမဟုတ်ဘဲ အာဃာတတွေနှင့် လမ်းခွဲကြရတာ၊ ခြံခတ်ကြရတာဖြစ်ပြီး ပြည်ထောင်စုညီညွတ်ရေးဟာ ဘယ်နည်းနှင့်မှရေရှည်ခံမယ် မဟုတ်ပါဘူး။ မိတ်ဆွေပြီသသူချင်းပင် ကတောက်ကဆဖြစ်လာတုန်း လမ်းမခွဲသေးဘဲ အရှေ့မျှော်ပြီး ချစ်တုန်းမှသာ လမ်းခွဲလေ့ရှိကြပါတယ်။

၅။ ထိုထက် ကြောက်စရာအကောင်းဆုံးကတော့ အမေရိကန်၊ "ဆီးတိုး" ရဲ့ စစ်အခြေခံစခန်းတွေဟာ ပြည်ထောင်စုနယ်မြေအတွင်း ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် ဝင်ရောက်ထိုးဖောက်ပြီး၊ ပြည်မအတွင်းမှာရော၊ လူမျိုးစုအတွင်းမှာ ရောချမှတ်မွှေနှောက်ခြင်း ခံနေရတဲ့ကာလမျိုးမှာ ပြည်ထောင်စုစစ်စစ်ဆိုပြီး ကွာပေါက်၊ ဟာပေါက်တွေနှင့် ခြံခတ်ကြရင် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဟာ ရေတိမ်နစ်ရတော့မယ်လို့ ကျွန်တော်တို့ရိုးသားစွာ စိုးရိမ်မိပါတယ်။

ကျားလက်ကို ဝကွက်အပ်သကဲ့သို့ အခြေအနေဆိုးကို ဆိုက်ရောက်နိုင်ပါသည်။ ယနေ့ ကွန်ဂို၊ လာအို သုံးခွဲ၊ လေးခွဲ အခြေအနေများနှင့် ဂျာမဏီ နှစ်ခု၊

ကိုးရီးယားနှစ်ခု၊ ဗီယက်နမ်နှစ်ခုတို့ရဲ့ ဖြစ်နေပုံများမှ ကျွန်တော်တို့သင်ခန်းစာ ထုတ်ယူကြဖို့ အထူးဘဲလိုအပ်ပါလိမ့်မယ်။

၆။ အကြောင်းပြချက်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အမျိုးသားစီးပွားရေး ဝါဒနှင့် အမျိုးသားစီးပွားရေးထူထောင်မှု အခြေအနေဟာ (၁၄) နှစ်သက်တမ်းအတွင်းမှာ ဘယ်လိုမှတည်ငြိမ်မှု၊ အနည်ထိုင်မှု မရရှိခဲ့သေးပါဘူး။

ပြည်ထောင်စုညီညွတ်ရေးနှင့် ခိုင်မာတည်မြဲရေးဟာ ၎င်းရဲ့အမာခံအုတ်မြစ်ဖြစ်တဲ့ တူညီတဲ့၊ တည်ငြိမ်တဲ့ စီးပွားရေးဝါဒနှင့် အနည်ထိုင်လာတဲ့ စီးပွားရေးထူထောင်မှု လုပ်ငန်းများအပေါ်မှာ မှုချတည်နေပါတယ်။

အရှင်းရင်စီးပွားရေးဝါဒနှင့် ထူထောင်မှုပေါ်မှာဘဲ အခြေခံခံ၊ ဆိုရှယ်လစ်စီးပွားရေးဝါဒနှင့် ထူထောင်မှုပေါ်မှာဘဲ အခြေခံခံ၊ ပြည်ထောင်စုတဝှမ်းလုံးမှာ စီးပွားရေးဝါဒအားဖြင့် တူညီမှုနှင့် ခွဲဝေလုပ်ဆောင်မှုလုပ်ငန်းများအားဖြင့်လည်း အနည်ထိုင်မှု ရှိရပေလိမ့်မယ်။

ပြည်မက တည့်မတ်တဲ့ ခေါင်းဆောင်မှု၊ ကိုယ်ကျိုးစွန့်တဲ့ကူညီမှုများ ပေးရပေလိမ့်မယ်။ ခေတ်သစ်စီးပွားရေးထူထောင်မှုများမှာ မိမိရဲ့ခြေထောက်ပေါ်မှာ မိမိလုံးဝရပ်တည်ပြီး မိမိရဲ့အစွမ်းသတ္တိနှင့် ချီတက်လို့မဖြစ်နိုင်သေးတဲ့ဘဝမှာ ရှိနေကြသေးတဲ့ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင် စတဲ့ပြည်နယ်များကို ပြည်မနှင့် အတူ Mutual Development Basis လို့ခေါ်တဲ့ အတူတကွတိုးတက်ကြီးပွားရေး အခြေခံပေါ်မှာ များစွာကြိုးပမ်းဆောင်ရွက်ရန် လိုပါသေးတယ်။

ယခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ရည်ညွှန်းတဲ့ စီးပွားရေးဝါဒနှင့် ဆိုက်ရောက်နေရတဲ့ စီးပွားရေးဘဝဟာ များစွာကွာခြားလျက်ရှိပြီး ဘယ်လိုမှ ဖမ်းလို့ ဆုပ်လို့မရအောင် မတည်မငြိမ်ဖြစ်နေပါသေးတယ်။

လုပ်ငန်းအားဖြင့်လည်း အနည်ထိုင်မှုဘာတခုမှ မပြနိုင်သေးပါဘူး။ အဲဒီလို အခြေအနေမျိုးမှာ ကျဉ်းမြောင်းတဲ့လူမျိုးငယ်ဝါဒနှင့် အပေါ် စီးလူမျိုးကြီးဝါဒ အခြေခံတို့နှင့် ပြည်ထောင်စုအတွင်းမှာ ကိုယ်စီကိုယ်ငှခြံခတ်ပြိုင်ဆိုင်ကြမယ်ဆိုရင် ဗဟိုစုစည်းချက်နှင့် ခေါင်းဆောင်မှု (Centre of Unity and Leadership) လို့ခေါ်တဲ့ အဲဒီဟာ ကွယ်ပျောက်ရော့ရဲပြီး စီးပွားရေးအားဖြင့် ပိုမိုပြိုကွဲဖို့ရာသာ ဖြစ်ပါလိမ့်မယ်။

အဲဒီလို အမာခံအုတ်မြစ်ကစပြီး ပြိုကွဲခြားနားကုန်ရင် ပြည်ထောင်စုကြီးဟာ ပတ်တုတ်လို့မရအောင် ပြိုကွဲဖို့ပါဘဲ။ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ ပဒေသ

ရာဇ်စနစ် စသည်ဖြင့် တပြည်နယ်နှင့်တပြည်နယ် ဝေ့ကြ၊ ခတ်ကြ၊ အပ–ပယောဂများကို ဖိတ်ခေါ်ကြသည့် ဘဝသို့တိုင်အောင် ဆိုက်ရောက်ကုန်နိုင်ပါတယ်။

အတူတကွ တိုးတက်ကြီးပွားရေးအခြေခံပေါ်မှာ ကျွန်တော်တို့အားလုံးဟာ (၅) နှစ်စီမံကိန်း (၃) ကြိမ်မျှနှင့် အစွမ်းကုန်ညီညွတ်စွာ ကြိုးပမ်းထူထောင်နိုင်ကြပါမှ ပြည်နယ်ပြည်မ ညီမျှတဲ့ အခြေခံနှင့် အနာဂတ်ကို ကောင်းစွာချီတက်နိုင်မယ် ဖြစ်ပါတယ်။

၇။ ၎င်းနောက် အကြောင်းပြချင်တာကတော့ ကျွန်တော်တို့ညီအကိုလူမျိုးစုများရဲ့ စာပေအနုပညာ၊ သိပ္ပံပညာစတဲ့ ယဉ်ကျေးမှုအဆင့်အတန်းဟာ ကြေကွဲဝမ်းနည်းဖွယ်ရာကြီး နိမ့်ကျနေသေးခြင်းဘဲ ဖြစ်ပါတယ်။ ဒါတွေကို မြှင့်တင်စေရန်မှာ ပြည်နယ်ပြည်မအတူတကွ တိုးတက်မြှင့်တင်ရေးလမ်းစဉ်တွေကို ပြည်မကဘဲ ခေါင်းဆောင်မှုပေးပြီး ကိုယ်ကျိုးစွန့်တဲ့ အကူအညီတွေနဲ့ ဆွဲခေါ်မြှင့်တင်ပေးရန် များစွာလိုပေလိမ့်မယ်။

ဒီနယ်ပယ်မှာ ပြည်မကပြည်နယ်တွေကို တကယ်တန်းအားဖြည့်ပေးဖို့လိုပါလိမ့်မယ်။ ပြည်မက ပြည်နယ်တွေရဲ့ လူမှုရေးနှင့်ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းတွေကို စီမံကိန်းအရပ်ရပ်နှင့် တကယ်သဘောထား ကြီးကြီးထား၊ အနစ်နာခံကာ အကူအညီတွေပေးကြရပါလိမ့်မယ်။ ပုံတွေကို သာဓကထားရန် များစွာအရေးကြီးလှပါတယ်။ ဒီလို အခြေခံသဘောထားတွေကို ထောက်ထားပြီးတော့လည်း ပြည်မကိုခြံခတ်စေပြီး ပြည်နယ်တွေနှင့် အလှမ်းမဝေးကွာစေသင့်ပေလို့ ကျွန်တော်တို့ယူဆပါတယ်။ နစ်နာစရာရှိလျှင် ပြည်နယ်တွေကသာ ပိုပြီးနစ်နာကုန်ပါလိမ့်မယ်။

၈။ အရေးအကြီးဆုံးအကြောင်းပြချက်တရပ်ကို ထပ်မံတင်ပြလိုပါသေးတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ ကျွန်တော်တို့ပြည်ထောင်စုရဲ့ အမျိုးသားကာကွယ်ရေးပြဿနာကြီးဘဲဖြစ်ပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟာ လုံးဝစိတ်ချရပြီးလို့ ဘယ်နိုင်ငံကြီးတွေက ကေန်တရားအဖြစ်နှင့် အာမခံချက် မပေးသေးပါဘူး။ ငြိမ်းချမ်းရေးအလားအလာမျှသာ ပြဆိုကြပါသေးတယ်။ အကောင်အထည်ပေါ်လာရန် ကမ္ဘာ့ပြည်သူများအားလုံးဝိုင်းဝန်းကြိုးပမ်းနေကြဆဲ ကာလမှာ ရှိပါသေးတယ်။

အခြားဒေသများတွင် စိတ်မချရသည်ထက် အရှေ့တောင်အာရှဒေသနိုင်ငံများဟာ နယ်ချဲ့သမားများရဲ့ စားကျက်ဟောင်းနှင့် ဆီးတိုး စတဲ့စစ်အခြေခံစခန်းများ အခိုင်အမာတပ်စွဲရာဒေသဖြစ်တဲ့အတွက် ကျူးကျော်ရေးစစ်များကို အချိန်မရွေး မျှော်လင့်ကာကွယ်ရမယ့် အချိန်မှာရောက်နေပါတယ်။

အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ယိုးဒယား၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများရဲ့ အခြေအနေကိုကြည့်ပါ။ ပြီးတော့ အမေရိကန်ကူမင်တန်တပ်များ (၃) နိုင်ငံကိုခွပြီး ကျူးကျော်ထားပုံကိုလည်း ကြည့်ပါ။ အဲဒီလို အခြေအနေမျိုးမှာ ပြည်ထောင်စုကာကွယ်ရေးအတွက် နိုင်ငံရေး၊ စစ်ရေးညီညွတ်မှုဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။

ကိုယ့်အချင်းချင်း သတ်လို့ဖြတ်လို့အားမရနိုင်သေးသလို ဖြစ်နေရတဲ့ဘဝမို့ သာပေါ့။ သို့မဟုတ်ပါက အမေရိကန်ကူမင်တန် ကျူးကျော်ရေးစစ်အကြွင်းတွေကို ချက်ခြင်းဘဲရှင်းလင်းသွားအောင် ဝိုင်းအုံတိုက်ခိုက်ရမယ့်အခြေအနေကြီး ဖြစ်ပါတယ်။

၉။ နောက်အကြောင်းပြချက်တခုကတော့ မည်သည့် တပြည်ထောင်နိုင်ငံမှာဘဲဖြစ်ဖြစ်၊ မည်သည့် ပြည်ထောင်စုနိုင်ငံမှာဘဲဖြစ်ဖြစ် လူမျိုးစုအများအပြားရှိရာမှာ အရေအတွက်အားဖြင့်၎င်း၊ အရည်အချင်းအားဖြင့်၎င်း၊ တိုးတက်မြင့်မားသည့် လူမျိုးစုကြီး တခုဟာ အခြားသောလူမျိုးစုများရဲ့ အကျိုးစီးပွားအတွက် ခေါင်းဆောင်မှုပေးရစမြဲဘဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ခေါင်းဆောင်မှုနှင့် လူမျိုးကြီးဝါဒကို ခွဲခြားကန့်သတ်ရန်လည်း အလွန်အရေးကြီးပါတယ်လို့ ကျွန်တော်ရဲရဲကြီးဝန်ခံ ပါတယ်။

သို့သော်လည်း ခေါင်းဆောင်မှုကတော့ ရှိရစမြဲဘဲ ဖြစ်ပါတယ်။ တရုတ်ပြည်မှာ နောင်တော် "ဟန်လူမျိုးစု"၊ ဆိုဗီယက်မှာ နောင်တော် "ရုရှားလူမျိုးစု" စသည်ဖြင့် အရေးတော်ပုံအဆက်ဆက် တော်လှန်ရေးအဝဝမှာ ခေါင်းဆောင်ပေးခဲ့ကြရိုး ရှိပါတယ်။ ဒါကြောင့်လည်း နယ်ချဲ့သမားတွေဟာ နိုင်ငံတနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်မယ်ကြံရင်၊ ခေါင်းဆောင်လူမျိုးစုကြီးနှင့် အခြားလူမျိုးစုများအားလုံးအပြင်း အထန်ရန်တိုက်သွေးခွဲပစ်လေ့ရှိပါတယ်။ အဲဒီနည်းနှင့် ခေါင်းဆောင်ကင်းပြတ်ဆိတ်သုန်းစေပြီး၊ နယ်ချဲ့ဘက်တော်သားလူမျိုးစုအဖြစ် ရောက်အောင် သိမ်းသွင်း လေ့ရှိပါတယ်။

၎င်းအတွက် လူမျိုးကြီးဝါဒ၊ လူမျိုးငယ်ဝါဒများကိုလည်း ထိုးဖောက်သွင်းလေ့ရှိကြပါတယ်။ ယခုလိုအခြေအနေမျိုးမှာ ပြည်ထောင်စုစစ်စစ်သာဖွဲ့ရရင်၊ နိုင်ငံရေးတည်ငြိမ်မှုကလည်း နည်းနည်းမှမရှိသေးတဲ့ကာလမှာ ပြည်နယ်ပြည်မနိုင်ငံရေးခေါင်းဆောင်မှု အဆက်ပြတ်ရေးဘဲ ဖြစ်ပါလိမ့်မယ်။ ပခုံးချင်းတိုက် လူချင်းရိုက်ဆိုတဲ့ နိုင်ငံရေးအခြေအနေမျိုးကို နယ်ချဲ့တို့က မုချမြောက်ပင့်ဖန်တီးပေးမည်သာ ဖြစ်ပါတယ်။

၁၀။ ကျွန်တော်တို့ရဲ့ နောက်ဆုံးအကြောင်းပြချက်ကတော့ နိုင်ငံတကာရာဇဝင် သင်ခန်းစာအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို အမျိုးသားညီညွတ်ရေး အတက်ကြွဆုံးအချိန်မှာ ခေတ်ပြောင်းချိန် အသီးအပွင့်အဖြစ်နှင့် ရေးဆွဲပြဋ္ဌာန်းပြီးရှိပါတယ်။

ဘယ်တော့မှ သူတလူ ငါတမင်းနှင့် ဖရိုဖရဲအမျိုးသားညီညွတ်ရေးတွေ ပြိုကွဲပြီး၊ အချင်းချင်းအာဃာတတွေ မီးတောက်နေတဲ့အချိန်မှာ ရေးဆွဲရိုးလည်း မရှိဘူး၊ အခြေခံသဘောကို ပြောင်းလဲပြင်ဆင်ရိုးလည်း မရှိပါဘူး။ ဒါဟာကမ္ဘာ့ကျင့်စဉ်ကြီးပါဘဲ။ အဲဒီလိုအချိန်အခါမျိုးမှာ ရေးဆွဲပြင်ဆင်ရင်လည်း မအောင်မြင်တဲ့အပြင် မင်းပြိုင်စိုးပြိုင်များပေါ် ဖြစ်လေ့ရှိကြပါတယ်။

သဘာပတိကြီးခင်ဗျား — ပြည်ထောင်စုစစ်စစ်ဆိုတဲ့ "မှု" ဟာ အခုလိုအခြေအနေမျိုးမှာ ဘယ်နည်းနှင့်မှ မသင့်လျော်သေးကြောင်း— နိုင်ငံတကာရေးရာ၊ ပြည်တွင်းရေးရာရှုထောင့်များကနေပြီး အကြောင်း (၁၀) ချက်မျှ ပြခဲ့ပြီးပါပြီ။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့ နှီးနှောဖလှယ်ပွဲကြီးအဖွင့်နေ့မှာ "ဖက်ဒရယ်မှု" နှင့်ပတ်သက်ပြီး ဝန်ကြီးစဝ်ခွန်ချိုနှင့်တကွ ပြည်နယ်ခေါင်းဆောင်ကြီးများရဲ့ ပြောဆိုတင်ပြချက်တွေကို ကျွန်တော်တို့ပြည့်ပြည့်စုံစုံကြားနာခဲ့ရပါပြီ။ ပွင့်လင်းတဲ့အသဲနှလုံးနှင့်လည်း ယုံယုံကြည်ကြည်ပြန်လည်သုံးသပ်ကြပါတယ်။ အဲဒီလိုသုံးသပ်စစ်ဆေးချက်များအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရှုထောင့်ကဘဲ ပြန်လည်ချေပခွင့်ပြုပါရန် ကျွန်တော်တောင်းပန်ပါရစေ။

အခြေခံဥပဒေ ရှုမြင်ပုံအရ ကျွန်တော်တို့ပြည်နယ်ခေါင်းဆောင်ကြီးများဟာ "ဖက်ဒရယ်စစ်စစ်မှု" နှင့်ပတ်သက်လို့ သဘောကွဲလွဲချက်ဟာ ကျွန်တော်တို့နှင့် နေရာ (၃) နေရာမှာ ရှိနေတယ်ဆိုတာ ကျွန်တော်တို့ကောင်းစွာရိပ်စားမိလာပါတယ်။

ပထမနေရာကတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဟာ ပြည်မကိုအခြေခံပြီး ပြည်နယ်များကို စုပေါင်းဖွဲ့စည်းထားတဲ့ ဖက်ဒရယ်မှုဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းခဲ့ခြင်းဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စတဲ့ တိုးတက်ဖြစ်ပေါ်မှုရာဇဝင်ဖြစ်စဉ်များအတွင်းမှာ ဘဝနှင့်ဟပ်ပြီးတော့ သဘာဝကျကျထူထောင်ခဲ့ခြင်းဖြစ်တယ်လို့ ကျွန်တော်တို့က လေးနက်စွာယုံကြည်တယ်။

ပြည်မကိုအခြေခံ၍ ပြည်ထောင်စုဖွဲ့စည်းခဲ့ခြင်းဟာ ပြည်ထောင်စုတခုလုံးအတွက် (Centre of Unity and Leadership) လို့ခေါ်တဲ့ ဗဟိုခေါင်းဆောင်

မှုနှင့် ညီညွတ်ရေးစုစည်းချက်အဖြစ်နှင့်သာ ထူထောင်ခဲ့ခြင်းဖြစ်တယ်လို့ ကျွန်တော်တို့က အလေးအနက်ယုံကြည်ကြတယ်။ လက်တွေ့ကြည့်ပါ။ ပြည်နယ်များအနက် အချို့က ရာဇဝင်အရပြည်နယ်သဘောဆောင်ခဲ့သော်လည်း၊ အချို့က ပြည်နယ်ဘဝကို ကူးပြောင်းဖန်တီးနေရဆဲ ဖြစ်ပါသေးတယ်။ အချို့က အခုမှပြည်နယ်ဘဝကို ထူထောင်ရန် ပြင်ဆင်တောင်းဆိုနေရဆဲဘဲ ရှိနေပါသေးတယ်။

အချို့လူမျိုးစုကတော့ အခြားလူမျိုးစုများနှင့် ရောထွေးယှက်တင်နေထိုင်ရဆဲဘဝမှာ ရှိနေပါသေးတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်တို့ဟာလည်း ယခုမှ စတင်သန္ဓေယူနေရဆဲ၊ ပြောင်းလဲနေရဆဲဘဲ ဖြစ်ပါတယ်။ ရာဇဝင်အရ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတလျှောက်မှာ ပြည်မဗမာလူမျိုးစုက အရေအတွက်အားဖြင့်၎င်း၊ အရည်အသွေးအားဖြင့်၎င်း၊ ခေါင်းဆောင် ပြီးပါဝင်ခဲ့ပါတယ်။ တည်နေဆဲ စီးပွားရေး၊ လူမှုရေးစနစ်အရလည်း ခေါင်းဆောင်ချီတက်ရမယ့် အနေအထားမှာ ရှိပါတယ်။ အနာဂတ်နိုင်ငံရေးလမ်းကြောင်းကို ထိန်းကျောင်းချီတက်ရမယ့်တာဝန်ဟာလည်း ပြည်မမှာ ရာဇဝင်အရ ပိုပြီးတာဝန်ရှိပါတယ်။

အဲဒီလိုအနေအထားများအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့အခါမှာ ပြည်မကို ဗဟိုခေါင်းဆောင်မှုနှင့် ညီညွတ်ရေးစုစည်းခြင်းအဖြစ်နှင့်အခြေခံပြီး အခြားပြည်နယ်များ၊ ဒေသများကို စုပေါင်းကာဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါကျွန်တော်တို့က ရာဇဝင်အရဘဝဖြစ်စဉ်နှင့်ကိုက်ညီတဲ့ ပြည်ထောင်စုဖြစ်တယ်ရယ်လို့ ပြတ်ပြတ်သားသားကျွန်တော်တို့က လက်ခံယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်နယ်ညီအကိုခေါင်းဆောင်ကြီးများကတော့ ပြည်မဟာ ပြည်ထောင်စုအာဏာကို လက်ဝါးကြီးအုပ်ပြီး ပြည်နယ်များ၊ လူမျိုးစုများကို လွှမ်းမိုးချယ်လှယ်တယ်၊ ပဏ္ဏာဆက်နယ်တွေအဖြစ်နှင့် အနိုင်ကျင့်တယ်လို့ယူဆတယ်။

ဒါကြောင့် ပြည်နယ်ပြည်မတွေအားလုံးအသီးသီး ကိုယ့်အချုပ်အခြာအာဏာနှင့်ကိုယ် တန်းတူရည်တူရှိကြပြီး၊ ဗဟိုပြည်ထောင်စုကို စုပေါင်းဖွဲ့စည်းရမယ်။ သဘောဆန္ဒအရသာ အာဏာများခွဲဝေပေးရမယ်။ အဲဒီလို "ပြည်ထောင်စုစစ်စစ်မှု" မျိုးကိုသာ အလိုရှိတယ်။

အမေရိကန်၊ ဆွစ်ဇာလန်၊ ဆိုဗီယက်ယူနီယံ စတဲ့ အခြေခံသဘောမျိုးဖြစ်စေရမယ်လို့ ရှင်းရှင်းလင်းလင်း ပြောကြားသွား ကြပါတယ်။ တနည်းအားဖြင့် (Confederation) ဆန်ဆန်ဖွဲ့စည်းရမယ်လို့ ဆိုလိုပါတယ်။ မြန်မာလိုပြန်တော့ အချုပ်အခြာအာဏာအရ ပြည်နယ်ပေါင်းချုပ် ဖွဲ့ရမယ်လို့ ဆိုပါတယ်။

အဲဒီလိုကွဲလွဲနေခြင်းဟာ ပထမနေရာဖြစ်ပါတယ်။ အမေရိကန်၊ ဆွစ်ဇာလန်၊ ဆိုဗီယက်ယူနီယံပြည်ထောင်စု ဖွဲ့စည်းလာပုံရာဇဝင်ဖြစ်စဉ်ဘဝနှင့် ကျွန်တော်တို့မြန်မာပြည်ထောင်စု သက်ဝင်လှုပ်ရှားလာပုံ သန္ဓေတည်လာပုံဖြစ်စဉ်များနှင့် များစွာခြားနားမှုရှိပါတယ်။ ပညာရှိ သတိဖြစ်ခဲဆိုသလို ကျွန်တော်အနည်းငယ် ဇာတ်ကြောင်း ပြန်ပါရစေ။

သဘာပတိကြီးခင်ဗျား — အမေရိကန်ပြည်ထောင်စုအခြေခံဥပဒေဟာ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးက ပေါက်ဖွားပေးခဲ့ပါတယ်။ ထိုစစ်ပွဲကြီးမတိုင်မီ ဗြိတိသျှနယ်ချဲ့တို့ရဲ့အောက်မှာ ဗြိတိသျှကိုလိုနီပြည်နယ်များအဖြစ်နှင့် သူ့ရာဇဝင်နှင့်သူ သီးခြားစီရှိခဲ့ပါတယ်။ ၁၇၇၆ ခု ဇူလိုင်လ (၄) ရက်နေ့ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီး ကြေညာစာတမ်းကြီးထုတ်ပြန်တဲ့အခါမှာလည်း စစ်ကြေညာပိုင်ခွင့်၊ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခွင့်၊ မိမိတို့ကြိုက်နှစ်သက်သလို မဟာမိတ်ဖွဲ့စည်းပိုင်ခွင့် စတဲ့ အခွင့်အရေးများကို လုံးဝပိုင်တဲ့ အချုပ်အခြာအာဏာပိုင်ပြည်နယ်နိုင်ငံများအဖြစ်နှင့် ကြေညာရပြီး လွတ်မြောက်ရေးစစ်ပွဲကို နွှဲခဲ့ကြခြင်းဖြစ်ပါတယ်။ စကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ်နှင့် သီးခြားထူထောင်၍ တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၎င်းနောက် အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးကို ပိုမိုထိရောက်စွာ ခုခံတိုက်ခိုက်နိုင်ကြရေးအတွက် ၁၇၇၇ ခု နိုဝင်ဘာလ (၁၅) ရက်နေ့မှာ (Article of Convention) ခေါ်တဲ့ ပြည်နယ်ပေါင်းချုပ်စည်းမျဉ်းဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီး (၁၃) ပြည်နယ်ဟာ ပြည်နယ်အလိုက် သီးခြားလက်ခံအတည်ပြုခဲ့ကြပါတယ်။ ၁၈၇၁ ခု မတ်လ (၁) ရက်နေ့မှာ မေရီလျှန်းပြည်နယ်က နောက်ဆုံးအတည်ပြုလက်ခံအတည်ပြုခဲ့ပါတယ်။

အဲဒီ အခြေခံစည်းမျဉ်း ပထမသုံးပတ် (၃) ခုမှာဘဲ အမေရိကန်ပြည်ထောင်စုကြီးဟာ (Confederation) ဖြစ်တဲ့အကြောင်း၊ ပြည်နယ်တိုင်းအချုပ်အခြာအာဏာနှင့် လုံးဝလွတ်လပ်ခွင့်ရှိကြောင်း၊ ဘုံရန်သူကို စုပေါင်းတိုက်ခိုက်ရေးအတွက် ခိုင်မာသောမဟာမိတ်ဖွဲ့စည်းမှုကို (A firm league of friendship) အဖြစ်နှင့် ပုဒ်မ (၃) အရပေ့ါလေ၊ (A firm league of friendship) အဖြစ်နှင့်ဖွဲ့စည်းကြောင်း စသည်ဖြင့် အထင်အရှားပါရှိပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ (Confederation) ကအစဖြစ်ကြောင်း အထင်အရှားပြပါတယ်။

ဒီနောက် ၁၇၈၇ ခု ဖေဖေါ်ဝါရီလ (၂၁) ရက်နေ့ ကွန်ဂရက်ကြမှ (Confederation) ဖွဲ့စည်းပုံမှုနှင့် ပြည်ထောင်စုအင်အားဟာ မလုံလောက်ကြောင်း၊ မလုံလောက်ကြောင်း၊ ပြန်လည်ပြင်ဆင်ရန် ထိုက်ကြောင်း ကြေညာခဲ့ပါတယ်။

ဒါနဲ့ ၁၇၈၇ ခု မေလ (၂၅) ရက်နေ့မှာ ဂျော့ဝါရှင်တန်ကို ဥက္ကဋ္ဌတင်ပြီး (Convention) ကြီးတခုလုပ်ပြီးတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ကြပါတယ်။ ထိုဥပဒေအသစ်ကို ပြည်နယ်အလိုက် အသီးသီးက ပြန်လည်လက်ခံအတည်ပြုပြီး ၁၇၈၉ ခု မတ်လ (၄) ရက်နေ့ကစပြီးတော့ အသက်သွင်းခဲ့ကြပါတယ်။ အဲဒီ အမေရိကန်ပြည်ထောင်စု ရာဇဝင်က ကျွန်တော်တို့ကို ဘာသင်ခန်းစာများပေးခဲ့ပါသလဲ —

(၁) မူလကတည်းက အချုပ်အခြာအာဏာပိုင်ပြည်နယ်များအဖြစ် စတင်ခဲ့ကြပါတယ်။

(၂) အချုပ်အခြာအာဏာအရ ပြည်နယ်ပေါင်းချုပ်ခေါ်တဲ့ (Confederation) ဆိုတာက စဖွဲ့ခဲ့ကြပါတယ်။

(၃) သို့သော်လည်း ဘဝနှင့်မလုံလောက် မကိုက်ညီတဲ့အခါမှာ တဆင့်လျှော့ပြီး (Federation) ဆိုတာ ဖွဲ့ခဲ့ရပါတယ်။

(၄) ရာဇဝင်ဖြစ်စဉ်အတွင်းမှာဘဲ ဒီ (Decentralisation) ကနေပြီးတော့ (Centralisation) ကို တဖြည်းဖြည်းဦးတည်လာတာကို တွေ့ရပါတယ်။

(၅) အာဏာပိုင်သမတစနစ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ ဗဟိုခေါင်းဆောင်မှုနှင့် ညီညွတ်ရေးဆိုပြုချက် ဖြစ်လာပါတယ်။ အဲဒါ ပြည်ထောင်စုတိုင်းသာ ဗဟို ခေါင်းဆောင်မှုနှင့် ညီညွတ်ရေးစုစည်းချက်အတွက် တစုံတခုသော အာမခံအနှစ်သာရတခု မုချတပ်ဆင်ပါရှိရစမြဲဆိုတာ အလေးအနက် လက်ခံယုံကြည်ဖို့ လိုပါလိမ့်မယ်။

သဘာပတိကြီးခင်ဗျား— ဆွစ်ဇာလန်ပြည်ထောင်စုရဲ့ ရာဇဝင်ဖြစ်စဉ်ကိုလည်း အကြမ်းဖျင်းလေ့လာကြည့်ရအောင်။ လက်ရှိ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရဟာ သက္ကရာဇ် ၁၈၇၄ ခုနှစ်ကစပြီး အလွန်ရှည်လျားသော ဖြစ်စဉ်မှ ပေါက်ဖွားလာခြင်းဖြစ်ပါတယ်။ ရာဇဝင်စပုံကလည်း အက်တောင်တန်းကြီးရဲ့ ပတ်လည်မှာ သူ့ရာဇဝင်နှင့်သူ၊ သူတို့ပြောဆိုတဲ့ ဘာသာစကားကိုယ်စီနှင့် သီးသီးခြားခြား အချုပ်အခြာအာဏာပိုင်ပြည်နယ်ကလေးတွေအဖြစ်နှင့် ရာဇဝင်စတည်ခဲ့ကြပါတယ်။ ကျူးကျော်တိုက်ခိုက်ရေးသမား ဘုံရန်သူများကို စုပေါင်းခုခံကာကွယ်ရေးအတွက် Confederation ခေါ်တဲ့ ပြည်နယ်ပေါင်းချုပ်တခုကို စတင်မွေးဖွားစေခဲ့ပါတယ်။ Federal Diet ဆိုတာဖွဲ့ပြီးတော့ ပြည်နယ်ကိုယ်စီက အညီအမျှကိုယ်စားလှယ်စေလွှတ်ပြီးတော့ တနေ့ (၈) နှစ်တကြိမ် တွေ့ဆုံကြပါတယ်။ ဒီလိုသာ တွေ့ဆုံကြတယ် အမှန်ကတော့ တနယ်နှင့်တနယ် သံသယကြီးနှင့် ကြည့်ပြီး၊ Federal Diet ရဲ့ အဆုံးအဖြတ်ဟာ အချုပ်အခြာအာဏာပိုင်

ပြည်နယ်တွေရဲ့အပေါ်မှာ တရားဝင်အကျိုးသက်ရောက်ခြင်း မရှိခဲ့ပါဘူး။ ကွဲကွဲပြားပြားဘဲတည်နေခဲ့တာပါဘဲ။

ဒါကြောင့်လည်း ၁၈၇၁ ခု နောက်ပိုင်းမှာ ပြင်သစ်ကျူးကျော်ရေးသမားများဟာ ဆွစ်ဇာလန်ပြည်ထောင်စုကို လွယ်ကူစွာဘဲ သိမ်းပိုက်နိုင်ခဲ့ကြပါတယ်။ ရှိရင်းစွဲအခြေခံပြည်နယ်တွေ ကိုယ်ပိုင်အချုပ်အခြာအနေအထားတွေ၊ ဒေသဓလေ့ထုံးစံအနေအထားတွေနှင့် ၎င်းပြည်နယ်မှငါ ဆိုတဲ့စိတ်ဓါတ်တွေကို ပြင်သစ်စစ်ဘုရင်နပိုလီယံဗိုနာပတ်ဟာ အာဏာနှင့်ရိုက်ချိုးဖျက်ဆီးပစ်ပြီး၊ နယ်သစ်တွေသတ်မှတ်ပြီးတော့ Prefacture လို့ဆိုတဲ့ ပြည်နယ်ပေါင်း (၁၈) ခု ကိုသတ်မှတ်ခဲ့ပါတယ်။

ကိုယ်စားပြုအမျိုးသားအစိုးရနှင့် အာဏာပိုင်အမျိုးသားအစိုးရအဖွဲ့တရပ်ကို ဖွဲ့ပေးခဲ့ပါတယ်။ အဲဒါကို ရာဇဝင်မှာ Felbatic သမတနိုင်ငံအခြေခံဥပဒေလို့ခေါ်တွင်စေခဲ့ပါတယ်။ ၁၇၉၈ ခု ဧပြီလ (၁၂) ရက်နေ့မှာ ပြဌာန်းပေးခဲ့ပါတယ်။ သို့သော်လည်း ဆွစ်ဇာလန်နိုင်ငံရဲ့ မိမိရဲ့မူလဘူတအချုပ်အခြာအာဏာပိုင်ပြည်နယ်ခွဲခြားရေးစိတ်ဟာ ရာဇဝင်နှင့်ချီ ပြင်းထန်နေတော့ မအောင်မြင်ခဲ့ဘူး။ များစွာသော ငြင်းခုံမှုပဋိပက္ခတွေ ဖြစ်ခဲ့ရပါတယ်။ နောက်တော့ ပြည်သူတွေကို ပထမဦးဆုံးဗီတိုအာဏာစတင်အပ်တဲ့ ၁၈၀၂ ခု မေလ Constitution ကိုရေးဆွဲပြဌာန်းခဲ့ကြပြန်ပါတယ်။

ဗီတိုဥပဒေအရ အသက်နှစ်ဆယ်ပြည့်တဲ့လူတိုင်း၊ တိုင်းသူပြည်သားတိုင်း အခြေခံဥပဒေအတည်ပြုရေးအတွက် မဲပေးခဲ့စေပါတယ်။ မဲဆန္ဒရှင်ပေါင်း (၇၂၄၅၃) ကသဘောတူမဲပေးခဲ့ပါတယ်။ (၉၂၃၃၂) ကသဘောမတူမဲပေးပါတယ်။ (၁၆၇၁၇၂) က ကြားနေခဲ့ပါတယ်။ အဲဒီ ကြားနေတဲ့မဲများဟာ သဘောတူတဲ့မဲများဖြစ်တယ်လို့ဆိုပြီးတော့ အဲဒီအခြေခံဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့ပါတယ်။ မူလအခြေခံဥပဒေနှင့်စာရင် ခုပြင်ဆင်တဲ့ ဥပဒေဟာ အနည်းငယ်အောင်မြင်လာပါတယ်။ ဒါပေမယ့် နပိုလီယန်ဟာ သူ့သဘောနှင့်သူ ကျန်ဘောင်လို့ဆိုတဲ့ ပြည်နယ်ပိုင်းကို သီးခြားအခြေခံဥပဒေ ကိုယ်စီရေးဆွဲပြဌာန်း ပေးပြန်တယ်။ အဲဒါ ကို ဖြန်ဖြေရေးဥပဒေလို့ခေါ်ပြီး၊ ၁၈၀၃ ခု ဖေဖေါ်ဝါရီလ (၁၉) ရက်နေ့မှာ ထုတ် ပြန်ခဲ့ပါတယ်။

သို့သော်လည်း နောက်ဆုံး နပိုလီယန်လည်းအာဏာကျ အဲဒီအခြေခံဥပဒေလည်း ပျက်စီးခဲ့တာပါဘဲ။ ၁၈၁၅ ခု ဩဂုတ်လ (၇) ရက်နေ့မှာ ဖြန်ဖြေရေးအခြေခံဥပဒေကို ရုပ်သိမ်းပြီး မူလအတိုင်းတိုက်ရိုက်ကို ပြန်လည်ထူထောင်ပြီး (၂၂) ခုသော (Cantaung) တို့ဟာ ပြည်ထောင်စုသဘောတူညီချက်လို့ဆိုတဲ့ (Fed-

eral Agreement) ကို လိုက်နာပါတယ်လို့ဆိုပြီး ကျမ်းကျိန်ခဲ့ကြပါတယ်။ အချုပ်အခြာအာဏာပိုင်ပြည်နယ်တိုင်းက အရေးပိုင်သံအမတ်ကြီးတွေကို တွေ့ဆုံတဲ့ တိုက်ရိုက်လွှတ်တော်ပါဘဲ။ ဆွစ်ဇာလန်ပြည်သူတွေက ရွေးချယ်စေလွှတ်တဲ့ ကိုယ်စားလှယ်တွေမဟုတ်ခဲ့ပါဘူး။ အလွန်ရော့ရော့ရဲရဲဖွဲ့စည်းထားတဲ့ (Confederation) တခုပါဘဲ။

အဲဒါ နောက်ဆုံးတော့ ကိုယ့်ပြည်နယ်နဲ့ကို သီးခြားရေးကျကျအတိုင်း နေလိုတဲ့ (Federalist) တွေနဲ့ ဒါတွေကိုအကုန်ဖျက်ပြီး တခုတည်းသော ညီညွတ်သော ဒီမိုကရေစီနိုင်ငံကို ထူထောင်လိုတဲ့ (Redicalist) တွေဟာ နှစ်ပေါင်း (၃၀) ကျော်မျှအငြင်းပွားမှု ပဋိပက္ခမှုကြီးတွေ ဖြစ်ခဲ့ကြရပါတယ်။ အချို့ (Canton) တွေလည်း ခွဲထွက်ကုန်ကြပါတယ်။ ၁၈၄၇ ခုနှစ်မှာ ပြည်တွင်းစစ်သာဖြစ်ပါလေရော (Centerban Canton) တွေအရေးရှုံးနိမ့်ပြီးတဲ့နောက် ခွဲထွက်တဲ့ပြည်နယ်တွေကို (Confederation) ထဲမှာ ပြန်လည်ဝင်ရောက်စေခဲ့ပါတယ်။ ရာဇဝင်မှာ ဆွစ်အမျိုးသားညီညွတ်ရေးအောင်ပွဲအဖြစ်နဲ့ အဲဒီပြည်တွင်းစစ်ကို အသိအမှတ်ပြုခဲ့ကြပါတယ်။

အဲဒီလို ပြည်တွင်းစစ်ကြီးဖြစ်ရသည့်မှစပြီး ၁၈၄၈ ခုနှစ်မှာ Diet ဟာ ယနေ့ အခြေခံဥပဒေကြီးကို စတင်ရေးဆွဲစေခဲ့တာပါဘဲ။ အဲဒီ အခြေခံဥပဒေဟာလည်း ရှေးမူနှင့် ခေတ်သစ်မူစုစည်းရေး "မူ" ၂ ခုကိုစေ့စပ်ဖြန်ဖြေထားတဲ့ ဥပဒေပါဘဲ။ အဲဒီ ဆွစ်ဇာလန်ပြည်ထောင်စုဥပဒေသစ်အစနိဒါန်းမှာ ဘယ်လိုဆိုဘာသလဲ ဆိုရင် ဘုရားသခင်ရဲ့အလိုဆန္ဒအတိုင်း ပြည်နယ်ပေါင်းချုပ်မဟာမိတ်အဖွဲ့ ဟုဆိုအပ်သော ဤ ဆွစ်ဇာလန် (Confederation) သည် ဆွစ်ဇာလန်အမျိုးသားတို့ ဂုဏ်ကျက်သရေနှင့်တကွ ညီညွတ်ရေးအင်အားတောင့်တင်းရေးကို ထိန်းသိမ်းကာကွယ်ရန်အတွက် ဤ Federal Constitution ကိုပြဋ္ဌာန်းလိုက်ပေသည်လို့ Confederation နှင့် Federation ကိုစေ့စပ်ရောမွှေပြီး သူတို့ရာဇဝင်ဘဝဖြစ်စဉ်နှင့် ကိုက်ညီအောင်လုပ်ဆောင်ထားတာကို ကျွန်တော်တို့တွေ့ရပါလိမ့်မယ်။ အဲဒီမှာလည်း ဆွစ် (Confederation) ဟာ စကတည်းက အချုပ်အခြာအာဏာပိုင်ပြည်နယ် (Canton) တွေနှင့်စတင်ပြီးတော့ ဖွဲ့စည်းခဲ့တယ်ဆိုတာရယ်၊ တဖြည်းဖြည်း (Centralisation) ဆိုတဲ့ ဗဟိုခေါင်းဆောင်မှုနှင့်ညီညွတ်ရေးစုစည်းချက်ဆီသို့ ရွေ့လျားလာတယ်ဆိုတာရယ် အဲဒါ ကျွန်တော်တို့ကောင်းမွန်စွာတွေ့ရှိရပါလိမ့်မယ်။

သဘာပတိကြီးခင်ဗျား — ဆိုဗီယက်ပြည်ထောင်စုရာဇဝင်ဖြစ်စဉ်ကိုတော့

ကျွန်တော်ပြောစရာမလိုတော့ပါဘူး။ မဟာအောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးကြီးက စတင်ပေါက်ဖွားပေးခဲ့ခြင်းပါဘဲ။ ၁၉၁၈ ခုနှစ် (Constitution) အရ ရုရှပြည်မကြီးကို အခြေခံပြီးတော့ ခေါင်းဆောင်ဖွဲ့စည်းခဲ့တာပါဘဲ။ ထိုနောက် ၁၉၂၄ ခုနှစ် Constitution မှာ ပြည်နယ် (၄) ခုပါဝင်လာပြီး၊ ၁၉၃၆ ခုနှစ်ကျတော့ (၁၆) ပြည်ထောင်စုပြည်နယ်ဖြစ်လာပါတယ်။ ဆိုဗီယက်ယူနီယံရဲ့ ဗဟိုခေါင်းဆောင်မှုနှင့် ညီညွတ်ရေးစုစည်းချက်ဟာ အလုပ်သမားလူတန်းစား နိုင်ငံရေးအာဏာပိုင်စနစ်နှင့် ဆိုရှယ်လစ်စီးပွားရေးလုပ်မှုအဆောက်အဦကြီးဘဲ ဖြစ်ပါတယ်။

ဒါကြောင့်လည်း တောင်ကြီးဦးထွန်းမြင့်တို့ ဒီနေ့ ပြည်နယ်ညီညွတ်ရေးအဖွဲ့ကြီးတို့ အလိုရှိတဲ့ဟာတွေ အကုန်လုံးအပြင်၊ လူမျိုးစုရေးရာပြဿနာမှာ ပြဿနာများဖြေရှင်းရေးနှင့် ပတ်သက်ရင် ကမ္ဘာမှာခံယူရလောက်အောင် အခွင့်အရေးအပြည့်အစုံထည့်သွင်းပြဋ္ဌာန်းနိုင်ခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေ၊ လူမျိုးစုဒေသတွေ စသည်ဖြင့် လူမျိုးကြီးငယ်ပေါင်း (၁၈၁) မျိုး၊ ဘာသာစကား ကြီးပေါင်း (၅၅) မျိုး၊ ကိုးကွယ်သည့်ဘာသာပေါင်း (၂၂) မျိုးကို တကယ်တန်း တူညီမျှဖွဲ့စည်းကြရပြီး လောကနိဗ္ဗာန်ထူထောင်နေကြခြင်း ဖြစ်ပါတယ်။

ဆိုဗီယက်ပြည်ထောင်စုနှင့် မြန်မာပြည်ထောင်စုနှစ်ပြည်ထောင်ကလွဲရင်၊ ဆိုဗီယက်ပြည်ထောင်စုနှင့်မြန်မာပြည်ထောင်စု—ရှမ်းပြည်ကလွဲရင် ကမ္ဘာမှာ ဘယ်ပြည်ထောင်စုမှာမှ မရှိတဲ့ ခွဲထွက်ပိုင်ခွင့်နှင့်တကွ လက်နက်ကိုင်တပ်များဖွဲ့စည်းခွင့်၊ နိုင်ငံတကာဆက်သွယ်ရေးမှ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်၊ ကိုယ့်ကံကြမ္မာကိုယ် လုံးဝဖန်တီးရေးအတွက် စီမံကိန်းများရေးဆွဲဖေါ်ထုတ်ပိုင်ခွင့် စတဲ့ အခွင့်အရေးများအပြည့်အဝ ရရှိစေပါတယ်။ ကမ္ဘာမှာရှိသေးတဲ့ အခြားပြည်ထောင်စုများကိုတော့ ကျွန်တော်မပြောလိုတော့ပါဘူး။

ကနေဒါ၊ ဩစတြေးလျ၊ တောင်အာဖရိကများအကြောင်းကတော့ အင်္ဂလိပ်ရှင်ဘုရင်သစ္စာခံတဲ့ ဒိုမီနီယံပြည်ထောင်စုများဖြစ်တဲ့အတွက် ကျွန်တော်ဒီနေရာမှာ အထူးမပြောလိုတော့ပါဘူး။ အဲဒီတော့ ချုပ်လိုက်ရင် ဗမာပြည်မကိုအခြေခံပြီး ပြည်ထောင်စုဖွဲ့ထားတာဟာ နိုင်ငံတကာပြည်ထောင်စုများဖြစ်ပေါ်လာပုံရာဇဝင်အရရင်း၊ ဗဟိုခေါင်းဆောင်မှုနှင့်ညီညွတ်ရေးစုစည်းချက်အတွက် ဒီအကြိမ်ဒီအခါမှာ ဒီလိုဘဲဖွဲ့စည်းရမယ် ဆိုတာဘာဝကိုက ပေးတဲ့ပစ္စည်းဘုရားကိုက ပေးတဲ့ပစ္စည်းဘဲဆိုတာ ကျွန်တော်တို့အလေးအနက် ယုံကြည်တယ်။

ဒါပေမယ့် ကမ္ဘာ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ပြီး ဗမာပြည်မ လူမျိုးစုကြီးက ပြည်နယ်များကို အနိုင်ကျင့်ထားတာလားလို့ အခြေခံဥပဒေ ကြောင်းအရဘဲ စစ်ဆေးကြည့်ရအောင်—

(၁) ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ပြည်ထောင်စုပြည်သူ့လွှတ်တော်ကို လူဦးရေအချိုးအစားနှင့် ရွေးကောက်တင်မြှောက်စေပြီး၊ ဗဟိုအစိုးရကိုရွေး ချယ်ခြင်း၊ သို့ကလို ရွေးချယ်သည့်နေရာမှာလည်း ပြည်နယ်များမှ ကိုယ်စား လှယ်များကိုလည်း ပါဝင်ထည့်သွင်းခြင်း၊

(၂) လူမျိုးစုများအားလုံးညှိနှိုင်းသဘောတူညီချက်အရ လူမျိုးစုလွှတ်တော်ကို ရွေး ကောက်ဖွဲ့စည်းခြင်း၊

(၃) ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ငွေဥပဒေကျမ်းမျိုးမှတပါး ပြည်သူ့လွှတ် တော်နှင့် လူမျိုးစုလွှတ်တော်တို့သည် ဥပဒေပြုရေးတွင် အာဏာတန်းတူဖြစ် ခြင်း။

(၄) ကမ္ဘာ့ပြည်ထောင်စုအစိုးရတိုင်း ပြည်ထောင်စုညီညွတ်ရေးအတွက် အရေး တကြီးကာကွယ်ပြဋ္ဌာန်းရမည့် ပြဋ္ဌာန်းချက် (၆) ရပ်အနက် တရပ်ဖြစ်သည့် လူမျိုးစုကြီးက လူမျိုးငယ်များကို မထိပါးနိုင်ရန် ပြည်ထောင်စုပြည်သူ့လွှတ် တော်က ရွေးချယ်သော ဗဟိုအစိုးရမှာ ပြည်နယ်ကောင်စီမှ ကိုယ်စားလှယ် များအား ပြည်ထောင်စုဝန်ကြီးများအဖြစ်နှင့် ပူးပေါင်းဖွဲ့စည်းစေခြင်း၊ ညီတူ ညီမျှတာဝန်ရှိစေခြင်း၊

(၅) ပြည်နယ် ပြည်မနှင့် ပြည်နယ်များအချင်းချင်း ပဋိပက္ခများ မကြေလည်ချက် များကို ဥပဒေကြောင်းအရ လုံးဝလွတ်လပ်စွာ ဖြေရှင်း အဆုံးအဖြတ်ပြုနိုင် ရန်အတွက် တရားလွှတ်တော်ချုပ်သို့ အာဏာပေးအပ်ထားခြင်း၊

(၆) ပြည်ထောင်စုပါလီမန်မှ (၃) ပုံ (၂) ပုံသဘောတူညီချက်ရမှသာ အခြေခံဥပ ဒေကို ပြင်ဆင်နိုင်ခြင်း၊

(၇) ရာဇဝင်အစဉ်အလာအရ အချုပ်အခြာအာဏာအရ ပြည်နယ်အဖြစ်ထူ ထောင်ခဲ့သော ရှမ်းပြည်နယ်ကဲ့သို့သော ပြည်နယ်ကို ခွဲထွက်ခွင့်ကို “မူ” အားဖြင့်အပ်နှင်းထားခြင်းပင် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား—ဒီနေရာမှာ ကျွန်တော်တို့ရဲ့ပြည်ထောင်စုဖွဲ့စည်းပုံ အရ မူအရ ပုံစံအရ ကမ္ဘာ့ဒီမိုကရေစီအစဉ်အလာနှင့် ကိုက်ညီကြောင်းကိုသာ အလေးအနက်ထားပြီး ပြောဆိုနေခြင်းဖြစ်ပါတယ်။ ဗဟိုပြည်ထောင်စုအစိုးရရဲ့ အာဏာကို လက်တွေ့ကိုင်တွယ်ကျင့်သုံးနေကြတဲ့ ပုဂ္ဂိုလ်ပါတီအဖွဲ့အစည်းအင် အားတို့ သဘောထားမှား၊ လုပ်ရပ်မှားကြီးတွေအတွက်တော့ ကျွန်တော်တို့ပြည်

သူတွေက တာဝန်မခံနိုင်ပါဘူး။ အဲဒါကတော့ (Subjective factor) လို့ခေါ်တဲ့ ကတ္တားပိုင်းဆိုင်ရာပြဿနာပါ။ နိုင်ငံရေးအရ ရဲရဲတင်းတင်းစာရင်းရှင်းရမယ့်ကိစ္စ ဖြစ်ပါတယ်။

သာဓကအားဖြင့် ပထစအစိုးရတက်ပြီးတဲ့နောက် မလုံလောက်တဲ့ အကြောင်း တချက်ပြပြီး "ပြည်မကက်ဘိနက်" "ပြည်နယ်လူမျိုးစုကက်ဘိနက်" ရယ်လို့ ခွဲစိတ်ပစ်ခဲ့ခြင်းဟာ ကာယကံမြောက်အားဖြင့် ဗဟိုပြည်ထောင်စုအာဏာနှင့် ဗဟိုပြည်ထောင်စုညီညွတ်ရေးကို ခွဲစိတ်ပစ်လိုက်ခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့များစွာ စိတ်နာခဲ့ပါတယ်။ သို့သော်လည်း ကျွန်တော်တို့မှာ ပါလီမန်မှာ တကောင်တမြီးမှ မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒါကိုကျိတ်မှိတ်ပြီး သည်းခံလိုက်ရပါတယ်။ အဲဒီတော့ ပထမကွဲလွဲချက်နေရာက ပြည်မကိုအခြေခံပြီးတော့ ပြည်ထောင်စုဖွဲ့စည်းခြင်းဟာ ရာဇဝင်ဖြစ်စဉ်နှင့် ဘဝအခြေအနေအရ မှန်ကန်ကိုက်ညီတယ်လို့ ကျွန်တော်တို့က ရိုးသားစွာယုံကြည်တယ်။

ပြည်ထောင်စုတိုင်းရဲ့ ဗဟိုခေါင်းဆောင်မှုနှင့် ညီညွတ်ရေးစုစည်းချက်အဖြစ်နှင့် အခုအချိန်အခါမှာ အင်မတန်အဖိုးတန်တဲ့ စီမံချက်တရပ်ဖြစ်တယ်လို့ ကျွန်တော်တို့က အလေးအနက်ခံယူတယ်။ ကျွန်တော်တို့ ပြည်နယ်ခေါင်းဆောင်များရဲ့ (Federal) အစစ်စစ် အဆိုပြုချက်တွေကို နားထောင်ရင်း လေ့လာရင်းနှင့် အမေရိကန်၊ ဆွစ်ဇာလန်ပြည်ထောင်စုတို့ရဲ့ ဟိုရှေးတုန်းက ရာဇဝင်အစကအလွန်ရှော့ရဲစွာ ဖွဲ့စည်းလာခဲ့ဘူးတဲ့ (Confederation) ပုံစံတွေကို ကျွန်တော်တို့အဖို့ ကြားယောင်မြင်ယောင်ဖြစ်လာပါတယ်။

ပြည်နယ်ညီနောင်ခေါင်းဆောင်ကြီးများက လက်ရှိဒီပုံဖွဲ့စည်းထားခြင်းဟာ ပြည်မက ပြည်နယ်လူမျိုးစုတွေကို ချုပ်ချယ်လွှမ်းမိုးထားတယ်လို့ ယုံကြည်တယ်။ အဲဒီလို ကျွန်တော်တို့နှင့်သဘောကွဲလွဲနေကြပါတယ်။ ဒါက ပထမကွဲလွဲချက်ဖြစ်ပါတယ်။ ဒုတိယ ကွဲလွဲချက်နေရာက ရပ်တည်မှုခြားနားချက်ဘဲ ဖြစ်ပါတယ်။ (Stand Point) လို့ခေါ်ပါတယ်။ ဆိုလိုရင်းကတော့ ကျွန်တော်တို့က ပြည်ထောင်စုအတွင်း လူမျိုးစုရေးရာနှင့်ပတ်သက်လို့ ဒီကနေ့လက်ငင်းပြဿနာ (Order of the day)၊ ဒီကနေ့ လက်ငင်းပြဿနာဟာ ပြည်မကို ပြည်နယ်ဖွဲ့ရန်မဟုတ်သေး။ ပြည်နယ်ရထိုက်သော လူမျိုးစုများ ပြည်နယ်ရရှိရေးနှင့် ပြည်နယ်ရရှိပြီး လူမျိုးစုများ လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးမြှင့်တင်မှု ဘဲလို့ ကျွန်တော်တို့ ယူဆပါတယ်။

ပြည်နယ်ခေါင်းဆောင်မှု ပြည်နယ်ခေါင်းဆောင်များကတော့ မိမိတို့ဘဝရပ်တည်မှုအပေါ်မှာ အခြေမခံဘဲ အားလုံးသောပြဿနာတွေဟာ ပြည်မကို ပြည်နယ်တခုလုပ်လိုက်ရင် ကိစ္စအားလုံးအေးကုန်မယ်လို့ ယူဆတယ်။ အဲဒီလို (Stand Point) ကျွန်တော်တို့နှင့် ရပ်တည်မှုမှာ ခြားနားနေပါတယ်။ တတိယကွဲလွဲချက်ကတော့ ပြဿနာချဉ်းကပ်ပုံခြားနားခြင်းဘဲ ဖြစ်ပါတယ်။ ကွာရှင်းတာ (Approch) ဖြစ်ပါတယ်။

ကျွန်တော်တို့က လူမျိုးစုပြဿနာများနှင့်တကွ ပြည်ထောင်စုတခုလုံးသောင်မတင် ရေမကျနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးမှစပြီးတော့ အကြပ်အတည်းဆိုက်နေရတာတွေဟာ မပြေမလည်မှုတွေဟာ နယ်ချဲ့ပယောဂတွေနှင့် ပြည်တွင်းစစ်ပဋိပက္ခတွေကို မရှင်းမလင်းနိုင်သမျှ ဆက်လက်ခံစားနေရဦးမယ်လို့ ကျွန်တော်တို့က အလေးအနက်ယုံကြည်တယ်။

ဒါကြောင့် ဒီပြဿနာတွေဖြေရှင်းရေးလက် လက်ငင်းပထမ၊ ပြဿနာအဝဝငြိမ်းချမ်းညီညွတ်စွာ ဖြေရှင်းရေးဟာ ဒုတိယလို့ ကျွန်တော်တို့က ပြဿနာကိုချဉ်းကပ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်ညီနောင် ရဲဘော်ကြီးများကတော့ ပြည်ထောင်စုစစ်စစ်မှုအရ ကိုယ့်ခြံကိုယ်ခတ်ကြရေးသည် ပထမ၊ ပြဿနာအဝဝနောက်ကျမှ တန်းတူညီမျှဖြေရှင်းရေးသည် ဒုတိယလို့ ယူဆကြပါတယ်။

အဲဒီလို ပြဿနာချဉ်းကပ်ပုံမှာလည်း ကျွန်တော်တို့နှင့် ဝမ်းနည်းစွာခြားနားနေပါတယ်။ အဲဒီလို ခြားနားကွဲလွဲချက်များဟာ (၃) ရေရာမှာ တွေ့ရှိခံစားလာရပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့နှင့် ပြည်နယ်ခေါင်းဆောင်များဟာ အပြန်အလှန် တဦးနှင့်တဦးညီရင်းအကို မိသားစုစိတ်ဓါတ်နှင့် ဆန္ဒတူသဘောပေါက်ကြစေရန် ကူညီကြိုးပမ်းကြမည် ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုလည်း ကူညီကြိုးပမ်းပါလို့ အဲဒါ မေတ္တာရပ်ခံပါတယ်။

သဘာပတိကြီးခင်ဗျား— ပြည်ထောင်စုစစ်စစ်ဆိုတဲ့မူဟာ ခုလိုအခြေအနေမျိုးမှာ ဘယ်နည်းနှင့်မျှ မသင့်တော်သေးကြောင်း၊ ပြည်တွင်းပြည်ပရေးရာရှုဒေါင့်များနှင့် နိုင်ငံတကာအခြေခံဥပဒေများမှ ကျွန်တော်တို့အကြောင်းပြ ကန့်ကွက်ခဲ့ပါပြီ။ ညှိနှိုင်းတင်ပြခဲ့ပါပြီ။ ကျွန်တော်တို့ကို စောဒကတတက်စရာတခုကျန်ပါလိမ့်မယ်။ ဒါဖြင့်ရင် ပြည်ထောင်စုစစ်စစ်မူဟာ ဗမာပြည်ထောင်စုနှင့် ဘယ်တော့မှ မထိုက်တန်တော့ဘူးလားလို့ မေးစရာရှိပါတယ်။ မြန်မာပြည်ထောင်စုရဲ့ အနာဂတ်ရာဇဝင်တကွေ့မှာ ပြည်မပြည်နယ်အား လုံး တကယ်တန်းတူညီမျှ အပြည့်အဝအကောင်အထည်ဖေါ်နိုင်ကြမယ့်ကာလကို မုချတွေ့ရပါလိမ့်မယ်လို့

ကျွန်တော်တို့က ဒီလိုပြောချင်ပါတယ်။ ၎င်းကာလက တော့ တခြားမဟုတ်ပါဘူး။ မြန်မာပြည်ထောင်စု ဆိုရှယ်လစ်သမတနိုင်ငံတော်ကို ထူထောင်နိုင်ကြတဲ့ ကာလဘဲ ဖြစ်ပါတယ်။

လူတဦးနှင့်တဦး၊ တတန်းစားနှင့်တတန်းစား၊ လူမျိုးစုတခုနှင့်တခု၊ ပြည်နယ်တခုနှင့်တခု နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့် လုံးဝခေါင်းပုံဖြတ် သွေးစုတ်မှုကင်းတဲ့ ဆိုရှယ်လစ်လူမှုအဆောက်အဦ ထူထောင်နိုင်ကြတဲ့အခါမှာ ယနေ့ ဆိုဗီယက်ပြည်ထောင်စုသမတနိုင်ငံမှာကဲ့သို့ ပြည်နယ်အားလုံး၊ လူမျိုးစုအားလုံးတို့ဟာ တကယ်တန်းတူညီမျှ အခြေခံအပေါ်မှာ အစွမ်းကုန်လွတ်လပ်စွာ တိုးတက်မှု ရရှိမည်မှာ မုချပါဘဲ။

ဆိုရှယ်လစ်ပြည်ထောင်စုစနစ်အတွင်းမှာ လူမျိုးစုများအားလုံး ဘယ်ကဲ့သို့ တန်းတူညီမျှအပြည့်အဝ ရှိတယ်ဆိုတာ ဆိုဗီယက်ယူနီယံဟာ ဘယ်ရန်သူ ဘယ်မိတ်ဆွေကမှ အမြစ်မထွက်နိုင်တော့ဘဲ ကမ္ဘာ့လက်တွေ့သက်သေပြချက်ကြီး အဖြစ်နှင့် ရပ်တည်လျှက် ရှိနေပါတယ်။ အဲဒီလို ထူထောင်ရတဲ့ ပြည်ထောင်စုစစ်စစ်ဆိုရင် ကျွန်တော်တို့ ဘာမှအငြင်းပွားစရာလဲ မလိုတော့ပါဘူး။ တမျိုးသားလုံးရဲ့ လူမှုတော်လှန်ရေးတိုးတက်မှု ဖြစ်စဉ်အတွင်းက သဘာဝကျကျထွက်လာမယ့် ဆိုရှယ်လစ်ပြည်ထောင်စုဖြစ်တဲ့အတွက်ကြောင့် ရာဇဝင်ကိုက ပေးအပ်လာတဲ့ ပြည်ထောင်စုစစ်စစ် ဖြစ်ပါလိမ့်မယ်။

ဆိုလိုရင်းကတော့ ခင်ဗျာ— ဒီနေ့ကျွန်တော်တို့ ပြည်ထောင်စုရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ အမျိုးသားလွတ်လပ်ရေးတော်လှန်ရေးကြီးက သဘာဝကျကျ ညီညွတ်စွာ သီးပွင့်ပေါက်ဖွားပေးတဲ့ သကဲ့သို့ အနာဂတ်ဆိုရှယ်လစ်တော်လှန်ရေးကြီးကလည်း အနာဂတ်ဆိုရှယ်လစ်ပြည်ထောင်စုစစ်စစ်ကို သဘာဝကျကျ ပေါက်ဖွားသီးပွင့်ပေးပါလိမ့်မယ်။ ဒါကို ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဆိုခဲ့တဲ့ ဆိုရှယ်လစ်ပြည်ထောင်စုစနစ်ကို ငြိမ်းချမ်းစွာကူးပြောင်းထူထောင်နိုင်ရန်အတွက် ပြည်တွင်းပြည်ပအလားအလာများက ကောင်းစွာပြနေပါတယ်။ ထို ကာလဟာ မဝေးတော့ဘူးလို့ ကျွန်တော်တို့ယုံကြည်ယူဆပါတယ်။ ယနေ့ ပြည်ထောင်စုလူငယ်တို့ရဲ့ လူသားအစဉ်အဆက်မှာဘဲ မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံတော်ဟာ မုချဖြစ်ပေါ်ရတော့မယ်လို့ ကျွန်တော်တို့ယုံကြည်မျှော်လင့်နေကြပါတယ်။

ယနေ့ ကျွန်တော်တို့ ပြည်နယ်၊ ပြည်မ၊ ပြည်နယ်ရှိပြည်သူအားလုံးတို့ဟာ ဆိုရှယ်လစ်ပြည်ထောင်စုကို ဦးတည်ချီတက်ကြရင် အမျိုးသားဒီမိုကရေစီထူ

ထောင်ရေး လုပ်ငန်းစဉ်များကို တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးပမ်းတည် ဆောက်ရန်သာ လက်ငင်းအရေးကြီးဖြစ်ပါတယ်လို့ ကျွန်တော်တို့ဒါ လေးစားစွာ တင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျာ— ကျွန်တော်တို့ကို စောဒကတက်စရာတခု ဆက် လက်ကျန်ပါလိမ့်ဦးမယ်။ ထိုအချက်ကတော့ လက်ရှိပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေကို လက်ရှိအခြေအနေနှင့် အတွေ့အကြုံများအရ ဘာမျှပြင် စရာ မလိုတော့ဘူးလားလို့ မေးစရာရှိပါတယ်။ အဖြေကတော့ လက်ရှိအနေအ ထားနှင့် ပုံစံအတွင်းမှာ ပြင်စရာတွေ အတော်ဘဲရှိပါလိမ့်မယ်။ ဒါတွေနှင့်ပတ် သက်လို့ ရာဇဝင်ကြောင်းနှင့်တကွ လိုက်နာပြုပြင်အပ်တဲ့ အခြေခံမှုများကို ကျွန် တော်တို့ရဲ့ လူမျိုးစုရေးရာအကြံပေးစာတမ်းမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ထိုအကျယ်စာတမ်းကို သဘာပတိကြီးနှင့်တကွ လူမျိုးစုကိုယ်စားလှယ်တော်များ အားလုံးကို ကျွန်တော်တို့ချစ်ခင်ရင်းနှီးစွာ ဝေငှကမ်းလှမ်းမည် ဖြစ်ပါတယ်။

သို့သော်လည်း ဒီနေရာမှာ အရေးကြီးတဲ့အချက်အချို့ကို ဖေါ်ထုတ်တင်ပြ လိုပါတယ်။ (၁) ယနေ့ပြဿနာဟာ ပြည်မဧရိယာကို ပြည်နယ်တခုဖွဲ့ရေးတောင်း ဆိုရန်မဟုတ်၊ ပြည်နယ်ရထိုက်သော လူမျိုးစုများ ပြည်နယ်ရရှိရေးနှင့် ရရှိထူ ထောင်ပြီးသော ပြည်နယ်များအားလုံး တန်းတူညီမျှ အခြေခံတွင် ရပ်တည်စေပြီး၊ ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အရေးများ အပြည့်အဝရရှိရေးသာ အဓိကဖြစ်ပါတယ်။

ဒီအတွက် ပြင်ဆင်ဖို့က ပြည်ထောင်စုဗဟိုအစိုးရတွင် ပြည်နယ်ကိုယ်စား လှယ်များအား ပြည်ထောင်စုတာဝန်ခံများအဖြစ် အာဏာအပြည့်အစုံရရှိထမ်း ရွက်စေခြင်း၊ နောက်တချက်က ပြည်ထောင်စုနှင့် ပြည်နယ်များအာဏာခွဲဝေရေး၌ ပြည်နယ်များ၏ လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးမူပေါ်တွင် တိကျပြတ်သားမှု ရရှိစေရေး။

နောက်တချက် ပြည်ထောင်စုနှင့်ပြည်နယ်များအတွင်းရှိ သဘာဝသယံ ဇာတပစ္စည်းများထုတ်လုပ်ရေးတွင် ပြည်ထောင်စုအခြေခံ၊ ပြည်နယ်အခြေခံ ဟု ခွဲခြားပြီး စီမံကိန်းများနှင့် စနစ်တကျဆက်စပ်လုပ်စေရန်အတွက်ရင်း၊ ပြည်ထောင် စုစီမံကိန်းကော်မရှင်၊ ပြည်နယ်အလိုက်စီမံကိန်းကော်မရှင်များကို ဥပဒေအရ အခိုင်အမာဖွဲ့စည်း၍ ဆက်စပ်လုပ်ဆောင်သွားရေး။

နောက်တချက် ပြည်ထောင် စုတိုးတက်ကြီးပွားမှု ရံပုံငွေကြီးတရပ်ဖွင့်လှစ်၍ တရားဝင်ထည့်ဝင်ခြင်း၊ တရားဝင် ထုတ်ယူသုံးစွဲခြင်းတို့ ပြုလုပ်စေရန်နှင့်

ဂုဏ်အပြင် ပြည်ထောင်စုကပြည်နယ်များ သို့ ပြည်မ၏အထူးထောက်ပံ့ငွေများ သီးခြားပေးအပ်ရေး။

နောက်တချက် ပြည်ထောင်စုဝန်ထမ်းအဖွဲ့ ပြည်နယ်ဝန်ထမ်းအဖွဲ့ကို သီးခြားထားရှိရေးနှင့် ထိန်းချုပ်ပြုပြင်ရေး။

နောက်တချက် ဂျပန်စစ်လျော်ကြေးနှင့်တကွ နိုင်ငံခြားအကူအညီ အထောက်အပံ့များကို ပြည်နယ်များအမြန်ဆုံးတိုးတက်ကြီးပွားရေးအတွက် ပြည်မထက်အထူးအခွင့်အရေးများ ပိုမိုခံစားခွင့်ပေးရေး။

နောက်တချက် ပြည်နယ်ကောင်စီများကို ပြည်နယ်ဥပဒေပြုလွှတ်တော်အဆင့်အတန်းသို့ မြှင့်တင်ရေး၊ ပြည်နယ်ဥက္ကဋ္ဌများကို လွတ်လပ်စွာရွေးကောက်တင်မြှောက်ခွင့်ပြုရေး။

နောက်တချက် ပြည်နယ်ဆိုင်ရာဘတ်ဂျက်များ သီးခြားလုပ်ဆောင်ပြဋ္ဌာန်းခွင့်ရရှိစေရေးနှင့် ပြည်ထောင်စုနှင့်ပြည်နယ်အခွန်တော်ခွဲဝေရေးတွင် အတိအကျညှိနှိုင်းသတ်မှတ်ရေး။

နောက်တချက် လက်ရှိပြည်ထောင်စုဥပဒေစာရင်းမှာ မြေယာ၊ သစ်တော၊ သတ္တုတွင်း၊ ရေနံတွင်းများ၊ စက်မှုလက်မှုထုထောင်ရေးများနှင့် အခြားညှိနှိုင်းရရှိသော ဘာသာရပ်များကို ပြည်နယ်ပြည်မစုပေါင်းသက်ဆိုင်သော တတိယစာရင်းတွင် ထည့်သွင်းရန်နှင့် ပြည်နယ်တိုင်းသည် အထက်ပါလုပ်ငန်းများတွင် ဗဟိုပြည်ထောင်စုအစိုးရ၏ ဝါဒနှင့်မဆန့်ကျင်လျှင် လုံးဝလွတ်လပ်စွာလုပ်ဆောင်ပိုင်ခွင့်အကျိုးခံစားခွင့်ရရှိစေခွင့်။

နောက်တချက် အလုပ်သမားအခွင့်အရေး၊ မြေယာမြေစနစ်ပြုပြင်ရေး၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးစနစ် ထူထောင်ရေးလုပ်ငန်းများတွင် (ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စုအစိုးရ၏ ထူထောင်ရေးလုပ်ငန်းများတွင်) ပြည်နယ်တိုင်းအတွက် လုံးဝလွတ်လပ်ခွင့်ရရှိစေရေးနှင့် ဗဟိုပြည်ထောင်စုအစိုးရ၏ စီးပွားရေး၊ လူမှုရေး စသော ဘုတ်နှင့်ကော်ပိုရေးရှင်းများတွင် ပြည်နယ်ကိုယ်စားလှယ်များသည် တန်းတူရည်တူ အပြည့်အဝပါဝင်ရရှိစေရေး။

နောက်တချက် ပြည်နယ်များတွင် ဗဟိုပြည်ထောင်စုအစိုးရ၏ဝါဒနှင့်အညီ အသိပညာတိုးတက်ရေးအတွက် လူမျိုးစုဘာသာအလိုက် သီးခြားအသံလွှင့်ရုံများထူထောင်ခွင့်ရရှိစေရေး။

နောက်တချက် ပြည်နယ်တိုင်း ပဒေသရာဇ်ဖိနှိပ်ချုပ်ချယ်မှု၊ လူမျိုးကြီးဝါဒ ဖိနှိပ်ချုပ်ချယ်မှု၊ စစ်ဝါဒီဖိနှိပ်ချုပ်ချယ်မှုဝါဒ ဖယ်ရှား၍ ဒီမိုကရေစီဘဝကို ပြည့်ဝစွာ ဖြည့်တင်းပေးရေးနှင့်။

နောက်ဆုံးတချက် အရေးကြီးဆုံးညှိနှိုင်းရမည့် အခြေခံတရပ်မှာ အနာဂတ် မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံထူထောင်ရေးအတွက် လက်ရှိအခြေခံဥပဒေနှင့် ပြည်နယ်ဆိုင်ရာအခြေခံဥပဒေများတွင် တိကျပြတ်သားသော ရည်ညွှန်းချက်များကို အပြည့်အစုံထည့်သွင်းပြဌာန်းရေးပင် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား— လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သော အချက်အချို့ကို ကျွန်တော်တင်ပြလို့ ပြီးပါပြီ။ ကျန်ကြွင်းသော အချက်များ မူများမှာ ကျွန်တော့်တို့ ဝေငှမည့်စာတမ်းအကျယ်မှာ တွေ့ရှိနိုင်ပါတယ်။ ဒ့ါအပြင် ဗဟိုပြည်ထောင်စုအစိုးရက ပြည်နယ်များ၏အစိုးရအာဏာကို အရေးတကြီးအခြေအနေများရဲ့ သိမ်းယူနိုင်ခွင့်နှင့် ပတ်သက်လို့ ယခုအစိုးရက ပြင်ဆင်ရန်ကြံရွယ်ထားချက်နှင့် ပတ်သက်လို့ ကျွန်တော်တို့ လုံးဝ သဘောမတူ နိုင်ပါဘူး။ အထင်မှားအမြင်မှားတွေ ဖြစ်လာပါလိမ့်မယ်။ လက်ရှိအခြေခံဥပဒေမှာ ရှိတဲ့ ပုဒ်မ (၉၄) အရအတိုင်းပင် ဆက်လက်ထားရှိသင့်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။

ထို့အပြင် ပြည်နယ်များခွဲထွက်ခွင့်ရရှိရေးမူနှင့် ပတ်သက်လို့ မူအားဖြင့် ပြည်ထောင်စုအင်္ဂါနှင့်အညီ အသိအမှတ်ပြုပါတယ်။ ကမ္ဘာမှာတော့ ဆိုဗီယက်ယူနီယံနှင့် မြန်မာပြည်မှာဘဲ ရှိပါတယ်။ သို့သော်လည်း ယနေ့ပြည်တွင်းပြည်ပအခြေအနေများအရ ထိုအခွင့်အရေးကို လက်တွေ့အသုံးပြုရန် မည်သည့်နည်းနှင့်မျှ မလျော်ကန်သေးကြောင်း အားလုံးသဘောပေါက်လက်ခံနိုင်ပြီး ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ဒီပြဿနာနှင့်ပတ်သက်ပြီး ပြည်ထောင်စုနှင့် ပြည်နယ်များ အပြေအလည်ညှိနှိုင်းကြရပြီး၊ ပြည်ထောင်စုတခုလုံး အခိုင်အမာစုစည်းညီညွတ်နိုင်ရေးအတွက် အစွမ်းကုန်ကာကွယ်စောင့်ရှောက်ကြပါရန် ကျွန်တော်တို့အထူးဘဲ မေတ္တာရပ်ခံပါတယ်။

သဘာပတိကြီးခင်ဗျား— နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ‘‘ပမညတ’’ ၏ သဘောထားများကို အောက်ပါအတိုင်းလိုရင်းကို တည့်တိုးဘဲ ထပ်မံတင်ပြပါရစေ။

(၁) ယနေ့ ပြည်တွင်းပြည်ပအခြေအနေအရ ပြည်ထောင်စုစစ်စစ်ဆိုတဲ့မူကို ထူထောင်ရင် (Confederation) ဆန်ဆန်ဖြစ်လာပြီး၊ ပြည်ထောင်စုညီညွတ်

ရေးထက် တစတစအားဖြင့် ပြည်ထောင်စုပြိုကွဲရေးကိုသာ အားပေးရာရောက်ပါလိမ့်မည်။ ဒါကြောင့် ကျွန်တော်တို့ သဘောမတူနိုင်ပါ။

(၂) ယနေ့ ပြည်ထောင်စုဖွဲ့စည်းခဲ့သည့် (၁၄) နှစ်သက်တမ်းအတွင်းမှာ နယ်ချဲ့သမားတို့ရဲ့ ပယောဂတွေ၊ အုပ်စိုးသူတို့ရဲ့ သဘောထားမှားတွေ၊ လုပ်ချက်များတွေကြောင့် ပြည်နယ်လူမျိုးစုများအတွင်း ပြည်သူများအားလုံးနှင့်အတူများစွာနစ်နာနေရသည်ကို ကျွန်တော်တို့အထူးလှိုက်လှဲစွာ အသိအမှတ်ပြုပါသည်။ အလေးအနက် နာကျည်းပါသည်။ ၎င်းအတွက် ယခုပြည်ထောင်စုဖွဲ့စည်းပုံ ပုံစံအတွင်းမှာဘဲ အနေအထားအတွင်းမှာဘဲ အစွမ်းကုန်လိုက်လျောညှိနှိုင်းပြင်ဆင်ပေးရန် ကျွန်တော်တို့လုံးဝသဘောတူညီပါသည်။

(၃) ယနေ့ ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်စနစ်အခြေခံတဲ့ ပြည်ထောင်စုစစ်စစ်နှင့် အရင်းရှင်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစစ်စစ်တို့ရှိပါတယ်။ ၎င်းတွင် လူတဦးနှင့်တဦး၊ လူတန်းစားတရပ်နှင့်တရပ်၊ လူမျိုးစုတခုနှင့်တခု၊ ပြည်နယ်တခုနှင့်တခု ဖိနှိပ်သွေးစုပ်မှုရှိနေတဲ့ အရင်းရှင်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစစ်စစ် ဆိုတာဟာ ပုံစံအားဖြင့်သာရှိ၍ အနှစ်သာရကတော့ အတုသာဖြစ်ကြောင်း အမေရိကန်ရာဇဝင်နှင့်တကွ အခြားအရင်းရှင်ပြည်ထောင်စုရာဇဝင်များက ကမ္ဘာတွင် ကောင်းစွာသက်သေခံနေပြီး ဖြစ်ပါတယ်။

ဒါကြောင့်ပြည်ထောင်စုစစ်စစ်ကို ပုံစံမှာရော အနှစ်သာရမှာရော တကယ်အလိုရှိပါလျှင် မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံထူထောင်ရေးဆီသို့သာ ဦးတည်ချီတက်ကြပါလို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ လသာတုန်းဗိုင်းငင် ဆိုသည့်စကားအရ ပြည်တွင်းပြည်ပအခြေအနေကလည်း ထိုပန်းတိုင်သို့ပို့ဆောင်လျှက်ရှိနေသည်ကို အညီအညွတ် ဆုတောင်းအသုံးချရန်ဖြစ်ပါတယ်။

(၄) ယခု ကျင်းပလျှက်ရှိတဲ့ လူမျိုးစုပေါင်းစုံညှိနှိုင်းဖလှယ်ရေးပွဲကြီးကို အပြန်အလှန် လွတ်လပ်စွာညှိနှိုင်းဖလှယ်ရေးပွဲအဖြစ်နှင့်သာ ကျွန်တော်တို့အသိအမှတ်ပြုပါရစေ။ တဦးနှင့်တဦးအကြပ်ကိုင်ပြီးတော့ တစုံတခုသော အဆုံးအဖြတ်ကိုရအောင် လုပ်တဲ့ပွဲအဖြစ်နှင့် ကျွန်တော်တို့ မလုပ်ပါရစေနှင့်။ ကျွန်တော်တို့ မပါပါရစေနှင့်။ ကျွန်တော်တို့ မယုံကြည်ပါဘူး။ လက်မခံပါဘူး။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကြီးဖြစ်ပြီးတဲ့နောက် ဒီတကြိမ်သာ မျက်နှာခြင်းပြန်ဆိုင်ရတာကိုး။ တခါဆက်ဆံ ဆယ်ခါလန် မဖြစ်စေဘဲ အပြေပြေအလည်လည် အထပ်ထပ်အပြန်ပြန် ညှိနှိုင်းရေးတွင်သာ အဆုံးသတ်သင့်ပါတယ်။

ဒီနိုးနော့ဖလှယ်ရေးပွဲကြီးကို အဖက်ဖက်က မျှတတဲ့အစီအမံတွေနှင့် သဘော ထားကြီးကြီး ထားပြီး ကျင်းပရန်ဖြစ်ပါတယ်။

(၅) ထို ဆွေးနွေးညှိနှိုင်းချက်များကို ဆိုင်ရာဆိုင်ရာတို့က ပြန်လှန်သုံးသပ်ကြပြီး တဲ့နောက် ၁၉၆၃ ခုနှစ် နှစ်ဦးမှာ ပြည်ထောင်စုညီညွတ်ရေးညီလာခံသဘင် ကြီးထပ်မံကျင်းပပြီး၊ ထပ်မံညှိနှိုင်းကြရပြီး၊ အစုံအညီလည်း တက်ရောက်စေ ကြရပြီး၊ အနည်ထိုင်ကြတဲ့အခါမှာ ဆုံးဖြတ်ချက်များချမှတ်သင့်ပါတယ်။

ဒါဟာ ကျွန်တော်တို့ရဲ့လိုရင်းသဘောထား (၅) ရပ်ကို တည့်ဒိုးဘဲ တင်ပြခြင်း ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား— ယခုလို တိုင်းရင်းသားပေါင်းစုံသွေးခြင်းသားခြင်း များ စုံညီဆွေးနွေးညှိနှိုင်းရေး သဘင်ကြီးမှာ “ပမညတ” အဖွဲ့ကြီးရဲ့ကိုယ်စား ဆွေးနွေးညှိနှိုင်းခွင့်ရရှိပါသဖြင့် သဘာပတိကြီးနှင့်တကွ အားလုံးသော ညီတော် နောင်တော်အပေါင်းတို့အား အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း အစီရင် ခံရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

* * * * * * * * * *

အခန်း (၁၀)

## ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဗဆွေ၏ ဆွေးနွေးတင်ပြချက်

သဘာပတိဝန်ကြီးချုပ်နှင့် သွေးချင်းသားချင်း ညီရင်းအကိုဖြစ်ကြတဲ့ ညီတော်နောင်တော်အပေါင်းတို့ခင်ဗျား။ ညီတော်နောင်တော်အားလုံးနှင့် ယခုလိုရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက် ကျွန်တော်အထူးဘဲဝမ်းမြောက်ပါတယ်။ ညီတော်နောင်တော်များ နှီးနှောဖလှယ်ပွဲကျင်းပရတဲ့အကြောင်းကတော့ ပြည်ထောင်စုဖွဲ့စည်းပုံမူကြီးကို စဉ်းစားရဖို့ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့နားလည်ပါတယ်။

အင်္ဂလိပ်ကိုလိုနီလက်အောက်ခံဘဝမှာ တကွဲတပြားစီဖြစ်ခဲ့ရတဲ့ ညီတော်နောင်တော်တွေဟာ ပင်လုံညီလာခံမှာ ပထမဆုံးအကြိမ် ပြန်လည်ပြီးတော့ ကျွန်တော်တို့တွေ့ဆုံခွင့်ရခဲ့ကြပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးစီးခေါင်းဆောင်ပြီးတော့ ရေးဆွဲခဲ့တဲ့ အခြေခံဥပဒေ ညီတော်နောင်တော်တွေအားလုံး ကြေကြေညက်ညက်ဆွေးနွေးတိုင်ပင်ပြီး အားလုံးသဘောတူ တညီတညွတ်တည်း အတည်ပြုခဲ့တဲ့အခြေခံဥပဒေ၊ အဲဒီ အခြေခံဥပဒေရဲ့ အခြေခံမူကြီးကို လွယ်လွယ်နှင့်ပြင်ဆင်ရင် မှားလိမ့်မယ်လို့ ကျွန်တော်အနေနှင့် ရိုးသားစွာ ယုံကြည်မိပါတယ်။

အခြေခံဥပဒေရဲ့ အခြေခံမူကြီးကို ပြောင်းလဲဖို့ မလိုလားတာကြောင့် ယခုလိုညီတော်နောင်တော်များ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခြင်း ပြုလုပ်ဖို့မလိုလားဘူးလို့ ကျွန်တော်မဆိုလိုပါဘူး။ ထင်မြင်ယူဆမှုလွဲမှားမှုများ၊ အဆင်မပြေမှုများအကယ်၍ရှိလျှင်လည်း မိသားစုနည်းနှင့် ရင်းရင်းနှီးနှီး ချစ်ချစ်ကြည်ကြည်နှင့် ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပြီး ဖြေရှင်းနိုင်ဖို့အင်မတန်မှ အရေးကြီးပါတယ်။ မိသားစုနည်းနှင့်သာ ကျွန်တော်တို့ဖြေရှင်းရင် ကျွန်တော်တို့ ပြည်ထောင်စုဗမာနိုင်ငံအတွင်းမှာ မဖြေရှင်းနိုင်တဲ့ ပြဿနာရယ်လို့ မရှိဘူးလို့ ကျွန်တော်အနေနှင့် စွဲစွဲမြဲမြဲ ယုံလည်းယုံကြည်ပါတယ်။

ချင်း၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဗမာတွေဟာ တဆွေတမျိုးတည်းဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် ကိုလိုနီခေတ်က နယ်ချဲ့တို့ရဲ့ သွေးခွဲမှုတွေကြောင့် ဆွေရင်းမျိုးရင်းတွေဖြစ်ကြပေမယ့် နယ်ချဲ့တို့က ကျွန်တော်တို့ကို တကွဲတပြားစီဖြစ်အောင် ခွဲခဲ့ပါတယ်။ ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေဟာ လွတ်လပ်ရေးရတဲ့

အခါမှာ ပြန်ပြီးတော့ပေါင်းမိပြန်တော့လည်း စိမ်းသလိုလိုဖြစ်ခဲ့ရပြန်ပါတယ်။ အဲဒီလို ပြည်ထောင်စုအသစ်ထူထောင်ပြီး ပြန်ပေါင်းခါစမှာ အထင်အမြင်လွဲမှားမှုမျိုးဆိုတာ အနည်းနှင့်အများရှိတာဟာ မထူးဆန်းပါဘူး။ ဒါတွေဟာ ဓမ္မတာဖြစ်ပါတယ်။ ဒါပေမယ့် စေတနာသန့်သန့်မိသားစုစိတ်တွေနှင့် အဲဒီအထင်အမြင်လွဲမှားမှုတွေကို ဖြေရှင်းနိုင်မယ်ဆိုတာကိုလည်း ကျွန်တော့်အနေနှင့် ရိုးရိုးသားသား ယုံကြည်ပါတယ်။

ခုတက်ရောက်လာတဲ့ ညီတော်နောင်တော် ကိုယ်စားလှယ်တော်ကြီးတွေအားလုံးဟာ ဒီစိတ်ဓါတ်မျိုးတွေလည်း ရှိပြီးသားဖြစ်တယ်ဆိုတာ အထူးပြောဖို့မလိုပါဘူး။ မိသားစုစိတ်ဓါတ်ရှိတဲ့လူတွေများလို့သာ ၁၉၄၈ ခုနှစ်က ကျွန်တော်တို့ပြည်ထောင်စုကြီး ပြုလဲဖို့ လက်တလုံးသာလိုတော့တဲ့ အခြေဆိုးအနေဆိုးကြီးကို ညီတော်နောင်တော်တွေအားလုံး ယုံယုံကြည်ကြည်လက်တွဲပြီး အောင်အောင်မြင်မြင်နှင့် ရင်ဆိုင်နိုင်ခဲ့တဲ့သာဓကဟာ အထင်အရှားရှိခဲ့ပါတယ်။

အဲဒါကြောင့် ခုဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုလည်း ချောချောမောမောနှင့် ပြေလည်အောင်အမှန်ဖြေရှင်းနိုင်ရမယ်လို့ ကျွန်တော့်အနေနှင့် စွဲစွဲမြဲမြဲယုံကြည်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ပြဿနာရပ်များကို ဖြေရှင်းရတဲ့အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အခြေအနေနှင့်ကိုက်ညီအောင်ပြည်ထောင်စုဗမာနိုင်ငံရဲ့အခြေအနေကိုသာ အဓိကကြည့်ပြီး ဖြေရှင်းသင့်တယ်လို့လည်း ကျွန်တော့်အနေနှင့် ယုံကြည်ပါတယ်။

ဒါပေမယ့် ကမ္ဘာပေါ်မှာရှိတဲ့ အခြားနိုင်ငံအသီးသီးမှာဖြစ်ခဲ့ပျက်ခဲ့တဲ့ အဖြစ်အပျက်အတွေ့အကြုံများကို ကျွန်တော်တို့မလေ့လာရဘူးလားလို့ မေးစရာရှိပါတယ်။ ဒါနဲ့ပတ်သက်ရင်တော့ ကျွန်တော်တို့အခြားနိုင်ငံအသီးသီးမှာ ဖြစ်ခဲ့ပျက်ခဲ့ အဖြစ်အပျက်တွေ၊ အတွေ့အကြုံတွေကိုလည်း ကျွန်တော်တို့အနေနှင့် လေ့လာသုံးသပ်ဖို့လိုတယ်။ လေ့လာသုံးသပ်ဖို့လည်းကောင်းတယ် ဆိုတာ ကျွန်တော်ရိုးရိုးသားသားပြောလိုပါတယ်။

အဲဒါကြောင့် ပြည်ထောင်စုဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး အခြားနိုင်ငံတွေကိုလည်း ကျွန်တော်တို့လေ့လာကြည့်ရမယ်။ နိုင်ငံအသီးသီးရဲ့ ပြည်ထောင်စုဖွဲ့စည်းပုံတွေဟာ ညီတော်နောင်တော်များသိကြတဲ့အတိုင်းဘဲ ယေဘူယျအားဖြင့် နှစ်မျိုးနှစ်စားရှိတယ်ဆိုတာ ကျွန်တော်တို့တွေ့ရပါတယ်။ တမျိုးကတော့ ပြည်ထောင်စုစနစ်ဖြစ်ပါတယ်။ တပြည်ထောင်စနစ်ဖြစ်ပါတယ်။ အခြားတမျိုးကတော့ စည်းစည်းရုံးရုံးဖြစ်တဲ့ တပြည်ထောင်စနစ်ဖြစ်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ကျွန်တော်ဘွင်းဘွင်းဘဲတင်ပြပါရစေ။ ပြည်ထောင်စုစနစ်နိုင်ငံတွေဟာ အများအားဖြင့် ပုံကျသမားနိုင်ငံသားမျိုးတွေသာ အများနေထိုင်တဲ့နိုင်ငံတွေမှာ ခပ်များများဖြစ်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုကြီးကို ကျွန်တော်တို့ကြည့်ပါ။ ဥရောပတိုက်နိုင်ငံက နိုင်ငံတကာ အရပ်တကာက ကူးပြောင်းလာတဲ့ တိုင်းရင်းသားတွေကြီးလိုလို ဖြစ်တာကို ကျွန်တော်တို့ တွေ့ရပါလိမ့်မယ်။ ဆွစ်ဇာလန်ပြည်မှာဆိုရင်လည်း ပြင်သစ်၊ အီတလီနှင့် ဂျာမဏီနိုင်ငံသားတွေဟာ မိမိတို့မူရင်းနိုင်ငံနှင့် ခွဲခွာလာပြီး ပုံကျလိုဖြစ်နေတာကို ကျွန်တော်တို့တွေ့ရပါလိမ့်မယ်။ ဩစတြေးလျပြည်ထောင်စုဆိုရင်လည်း တကျွန်းသမား၊ ပုံကျသမားတွေက ထူထောင်တဲ့ပြည်ထောင်စုဖြစ်တယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါမယ်။ ကနေဒါပြည်ထောင်စုမှာရှိနေတဲ့နိုင်ငံသားတွေဟာလည်း နယ်ခံတိုင်းရင်းသားတွေမဟုတ်ပါဘူး။ အင်္ဂလန်နှင့် ပြင်သစ်က ရေကြည်ရာမြက်နုရာဆိုသလို ပြောင်းလာကြတဲ့ လူတွေဘဲဖြစ်ကြပါတယ်။

အဲဒီတော့ ညီတော်နောင်တော်ကိုယ်စားလှယ်တော်များက မေးချင်မေးပါလိမ့်မယ်။ ဆိုဗီယက်ရုရှားနှင့် ကွန်မြူနစ်နိုင်ငံတချို့မှာကော ဒီလိုပုံကျတွေနှင့်ကြီးဖွဲ့စည်းထားတာဘဲလားလို့ မေးချင်မေးပါလိမ့်မယ်။ အဲဒီ အမေးမျိုးသားပေါ်လာရင် ကျွန်တော်တိုတိုတုတ်တုတ်နှင့်ဘဲ ဖြေပါရစေ။ ကွန်မြူနစ်နိုင်ငံတွေနှင့် ကျွန်တော်တို့ဟာ နိုင်ငံရေးဦးစီးကြိုးကိုင်မှုပုံစံခြင်းမတူကြပါဘူး။ ကျွန်တော်တို့ရဲ့ ပါလီမန်ဒီမိုကရေစီနည်းနှင့် သူတို့လိုမလုပ်နိုင်တာကြောင့် ကျွန်တော်တို့နှင့်မတူ တမူထူးတဲ့ ကွန်မြူနစ်စနစ်ကို အခုကျွန်တော်တို့ကိစ္စမှာ ထည့်ပြီးပြောဖို့မလိုပါဘူး။ ဒီလောက်ဘဲ ကျွန်တော်ဖြေလိုပါတယ်။

နောက်တချက်ကို ညီတော်နောင်တော်များက မေးချင်မေးနိုင်ပါသေးတယ်။ ချင်း၊ ကချင်၊ ကရင်၊ မွန်၊ ကယား၊ ရခိုင်၊ ရှမ်း၊ ဗမာတွေဟာ ရာဇဝင်အရ တိုင်းရင်းသားတွေဖြစ်တယ်။ ဆွေမျိုးရင်းခြာတွေ ဖြစ်တယ်။ ဘာကြောင့် အင်္ဂလိပ်လက်မှလွတ်ပြီး လွတ်လပ်တဲ့နိုင်ငံကို ထူထောင်တဲ့အခါမှာ တပြည်ထောင်စနစ်နှင့်မဟုတ်ဘဲနှင့် ယခုလို ပြည်ထောင်စုစနစ်နှင့် တည်ထောင်ရသလဲလို့ မေးချင်မေးနိုင်ပါတယ်။

အဲဒါကတော့ရှင်းပါတယ်။ ကျွန်တော်တို့ မိသားစုတတွေဟာ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့စနစ်လက်အောက်မှာ တကွဲတပြားစီနေခဲ့ရပါတယ်။ လူချင်းခွဲထားယုံသာမက အချင်းချင်းစိတ်ဝမ်းကွဲအောင်လည်း သွေးခွဲပေးခံခဲ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့တတွေ ပြန်ပေါင်းထုပ်ပြီး နိုင်ငံသစ်ကို ပြန်လည်တည်ထောင်တဲ့အခါ

မှာ အစမှာ စိမ်းသလိုဖြစ်နေခဲ့ရပါတယ်။ အဲဒါကြောင့် တပြည်ထောင်စနစ်ကို ကျွန်တော်တို့ကြိုက်ချင်ပေမယ့် ပြည်ထောင်စုစနစ်နှင့်ဘဲ အစပျိုးခဲ့ရတယ်။ အိန္ဒိယပြည်မှာလည်း ကျွန်တော်တို့ကြည့်မယ်ဆိုရင် ဒီအတိုင်းဘဲ ကျွန်တော်တို့စပြီး ပျိုးပြီးတော့ ထူထောင်ခဲ့ရတယ်ဆိုတာ တွေ့ရတယ်။

ညီတော်နောင်တော်များခင်ဗျား— ကမ္ဘာပေါ်မှာ လက်ရှိရှိနေတဲ့ ပြည်ထောင်စုနိုင်ငံတွေကို ကျွန်တော်တို့ သေသေချာချာလေ့လာကြည့်မယ်ဆိုရင် ပြည်ထောင်စုစနစ်အပေါ် ပြည်တည်ခါစက ထားခဲ့ပေမယ့် သူတို့ရဲ့သဘောထားတွေဟာ အကြီးအကျယ်ပြောင်းလဲလာတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ပြည်ထောင်စုအသွင်ကို ဆောင်ထားရပေမယ့် လက်တွေ့အာဏာကို ခွဲဝေသုံးစွဲရတဲ့အခါမှာ တပြည်ထောင်စနစ်ဖက်ကို အားသန်လာတာ ကျွန်တော်တို့တွေ့ရပါတယ်။

ပြည်ထောင်စုစနစ်သမားတွေဟာ ဘာဖြစ်လို့သဘောထားပြောင်းခဲ့ရသလဲ။ ပြည်ထောင်စုတွေကို တည်ထောင်ခါစမှာ လူတွေဟာစိတ်နေသဘောထား ကျဉ်းကျဉ်းမြောင်းမြောင်းနှင့် ငါ့ဟာမှငါ့ဟာဆိုတဲ့ အတ္တဟိတသဘောထားတွေနှင့် တိုင်းပြည်တပြည်အနေနှင့် ရှိရှိသမျှအာဏာတွေကို ပြည်နယ်တွေက ခပ်များများ ခွဲယူချင်တဲ့ဟာ မထူးဆန်းပါဘူး။

လုပ်ရင်းလုပ်ရင်း လက်တွေ့ကြတော့ အဲဒီလို အာဏာတွေကို အစိပ်စိပ် အမွှာမွှာဖြစ်အောင် ခွဲစိပ်ပြီး ပေးလိုက်ရခြင်းဟာ ပြည်ထောင်စုတခုလုံးကို ခြုံငုံပြီးတော့ တာဝန်ယူရတဲ့ ဗဟိုအစိုးရအဖို့ အင်အားချိနဲ့ပြီး ပြည်ထောင်စုတခုလုံးရဲ့ ကာကွယ်ရေးကို တိုးတက်ကောင်းမွန်ခိုင်ခန့်စိတ်ချရအောင်လည်း မလုပ်နိုင်။ စီးပွားရေးကိုလည်း တိုးတက်ဖွံ့ဖြိုးအောင်မလုပ်နိုင်၊ အခြားလူမှုရေးတွေကိုလည်း အင်တိုက်အားတိုက် မလုပ်နိုင်ဘဲ တိုင်းပြည်သာအောက်တန်းကျ နောက်တန်းကျ နိုင်ငံဘဝကို ရွေ့လျောကျဆင်းသွားနေတာကို တွေ့ရပါတယ်။

အဲဒီတော့ တိုင်းပြည်ကို တနေ့တခြား ရေနှင့်ငါးလိုဖြစ်သွားမှာကြောက်လာရပါတယ်။ ပြည်ထောင်စုအသွင်ကို ဆောင်ထားရပေမယ့် တပြည်ထောင်စနစ်ခပ်ဆန်ဆန်ဖြစ်အောင် ပြည်နယ်တွေက ပြည်ထောင်စုဗဟိုအစိုးရကို အာဏာတွေ တစတစနှင့် ပြောင်းလဲပေးလာရတာကို တွေ့နေရပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ပြည်ထောင်စုစနစ်မှာလည်း ယေဘူယျအားဖြင့် မူ (၂) မူ ရှိပါတယ်။ ပြည်ထောင်စုဗဟိုအစိုးရရဲ့ အာဏာကိုကန့်သတ်ချုပ်ချယ်ထားပြီး ပြည်နယ်တွေကို ကြွင်းကျန်တဲ့အာဏာတွေ အသောမသပ်ပေးထားတဲ့ မူက တမူ၊ ပြည်နယ်အာဏာတွေကို အကန့်အသတ်နှင့်ပြဌာန်းပြီးတော့

ပြည်ထောင်စုဗဟိုအစိုးရကို အတောမသတ် ကြွင်းကျန်တဲ့အာဏာတွေ ပေးထားတဲ့ မူကတမူ၊ အဲဒီလို ယေဘူယျ အားဖြင့် မူနှစ်မူ ရှိပါတယ်။

ပထမမူအရဆိုရင် ဗဟိုအစိုးရက အားနည်းပြီး၊ ပြည်နယ်အစိုးရတွေက အာဏာပိုရှိပါတယ်။ ဒုတိယမူအရဆိုရင် ပြည်နယ်အစိုးရတွေက အားနည်းပြီး ပြည်ထောင်စုတခုလုံးနှင့်သက်ဆိုင်တဲ့ ဗဟိုအစိုးရက အင်အားတောင့်တင်းခြင်း ရှိပါတယ်။

ယနေ့ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပြည်ထောင်စုစနစ်နိုင်ငံတွေကို လေ့လာကြည့်တဲ့အခါမှာ ပထမပြည်ထောင်စုအမျိုးအစားက ဒုတိယပြည်ထောင်စုအမျိုးအစားဘက်ကို အခြေခံဥပဒေပြင်တဲ့နည်း၊ တရားလွှတ်တော်ချုပ်များရဲ့ စီရင်ဆုံးဖြတ်ပေးတဲ့နည်း၊ လုပ်ထုံးလုပ်နည်း အစဉ်အလာနည်းတွေနှင့် သိသိသာသာကြီးပြောင်းလဲလာတာကို တွေ့ရပါတယ်။

တနည်းအားဖြင့် ပြည်ထောင်စုကြီးတခုလုံး အင်အားတောင့်တင်းအောင် ပြည်ထောင်စုဗဟိုအစိုးရကိုသာ အင်အားဖြည့်တင်းပေးနေတဲ့ အချိန်အခါဖြစ်တယ်ဆိုတဲ့ဟာကို တွေ့ရပါလိမ့်မယ်။ အဲဒါဟာ လူတွေအမြင်မှန်ရလာပြီး တကမ္ဘာလုံးကလက်ခံပြောင်းလဲလာတဲ့ မှန်ကန်တဲ့ ပြည်ထောင်စုလမ်းစဉ်ဖြစ်ပါတယ်။

ညီတော်နောင်တောင်များခင်ဗျား— ခုခေတ်ဟာ နိုင်ငံတိုင်းတမျိုးသားလုံးစီးပွားဥစ္စာတိုးတက်ရေးနှင့် တမျိုးသားလုံးရဲ့လုံခြုံရေးကို အဓိက ဦးစားပေးနေရတဲ့ ခေတ်ဖြစ်ပါတယ်။ အဲဒါကြောင့် တပြည်ထောင်စနစ်ဖြစ်ရင်လည်း ဖြစ်ရမယ်။ ပြည်ထောင်စုစနစ်ဖြစ်ရင်လည်း ပြည်ထောင်စုဗဟိုအစိုးရက ထိထိရောက်ရောက်အလုပ်လုပ်ဖြစ်အောင် ပြည်နယ်များက လိုလိုချင်ချင်နှင့် ဗဟိုအစိုးရကို အင်အားဖြည့်တင်းပေးနေရတဲ့ ခေတ်ဖြစ်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ပြည်ထောင်စုဗမာနိုင်ငံရဲ့ ဖွဲ့စည်းပုံနှင့်ပတ်သက်လို့ ညီတော်နောင်တော်အချို့က ဗမာပြည်မကို အခြားပြည်နယ်များနည်းတူ ပြည်နယ်တခုအဖြစ် ဖွဲ့စည်းပါလားလို့ အကြံပေးထားတာ တွေ့ရပါတယ်။ အဲဒီအကြံပေးချက်နှင့် ပတ်သက်၍ ကျွန်တော်တို့ရဲ့သဘောထားကို ကျွန်တော်တင်ပြလိုပါတယ်။ ဗမာပြည်မကို ပြည်နယ်ဖွဲ့စည်းဖို့ သဘာဝကျတယ်လို့ဆိုရင် ကျွန်တော်တို့က ဖွဲ့စည်းဖို့ ကြည်ကြည်ဖြူဖြူ လက်ခံချင်ပါတယ်။

ဒါပေမယ့် ဗမာပြည်မကို ပြည်နယ်တခုအနေနှင့် မထူထောင်စေဘဲ ပြည်ထောင်စုဗဟိုအစိုးရလက်အောင်မှာ လက်ရှိအခြေခံဥပဒေအရ တိုက်ရိုက်သိမ်းပိုက်ထားပါ။ ဗမာပြည်မဟာ ရေမြေအနေအထားအရ သဘာဝအလျောက်

အခြားပြည်နယ်တွေထက် ပိုမိုတိုးတက်ဖွံ့ဖြိုးနေတာ တွေ့နိုင်ပါတယ်။ ကျွန်တော်တို့အလိုမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုရဲ့အလိုဆန္ဒနှင့် အတူတူဘဲဖြစ်ပါတယ်။ တကြိမ်က ဝန်ကြီးချုပ်ဦးနုပြောခဲ့ဘူးတာကတော့ လူတဦးတယောက်ဟာ ခြေလက်အစရှိတဲ့ ကိုယ်အင်္ဂါရပ်တွေဟာ အချိုးကျကျတိုးတက်မှ ကြည့်လို့လှမယ်။ ထိုနည်းတူ ပြည်ထောင်စုမှာလည်း ဒေသအားလုံးညီတူညီမျှ တိုးတက်နိုင်မှ တင့်တယ်လှပနိုင်မယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီ ရည်ရွယ်ချက်အရ ပြည်နယ်တွေ တိုးတက်မှုရှိပြီး၊ ပြည်နယ်တွေထက်တိုးတက်မှုရှိပြီး ဖြစ်တဲ့ ဗမာပြည်မက ကျန်ပြည်နယ်အားလုံးရဲ့ တိုးတက်မှုကိုပါ ပါဝင်တာဝန်ယူစေသင့်တယ်လို့ ယူဆတာကြောင့် ဗမာပြည်မကို ပြည်နယ်ဖွဲ့ရေး မပေးခဲ့ခြင်းဖြစ်ပါတယ်။

ညီတော်နောင်တော်တို့ခင်ဗျား— ထူးခြားတဲ့ ကျွန်တော်တို့ရဲ့အခြေအနေအရ ဗမာပြည်မကို ပြည်နယ်မလုပ်ခဲ့တာ မှန်ကန်တယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ အကယ်၍ ဗမာပြည်မကိုသာ ပြည်နယ်ပေးမိရင် ပြည်ထောင်စုဗမာနိုင်ငံရဲ့ အခြေအနေဟာတမျိုးတဖုံ ပြောင်းလဲသွားစရာရှိပါတယ်။ ဗမာပြည်မကလည်း ငါဟာ ပြည်နယ်တခုဘဲဆိုပြီးတော့ အခြားပြည်နယ်တွေရဲ့ ထူထောင်ရေးကို တာဝန်ယူချင်မှ ယူပါလိမ့်မယ်။ ဗမာပြည်နယ်မှ ဗမာပြည်နယ်ဆိုတဲ့ ကျဉ်းမြောင်းတဲ့ စိတ်ဓါတ်တွေပေါ်လာပြီး ရှိရှိသမျှ မိမိအင်အားကို အခြားပြည်နယ်တွေအတွက် မျှဝေမသုံးဘဲ ဗမာပြည်နယ်တခုထဲမှာသာ အလုံးစုံဖိသုံးချင် သုံးလာပါလိမ့်မယ်။ ပြည်ထောင်စုဗမာနိုင်ငံတော် ဗဟိုအစိုးရကိုပေးထားတဲ့ အာဏာတွေဟာ အခုလို ရှိချင်မှလည်း ရှိပါလိမ့်မယ်။ အခြားပြည်နယ်တွေက တောင်းသလို ဗမာပြည်နယ်ကလည်း အာဏာတွေကို တောင်းချင်တောင်းလာပါလိမ့်မယ်။

လက်ရှိအခြေခံဥပဒေရဲ့ တတိယဇယားမှာ ပါရှိတဲ့ ပြည်ထောင်စုနှင့်ပြည်နယ်ကို ခွဲပေးထားတဲ့ ဥပဒေပြုစာရင်းတွေဟာလည်း ခုအတိုင်းဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။ အဲဒီလိုသာ ဖြစ်သွားရင် ပြည်ထောင်စုဗမာနိုင်ငံရဲ့ ဗဟိုအစိုးရဟာ အလွန်အင်အားချိနဲ့တဲ့ ရုပ်ပြဟန်ပြအစိုးရမျိုးသာ ဖြစ်သွားပါလိမ့်မယ်။ ဗမာပြည်နယ်သာ သူ့သဘာဝသတ္တုပစ္စည်း၊ သူ့အခွန်အကောက်တွေနှင့်သူ၊ သူ့ထူထောင်ရေးအတွက် လိုင်လိုင်ကြီး သုံးစွဲနိုင်ပြီးတော့ တခြားဒေသတွေမှာတော့ အင်္ဂလိပ်ခေတ်တုန်းကလို နစ်နာမှာစိုးရိမ်ရပါတယ်။ ပြည်ထောင်စုကြီးဟာလည်း ကြာရင်ဝါးအစီးပြေသလို ပြိုကွဲယိုင်လဲသွားမှာလည်း စိုးရိမ်မိပါတယ်။ အဲဒါကြောင့် ဗမာပြည်မကို ပြည်နယ်ဖွဲ့စည်းခွင့်မပေးခဲ့တာဟာ အလွန်မှန် ကန်တယ်။ သဘာဝကျတယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— အမေရိကန်ပြည်ထောင်စုကို အစပျိုးခဲ့တဲ့ ကိုလိုနီပြည်နယ် (၁၃) ပြည်နယ်ဟာ ငါ့ဟာမှငါ့ဟာ၊ ငါ့ဒေသသာ အချုပ်အချယ်ဖြစ်ရမယ်၊ ငါ့ဒေသ လုပ်ချင်တိုင်း လွတ်လွတ်လပ်လပ်လုပ်ရမှကောင်းမယ်ဆိုတဲ့သဘောနှင့် အမေရိကန်ပြည်ထောင်စုကြီးကို စထူထောင်ခဲ့ပါတယ်။ ဒါပေမယ့် အခုအခါ အမေရိကန်ပြည်ထောင်စုနိုင်ငံမှာ အခြေအနေအရ အမေရိကန်သမတကြီးကို သက်တမ်း (၄) နှစ်အတွင်းမှာ အမေရိကန်ပြည်ထောင်စုရဲ့အာဏာရှင် ဆန်ဆန်ဖြစ်အောင် အပြောင်းအလဲ ဖြစ်လာပါတယ်။

တနည်းအားဖြင့် ပြည်နယ်တွေဟာ ပြယုဂ်သဘောဘဲရှိတော့တယ်။ အမေရိကန်သမတထံမှာသာ အာဏာအများဆုံးထားတာ တွေ့ရပါတယ်။ တနည်းအားဖြင့် ရှော့ရီးရှော့ရဲပြည်ထောင်စုစနစ်ဘဝမှ လက်တွေ့မှာ ဗဟိုကတင်းတင်းကြပ်ကြပ်ချုပ်ကိုင်နိုင်တဲ့ တပြည်ထောင်စနစ်ဆန်ဆန်ဖြစ်လာတာ တွေ့ရပါတယ်။ ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံအသီးသီးက သိသိသာသာကြီး ယခုအခါ ပြောင်းလဲနေပါတယ်။ ခေတ်ကို ကျွန်တော်တို့ဆန့်ကျင်ပြီး ခေတ်ကို နောက်ပြန်မဆွဲသင့်တော့ပါဘူး။

ညီတော်နောင်တော်များခင်ဗျား— ပြည်ထောင်စုဗမာနိုင်ငံကို ဖြိတိသျှဓနသဟာယလိုဖြစ်အောင်လည်း ကျွန်တော်တို့စိတ်မကူးထိုက်ပါဘူး။ ဖြိတိသျှဓနသဟာယနိုင်ငံတွေဟာ ပထမမှာ ကိုလိုနီ၊ ပြီးတော့ ဒိုင်အာခီ၊ ပြီးတော့ ဒိုမီနီယံ၊ ပြီးတော့ ကိုယ့်မင်းကိုယ့်ချင်း လုံးဝလွတ်လပ်တဲ့နိုင်ငံတွေအနေနှင့် တစတစအစီးပြေကုန်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဗမာနိုင်ငံဟာလည်း ဖြိတိသျှဓနသဟာယ နိုင်ငံနှင့်မတူပါဘူး။ ဖြိတိသျှဓနသဟာယဆိုတာဟာ နယ်ချဲ့ပြီးထူထောင်ခဲ့တဲ့ နိုင်ငံတွေကို စုစည်းထားတာဖြစ်ပါတယ်။ အချင်းချင်းလည်း လူစိမ်းတရံစာတွေလို ဆက်ဆံကြပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဗမာနိုင်ငံကတော့ သွေးချင်းသားချင်းတွေ စိတ်တူသဘောတူနှင့် သဘာဝအလျောက် ဖြစ်ပေါ်လာတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို နိုင်ငံတခုအနေနှင့် တည်မြဲအောင် အင်အားတနေ့တခြားပိုမိုတောင့်တင်းအောင်သာ ကျွန်တော်တို့ရှေ့ရှုသင့်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— အမေရိကန်နိုင်ငံနှင့် ကျွန်တော်တို့နိုင်ငံမတူတဲ့အချက်တချက်ကို ကျွန်တော်ထပ်ပြီးတင်ပြလိုပါတယ်။ အမေရိကန်ပြည်ထောင်စုကို ကြည့်ရင် အဲဒီပြည်ထောင်စုထဲမှာ ရှိတဲ့ပြည်နယ်တွေဟာ များသောအားဖြင့် နယ်မြေဧရိယာအကျယ်အဝန်းအရ မတိမ်းမယိမ်းဖြစ်တာတွေကို တွေ့

ရပါလိမ့်မယ်။ ပြည်ထောင်စုဗမာနိုင်ငံကျတော့ ဒီလိုမဟုတ်ပါဘူး။ ပြည်နယ်တခုနှင့်တခုဟာ နယ်မြေဧရိယာကျယ်ဝန်းခြင်းရော၊ လူဦးရေခြင်းရောအင်မတန် ကွာခြားပါတယ်။ ကြီးတဲ့ ပြည်နယ်ကသိပ်ကြီးပြီး၊ သေးငယ်တဲ့ပြည်နယ်က အလွန်မှ သေးငယ်ပါတယ်။

အဲဒါဟာဘာကြောင့်ဖြစ်ရသလဲဆိုရင် ပြည်ထောင်စုဗမာနိုင်ငံရဲ့ ပြည်နယ်ဖွဲ့စည်းပုံဖွဲ့စည်းနည်းဟာ အမေရိကန်လိုဒေသအလိုက်မဟုတ်ဘဲ လူမျိုးစုအလိုက်ဖွဲ့စည်းခဲ့တာကြောင့် ဖြစ်ပါတယ်။ အဲဒီလို နယ်မြေဒေသအလျောက် နယ်မြေဒေသ အကျယ်အဝန်းခြင်းလည်းကွာခြား၊ လူဦးရေခြင်းလည်း ကွာခြားတာကြောင့် လူမျိုးစုလွှတ်တော်ဖွဲ့စည်းဖို့ အခြေခံဥပဒေရေးဆွဲခဲ့တဲ့အခါမှာ ပြည်နယ်တိုင်းကို အမတ်ဦးရေ ညီတူညီမျှမပေးနိုင်ခဲ့ပါဘူး။ အဲဒီအချက်ကို တိုင်းပြည်ပြုလွှတ်တော်မှာ ပါဝင်ဆောင်ရွက်ခဲ့ဘူးတဲ့ ညီတော်နောင်တော်တိုင်း အသိဖြစ်ပါတယ်။ ဒါပေမယ့် လူဦးရေအရ ရသင့်ရထိုက်တာထက် ပြည်နယ်တွေအတွက် လူမျိုးစုလွှတ်တော်အမတ်ဦးရေကို ပိုမိုပြီး သတ်မှတ်ပေးခဲ့ပါတယ်။ ထူးခြားတဲ့ ကျွန်တော်တို့ အခြေအနေအရ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်အားလုံးကရွေးကောက်တင်မြှောက်တဲ့အမတ်ဦးရေဟာ ပြည်မကရွေးကောက်တင်မြှောက်တဲ့အမတ်ဦးရေထက် ပိုနေတာတွေ့ရပါတယ်။ ခုချိန်မှာလည်း ပိုနေတာ တွေ့နိုင်ပါတယ်။

ပြည်သူ့လွှတ်တော်အတွက် ကမ္ဘာ့အစဉ်အလာအရဆိုရင် လူဦးရေအချိုးအစားအလိုက် အမတ်ဦးရေကိုအတိအကျ ကျွန်တော်တို့သတ်မှတ်ပေးလေ့ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ပြည်ထောင်စုဗမာနိုင်ငံမှာတော့ ဒီအစဉ်အလာအတိုင်းအတိအကျမလုပ်ခဲ့ပါဘူး။ ပြည်နယ်တွေကို အခွင့်အရေးပိုပေးလိုတဲ့သဘောနှင့် ပြည်နယ်တွေက ပြည်သူ့လွှတ်တော်မှာ သာမန်ရသင့်ရထိုက်တဲ့ အမတ်ဦးရေထက် ပိုရအောင်တမင်ပိုမိုပြီး သတ်မှတ်ပေးခဲ့တာ အထင်အရှားဖြစ်ပါတယ်။ ဒီထူးခြားချက်တွေဟာလည်း အခြားပြည်ထောင်စုနိုင်ငံတွေနှင့် မတူပါဘူး။ ထူးခြားတဲ့ ပြည်ထောင်စုဗမာနိုင်ငံရဲ့ အခြေအနေအရ ပြည်နယ်တွေအခွင့်အရေးကို ပိုရအောင်စီစဉ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— နောက်ဆုံးထူးခြားတဲ့အချက်တချက်ကတော့ ပြည်ထောင်စုဗမာနိုင်ငံရဲ့ ဗဟိုအစိုးရအဖွဲ့မှာ အခြေခံဥပဒေက ပြည်နယ်တွေကို ကိုယ်စားပြုတဲ့ ဝန်ကြီးတွေပါဝင်ခွင့်ပေးထားပါတယ်။ ကမ္ဘာ့ပြည်ထောင်စုနိုင်ငံများရဲ့ အခြေအနေ အခြေခံဥပဒေတွေကို ကျွန်တော်တို့လေ့လာကြည့်တဲ့အခါမှာ ဘယ်ပြည်ထောင်စုမှာမှ ပြည်နယ်တွေကို ဒီလိုအခွင့်အရေးမပေးခဲ့ပါဘူး။

ပြည်ထောင်စုဗမာနိုင်ငံမှာသာ ထူးခြားတဲ့အခြေအနေအရ ဗဟိုအစိုးရအဖွဲ့မှာ အဖွဲ့ထဲမှာ ပြည်နယ်ကိုယ်စားလှယ်တွေကို ပါဝင်စေတဲ့အခွင့်အရေးမျိုး ပေးထားတာရှိပါတယ်။ လက်ရှိအခြေခံဥပဒေအရ ပြည်နယ်ဥက္ကဋ္ဌတို့ဟာ အလိုအလျောက်သက်ဆိုင်ရာ ပြည်နယ်အတွက်သာ တာဝန်ခံရတဲ့ဝန်ကြီးဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးလည်းဖြစ်ရပါမယ်။

ကျွန်တော်တို့ရဲ့ထူးခြားတဲ့ အခြေအနေအရ ဒီလိုထူးခြားတဲ့အစီအစဉ်တွေ လုပ်တာဟာ ကျွန်တော်တို့ကြိုက်ပါတယ်။ အဲဒီအစီအစဉ်ကို မပြင်ထိုက်ဘူးလို့လည်း ကျွန်တော်တို့ယုံကြည်ပါတယ်။ အချို့က ဒီအစီအစဉ်တွေဟာ မမှန်ဘူး လက်တွေ့မှာအခက်အခဲ ရှိတယ်။ ပြီးတော့ ကက်ဘိနက်အစိုးရအဖွဲ့တခုအနေနှင့် ရှိသင့်ရှိထိုက်တဲ့ စုပေါင်းတာဝန်ယူမှုကိုလည်း ဖျက်ရာရောက်တယ်လို့ ယူဆကြပါတယ်။ အဲဒီလို ယူဆပြီးပြည်နယ်ဥက္ကဋ္ဌများကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင်မှာ မပါဝင်စေချင်ကြပါဘူး။

ညီတော်နောင်တော်များခင်ဗျား— အခြေခံဥပဒေကို ရေးဆွဲခဲ့စဉ်အခါက ကက်ဘိနက်အစိုးရအဖွဲ့တခုအတွက် အရေးကြီးတဲ့အချက်တချက်ဟာ စုပေါင်းတာဝန်ယူမှုဖြစ်တယ်ဆိုတာ ကျွန်တော်တို့သိခဲ့ပါတယ်။ ပြည်နယ်ဥက္ကဋ္ဌဖြစ်တဲ့ လူဟာ ပြည်ထောင်စုဗဟိုအစိုးရကို ဖွဲ့စည်းခွင့်ရတဲ့ပါတီနှင့် ပါတီတူခြင်းဖြစ်ချင်မှဖြစ်မယ်ဆိုတာကိုလည်း ကျွန်တော်သိခဲ့ပါတယ်။ ဒါပေမယ့် ပြည်နယ်တွေကို ပြည်ထောင်စုဗဟိုအစိုးရရဲ့ တာဝန်နှင့်ဝတ္တရား၊ ထို့အပြင် အခွင့်အရေးပါပေးချင်ရင် ပြီးတော့ ရင်းရင်းနှီးနှီးလည်းဖြစ်စေချင်ရင် ဒီနည်းကလွဲပြီး အခြားနည်းမရှိဘူးလို့ ကျွန်တော်တို့ ရိုးရိုးသားသားယုံကြည်ပါတယ်။

ဒီမိုကရေစီစနစ်ကြောင့် အလိုအလျောက်ကွဲပြားနေတဲ့ပြည်နယ် နိုင်ငံရေးအဖွဲ့အစည်းများကို ပြည်မပါတီများကို ဆက်ဆံသလိုမဆက်ဆံသင့်ပါဘူး။ ကမ္ဘာ့ပါလီမန်ဒီမိုကရေစီများရဲ့ စုပေါင်းတာဝန်ယူမှုကို တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်လိုက်နာဖို့ ကျွန်တော်တို့အတွက် မဖြစ်နိုင်သေးပါဘူး။ မိသားစုစိတ်ဓါတ်နှင့် ပြည်နယ်များကို လိုက်လျောသင့်ပါတယ်။ စုပေါင်းတာဝန်ယူမှုကို နာချင်နာပါစေ၊ အနာခံပြီးလိုက်လျောသင့်ပါတယ်။

ဒီနေရာမှာ အခြေခံဥပဒေကို မပြင်ဘဲ (Convention) နည်းအားဖြင့် သဘောတူထုံးတမ်းတခုကို ကျွန်တော်တို့တီထွင်ပြီး လုပ်ရင်လည်းကျွန်တော်တို့ ဖြစ်နိုင်ပါတယ်။ ဥပမာ— ပါတီခြင်းမတူတဲ့ ပြည်နယ်ဝန်ကြီးတွေကို အချို့ကိစ္စမှာ မိမိသဘောဆန္ဒအလျောက် စည်းဝေးပွဲကဖယ်ပေးတဲ့နည်းဖြစ်စေ၊ နိုင်ငံတော်ဝန်ကြီး

ချုပ်က ကြိုတင်မေတ္တာရပ်ခံပြီး ရှောင်ခိုင်းတဲ့နည်းဖြစ်စေ လုပ်စမ်းကြည့်ဖို့ကောင်းပါတယ်။

အစိုးရရဲ့ အဓိကလျှို့ဝှက်ချက်များဟာ ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအပြောင်းအလဲနှင့် နိုင်ငံခြားနှင့်ဆက်ဆံတဲ့ အရေးတွေသာဖြစ်ပါတယ်။ ဒီကိစ္စမျိုးမှာ သိက္ခာသမာဓိရှိသူတိုင်း နှုတ်လုံကြမှာအမှန်ပါဘဲ။ ဝန်ကြီးစေတနာရှိသူတိုင်း နှုတ်လုံကြရမယ့်တာဝန်၊ တိုင်းပြည်ကိုသစ္စာရှိရမယ့် တာဝန်များကို သိရှိမယ်ဆိုတာကို ကျွန်တော်တို့အနေနှင့် ယုံကြည်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ကတော့ ဒီကိစ္စမှာသိပ်မစိုးရိမ်ပါဘူး။ ကျွန်တော်ပြောခဲ့တဲ့ သဘောတူထုံးတမ်းကိုသာ စမ်းကြည့်စေလိုပါတယ်။ ပြည်နယ်ဥက္ကဋ္ဌများကို ပြည်နယ်ကောင်စီက လွတ်လွတ်လပ်လပ်ရွေးချယ်ပေးတာကို နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဝန်ကြီးအဖြစ်နှင့်လက်ခံသင့်တယ်လို့ ကျွန်တော်တို့ ရိုးရိုးသားသားယုံကြည်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ပြည်နယ်တနယ်မှာ အုပ်ချုပ်ရေးမနိုင်မနင်း ကမောက်ကမဖြစ်နေတယ်လို့ ဗဟိုအစိုးရကယုံကြည်ပါက ပြည်နယ်များဆိုင်ရာ အထက်လွှတ်တော်ကလည်း သဘောတူမယ်ဆိုရင် သမတကပြည်နယ်တနယ်ရဲ့ အုပ်ချုပ်ရေးကို မိမိရဲ့လက်အောက်သို့ တိုက်ရိုက်သိမ်းသွင်းထားရှိနိုင်တယ်။

ပြည်နယ်များကိုပေးထားတဲ့ ဘယ်ဘာသာရပ်အတွက်မဆို ဥပဒေကိုလည်း ပြုနိုင်တယ်လို့ အိန္ဒိယအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီ အခြေခံဥပဒေပြဋ္ဌာန်းချက်အရ (ကယ်ရီဒါ) ဆိုတဲ့ ပြည်နယ်အာဏာကို အိန္ဒိယဗဟိုအစိုးရက ဝင်သိမ်းခဲ့ဘူးပါတယ်။ အိန္ဒိယပြည်မှာ ကျင့်သုံးခဲ့တဲ့ ဒီနည်းခပ်ဆန်ဆန်ဖြစ်တဲ့ အခြေခံဥပဒေပြင်ဆင်ချက်ကို အချို့ဗမာပြည်မှာလည်း လုပ်ချင်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

ဒီ ဥပဒေမျိုးကို ကျွန်တော်တို့ပြည်ထောင်စုဗမာနိုင်ငံမှာ မလုပ်သင့်ပါဘူး။ အကျိုးဖြစ်မှာထက် အကျိုးယုတ်ဖို့ပိုများပါလိမ့်မယ်။ ကျွန်တော်တို့အချင်းချင်းလည်း သံသယပိုဖြစ်လာပြီးတော့ စိတ်ဝမ်းပိုကွဲသွားမှာ ကျွန်တော်အင်မတန်မှ စိုးရိမ်မိပါတယ်။ ပြည်ထောင်စုဗဟိုအစိုးရက ပြည်နယ်အစိုးရများကို အမြဲခြိမ်းခြောက်နိုင်သလို ဖြစ်သွားတာမကောင်းပါဘူး။ မိသားစုစိတ်ဓါတ်ကို ထိခိုက်မှာ ကျွန်တော်အလွန်ဘဲကြောက်ပါတယ်။ အဲဒါကြောင့် လက်ရှိအခြေခံဥပဒေပုဒ်မ (၉၄) ကိုဘဲ လက်ရှိ အတိုင်းဆက်ထားဖို့ ကျွန်တော်တို့အနေနှင့် လိုလားပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ကျွန်တော်တို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ရယ်လို့ လွှတ်တော် (၂) ရပ်စနစ်ကို ကျွန်တော်တို့ လက်ခံထားပါတယ်။ အဲဒီ လွှတ်တော် (၂) ရပ်ကို အာဏာပေးပုံပေးနည်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ကို ခန့်ထားတဲ့ကိစ္စ၊ ငွေရေးကြေးရေးနှင့် ပတ်သက်တဲ့ သက်ဆိုင်တဲ့အဆိုများကို ပြုနိုင်တဲ့ကိစ္စ၊ အဲဒီ ကိစ္စ (၂) ရပ်ကလွဲရင် လွှတ်တော် (၂) ရပ်ရဲ့ ကျန်အာဏာအားလုံးဟာ အတူတူဘဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ လွှတ်တော် (၂) ရပ်စနစ်ကို လက်ခံထားတဲ့နိုင်ငံတွေကို ကျွန်တော်တို့လေ့လာကြည့်တဲ့အခါမှာ လွှတ်တော် (၂) ရပ်အနက် တပြည်လုံးမဲဆန္ဒရှင်အားလုံးကို လူဦးရေအလိုက် အညီအမျှကိုယ်စားပြုတဲ့ ပြည်သူ့လွှတ်တော်ကိုသာ ဒီအာဏာများအပ်နှင်းထားတာ တွေ့နိုင်ပါတယ်။ အဲဒီမူဟာ ကမ္ဘာကလက်ခံထားတဲ့ ပါလီမန်ဒီမိုကရေစီမူ ဖြစ်ပါတယ်။ ဘဏ္ဍာရေးအာဏာများကို အများပြည်သူလူထုအားလုံးက တင်မြှောက်တဲ့ လွှတ်တော်ကသာ လွှတ်တော်ကိုသာ လွှဲအပ်ထားတာဟာ မူအမှန်ဆုံးဖြစ်ပါတယ်။

ပါလီမန်ကို တာဝန်ခံတဲ့အစိုးရအဖွဲ့မျိုး ရှိတဲ့တိုင်းပြည်တိုင်းမှာ ဒီနည်းကလွဲပြီး အခြားလိုက်နာကျင့်သုံးရန် နည်းမရှိပါဘူး။ ဝန်ကြီးချုပ်ကို ပြည်သူ့လွှတ်တော်ကသာခန့်ရပေမယ့် အခြားနိုင်ငံများလို ကျွန်တော်တို့ပြည်နယ်တွေက အခွင့်အရေးမဆုံးပါဘူး။ ပြည်နယ်ဝန်ကြီးများဟာလည်း အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့မှာ အလိုအလျောက်ပါဝင်ခွင့်ပေးထားတာ ရှိပါတယ်။ အခြား ပြည်ထောင်စုနိုင်ငံများမှာ ပြည်နယ်များကို ဒီအခွင့်အရေးမျိုးပေးမထားပါဘူး ဆိုတာကိုလည်း ညီတော်နောင်တော်များတို့ အသိဘဲ ဖြစ်ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— နိဂုံးမချုပ်မီ အချက်အလက်အနည်းငယ်ကို ဆက်ပြီးတင်ပြလိုပါတယ်။ ကျွန်တော်တို့ရဲ့လက်ရှိ ပြည်ထောင်စုမူဟာ မှန်ကန်သလားဆိုတဲ့ မေးခွန်းကို ကျွန်တော်ဖြေချင်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဗမာနိုင်ငံတော် အခြေခံဥပဒေကိုအတည်ပြုခဲ့တဲ့ ၁၉၄၈ ခု ဇန်နဝါရီလ (၄) ရက်နေ့အထိ အင်္ဂလိပ်ဘုရင်ခံဟာ အထင်အရှားတည်ရှိခဲ့ပါသေးတယ်။ ကျွန်တော်တို့ အခုလိုပြည်ထောင်စုခေတ် စုစည်းတဲ့ခေတ် ရတဲ့နေရာမှာ ခြိမ်းခြောက်မှု၊ အဓမ္မမှု လုံးဝမပါခဲ့ပါဘူး။ အားလုံးသဘောတူဖွဲ့စည်းခဲ့တာဟာ ဘယ်သူမှမငြင်းနိုင်ပါဘူး။ ပြည်ထောင်စုထုံးတမ်းစဉ်လာတွေနှင့်အညီ—

(၁) ပြည်ထောင်စုက တာဝန်ယူရမယ့် လုပ်ငန်းဘာသာရပ်များနှင့်

(၂) ပြည်နယ်များနှင့်သက်ဆိုင်တဲ့ လုပ်ငန်းဘာသာရပ်များကို အခြေခံဥပဒေမှာ ခွဲခြားသတ်မှတ်ထားပါတယ်။

သည့်အပြင် ပြည်ထောင်စုနှင့် ပြည်နယ်တွေဟာ ဥပဒေအရပေးထားတဲ့ အာဏာများနှင့် ပတ်သက်ပြီး အငြင်းပွားမှုရှိလာရင် အခြေခံဥပဒေနှင့်အညီ အဓိပ္ပါယ်ရှင်းလင်းပေးမယ့် တရားလွှတ်တော်ချုပ်ကိုလည်း ဖွဲ့စည်းထားပါတယ်။ အဲဒီ အင်္ဂါရပ်တွေဟာ ပြည်ထောင်စုစစ်စစ်ရဲ့ အဓိကအင်္ဂါရပ်တွေဘဲ ဖြစ်ပါတယ်။

တကမ္ဘာလုံးမှာရှိတဲ့ အခြေခံဥပဒေပါရဂူအားလုံးက သတ်မှတ်ထားတဲ့ အဲဒီ အင်္ဂါရပ် (၅) ရပ်စလုံးနှင့် ကိုက်ညီတာကြောင့် ကျွန်တော်တို့ ပြည်ထောင်စုဗမာ နိုင်ငံရဲ့ ပြည်ထောင်စုစနစ်ဟာ စစ်စစ်ဖြစ်တယ်ဆိုတာ ကျွန်တော်အတိအလင်း ပြောလိုပါတယ်။ ကြွင်းကျန်အာဏာများကို ပြည်ထောင်စုမှာထားသင့်သလား၊ ဒါမှမဟုတ် ပြည်နယ်တွေမှာထားသင့်သလားဆိုတာဟာ ပြည်ထောင်စုတခုနှင့် တခု မတူကြပါဘူး။ သက်ဆိုင်ရာပြည်ထောင်စုက မိမိရဲ့အခြေအနေအရ ထားချင် ရာမှာ ထားနိုင်ပါတယ်။ အဲဒါဟာ ကမ္ဘာကျော်နိုင်ငံရေးပါရဂူ၊ ဥပဒေရေးပါရဂူ အားလုံးရဲ့ တူညီတဲ့အမြင်ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးကို အင်အားတောင့်တင်းစေချင်ရင်၊ ပြီးတော့ ပြည်ထောင် စုတည်ထောင်မှုကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်စေ ချင်ရင် အဲဒီအာဏာကို ပြည်ထောင်စုအစိုးရထံမှာ ထားရပါမယ်။ ပြည်ထောင်စု ကြီးကို ရော့ရော့ရဲရဲဖြစ်စေချင်ရင် အဲဒီအာဏာကို ပြည်နယ်တွေမှာ ထားရပါ မယ်။ ကြိုက်ရာကို မိမိတို့တိုင်းပြည်အခြေအနေအရ လုပ်နိုင်ပါတယ်။

အဲဒါကြောင့် ပြည်ထောင်စုမှုကို မပျက်နိုင်ပါဘူး။ ကြွင်းကျန်အာဏာများကို ဗဟိုအစိုးရ၊ ပြည်ထောင်စုဗဟိုအစိုးရမှာ ထားရင်လည်း ပြည်ထောင်စုစစ်ပါတယ်။ ကြွင်းကျန်အာဏာများကို ထားချင်ရာမှာ ထားနိုင်ပါတယ်။ ကြွင်းကျန်အာဏာ များကို ဗဟိုအစိုးရ၊ ဗဟိုပြည်ထောင်စုအစိုးရမှာ ထားမိတာကြောင့် ပြည်ထောင် စုအင်္ဂါချို့ယွင်းသွားပြီ ဆိုတာမျိုး ကျွန်တော်တို့မကြားဘူးပါဘူး။ အခုမှ အထူး အဆန်းကြားနေရပါတယ်။ ကျွန်တော့်သဘောကတော့ ရော့ရော့ရဲရဲ ချိချိနဲ့နဲ့ ပြည်ထောင်စုဗမာနိုင်ငံမျိုး မဖြစ်စေလိုပါဘူး။ တောင့်တင်းခိုင်မာတဲ့ ဗမာနိုင်ငံမျိုး ကိုသာ မြင်လိုပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ပြည်ထောင်စုမှခွဲထွက်နိုင်တဲ့ အခွင့် အရေးအကြောင်းကိုလည်း ကျွန်တော်အနည်းငယ်ပြောလိုပါတယ်။ အဲဒီ အခွင့် အရေးကို အမေရိကန်ပြည်ထောင်စုကြီးတည်ဆောက်စက လက်ခံခဲ့ပေမယ့် အခု

အခါ ခေတ်မမှီတော့ပါဘူး။ အဲဒီ မူမမှန်တဲ့သဘောတရားကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀) ကျော်ကတည်းက အမေရိကန်သမတကြီး အီဘရာဟင်လင်ကွန်း ဟာ ခွဲထွက်ရေးဝါဒကို တိုက်ဖျက်သူဖြစ်ပါတယ်။ စစ်အကြီးအကျယ်တိုက်ပြီး တိုက်ဖျက်ခဲ့ရပါတယ်။ အဲဒီလို မူမမှန်တဲ့ ခွဲထွက်ရေးဝါဒကို တိုက်ဖျက်ခဲ့တာကြောင့် အီဘရာဟင်လင်ကွန်းဟာ ရာဇဝင်ကျော်ပုဂ္ဂိုလ်ကြီးအဖြစ် ကမ္ဘာကအသိအမှတ်ပြုခြင်း ခံနေရပါတယ်။

ကျွန်တော်ခုလိုတင်ပြနေရခြင်းဟာ အခြေခံဥပဒေရေးဆွဲစဉ်က အတည်ပြုခဲ့တဲ့မူတခုကို ဖျက်ပစ်ရမယ်လို့ တောင်းဆိုနေခြင်း မဟုတ်ပါဘူး။ ပြည်တည်ခါစက ပေးပြီးသား အခွင့်အရေးတွေကို မူအားဖြင့် ဘယ်အခွင့်အရေးကိုမှ မရုပ်သိမ်းထိုက်ဘူးလို့ ကျွန်တော့်အနေနှင့် ယုံကြည်ပါတယ်။ အလျဉ်းသင့်လို့သာ ကျွန်တော်ထည့်ပြောနေတာကို အထင်အမြင်မမှားစေလိုပါဘူး။

ညီတော်နောင်တော်များခင်ဗျား— ကျွန်တော်တို့ဟာ မိသားစုများအနေနှင့် ပြည်လည်လက်တွဲပြီး လုပ်ကိုင်ခွင့်ရခဲ့တာဟာ (၁၄) နှစ်ခန့် ရှိခဲ့ပါတယ်။ အဲဒီလို ပေါင်းသင်းလုပ်ကိုင်ခဲ့တဲ့နေရာမှာ အထင်အမြင် အယူအဆမှားမှုတွေကို ကျွန်တော်တင်ပြခဲ့တဲ့အတိုင်းဘဲ ကျွန်တော်တို့တတွေဟာ မိသားစုနည်းနှင့်သာ ဖြေရှင်းရင် မပြေလည်နိုင်တဲ့ပြဿနာဆိုလို့ ရှိမယ်လို့ ကျွန်တော်မထင်ပါဘူး။ အလုပ်လုပ်ကြတဲ့အခါမှာ အမှားတွေလည်းရှိနိုင်ပါတယ်။ အချင်းချင်းဆက်ဆံပုံ ဆက်ဆံနည်းတွေ မမှန်ကန်တာ ညံ့ဖျင်းတာ မယဉ်ပါးတာ မလိမ်မာတာတွေလည်း ရှိသလောက်ရှိမှာပါဘဲ။

ဒါပေမယ့် အဲဒီလို လိမ်မာရေးခြားမရှိတဲ့ တိုင်းရင်းသားညီအရင်းအကိုလို မဆက်ဆံတတ်တဲ့ ငါးခုံးမတွေကြောင့် ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ မမှောက်သင့်ပါဘူး။ ကျွန်တော်တို့တတွေ မိသားစုစိတ်ဓါတ်တွေနှင့် နည်းလမ်းရှာဖွေပြီး ခြေမ မကောင်း ခြေမ ဆိုသလို မကောင်းသူတွေကို သွန်သင်သင့်တာ သွန်သင်၊ ဆုံးမသင့်တာ ဆုံးမ၊ အရေးယူသင့်တာ အရေးယူသွားရင် ပြည်ထောင်စုအတွင်းမှာ အထင်အမြင်လွဲမှားမှုတွေဟာလည်း ပပျောက်သွားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ပြီးတော့ ဖေးတသက်သက်၊ နီးတကျက်ကျက် ဆိုသလို တအူတုံဆင်း တပြည်ထောင်အတွင်းမှာလဲဘဲ ဖြစ်တတ်ပါတယ်။ တကျက်ကျက်ဖြစ်တာကြောင့် ကျွန်တော်အစမှာတော့ စိတ်ထိခိုက် စိတ်ဆင်းရဲမိပါတယ်။ ဒါပေမယ့်အဲဒီလို ဖြစ်ရတာဟာ လူသားတို့ရဲ့ ဓမ္မတာမို့ မိသားစုအချင်းချင်း တယောက်နှင့်တယောက်

သည်းခံပြီးတော့ ကြင်ကြင်နာနာနှင့် ထွက်ပေါ်လာတဲ့ တကျက်ကျက်ပြဿနာတွေကို ဖြေရှင်းကြရင် မပြေလည်စရာအကြောင်း မရှိဘူးလို့ကျွန်တော်ယုံကြည်ခဲ့ပါတယ်။

ညီတော်နောင်တော်များခင်ဗျား— ကျွန်တော်တို့ပြည်နယ်ခပ်များများဟာ မတိုးတက်၊ မဖွံ့ဖြိုးဘဲ အောက်တန်းနောက်တန်းကျနေသလို၊ ဗမာပြည်မ အချို့နေရာတွေမှာလည်း အလွန်အောက်တန်းနောက်တန်းကျနေပါသေးတယ်။ အဲဒီအောက်တန်းနောက်တန်းကျပြီး မဖွံ့ဖြိုးသေးတဲ့ နေရာဒေသအားလုံးကို ကျန်ဒေသအားလုံးနှင့် ညီတူတိုးတက်လာအောင် ကျွန်တော်တို့အသေအလဲ အဆင်းရဲခံပြီး ကြိုးစားကြဖို့ လိုပါသေးတယ်။

ကျွန်တော်တို့ လက်တွဲပြီးကြိုးစားကြရင် မအောင်မြင်နိုင်စရာအကြောင်းဘာမှမရှိပါဘူး။ အခုအခါ ပြဿနာတွေအလွန်များနေပေမယ့် ကျွန်တော်တို့တသွေးဟာ သွေးရင်းသားချင်းညီတော်နောင်တော်များအနေဖြင့် ရင်းရင်းနှီးနှီးချစ်ချစ်ကြည်ကြည် စည်းစည်းရုံးရုံးနှင့်သာ ဖြေရှင်းကြဖို့လိုပါတယ်။

ဒါပေမယ့် ထင်မြင်လွဲမှားမှု လွဲမှားနေတဲ့ ပြဿနာများကိုဖြေရှင်းတဲ့အခါမှာ ပြည်ထောင်စုဗမာနိုင်ငံတော်ကြီးကို အင်အားချိနဲ့သွားအောင် မပြုမိစေဖို့ တပြည်ထောင်စုလုံးအင်အားတောင့်တင်းရေး၊ တပြည်ထောင်စုလုံးရဲ့ စီးပွားပိုမိုတောင့်တင်းရေး၊ ပြည်ထောင်စုသူပြည်ထောင်စုသားအားလုံးအတွက် တရားမျှတရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးနှင့် လွတ်လပ်သောပြည်ထောင်စုဗမာနိုင်ငံကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးကို ရှေ့ရှုပြီးတော့ ဆောင်ရွက်ကြဖို့လိုတယ်ဆိုတဲ့ဟာကိုဘဲ ကျွန်တော်လေးလေးနက်နက် တင်ပြရင်းနိဂုံးချုပ်ပါတယ်။

* * * * * * * * * *